The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 5 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 29, 2018

# မွေးမြူရေး တောင်သူများအတွက် ကျွဲ၊ နွား တရားဝင်တင်ပို့မှုမှ အခွင့်အလမ်းကောင်းများရရှိ

စာမျက်နှာ - ၈ ➤



## အထောက်အထားအတုများဖြင့် တစ်ဦးချင်းမော်တော်ယာဉ် တင်သွင်းခွင့်ပါမစ် လျှောက်ထားသောကုမ္ပဏီနှင့် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ တရားစွဲအရေးယူမည်

စာမျက်နှာ - ၂၂ ➤

## ကြက်သွန်နီကို ပစ်ပယ်ထားသလား

စာမျက်နှာ - ၁၂ ➤



## မြန်မာနိုင်ငံသားနှင့် ပေါင်းစည်းဆောင်ရွက်သော နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအား အဆင့်မြင့်ကုန်ချောပစ္စည်းအုပ်စု ၂၂ မျိုးကို ပြည်ပသို့ တင်ပို့ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၁၇ ➤

## ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့် ပြုလုပ်သော အနုပညာ ပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများ တင်ပို့/တင်သွင်းခွင့်ပြု

စာမျက်နှာ - ၁၇ ➤



MEBS GLOBAL

# Trusted Solutions in Challenging Environments






LAST MILE CARGO DELIVERY

OPERATIONS IN ALL REGIONS OF MYANMAR

INTERNATIONAL FREIGHT FORWARDING

WAREHOUSING

**Office Phone:** +95-1-542-357

**Mobile:** +95-9-421-092-169,+95-9-429114332

**Email:** myanmar@mebs-global.com

**Website:** www.mebs-global.com

**Address:** Block C, Room No. $F_1$-09, 2nd Floor,
Pearl Condominium, Kabar Aye Pagoda Road,
Bahan Township, Yangon.

KYAW NYO MYAT TRADING ISO 9001-2015 QS 4997

# KYAW NYO MYAT TRADING CO., LTD.

## AUNG MYANMAR ELECTRICAL CENTRE

Head Office : No.48/B, 60th Road, 31st x 32nd Street, Chan Aye Tharzan Township, Mandalay.
Branch Office : Pa-199/200, Bawgathiri Car Stadium, Pyinmana Township, Nay Pyi Taw.
Mobile : (959) 91024309, 977902101, 977902102, 797253490, 977904531, 977902110, 963429791
Tel : (952) 4024283,4069634, 2844962, 2844634 Ext-No : 103, 104, 105, 106, 107, 117
Email : aungmyanmarpp@gmail.com Fax-No : 022844774




DONG WON · ThiPha Cable · XITAIYA · PLP · LS IS
ABB · SAFT · NKE · HAPAM · TRIDELTA · CEWE INSTRUMENT · EXZON
PRECISE · tyco · TANHO · TORCH · KYORITSU · HUMANUTECH
Kumwell · ISEMI · LEIPOLE · Talent · DELIXI · DTR Corporation

# Logistics Hub တည်ထောင်ရန် သဘောတူညီချက်မှတ်တမ်း လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက်




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် HUBS MK Co.,Ltd တို့ပူးပေါင်း၍ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးဗဟိုစခန်း (Logistics Hub) တည်ဆောက်ရေးစီမံကိန်းအတွက် သဘောတူညီချက်မှတ်တမ်း (Memorandum of Agreement - MOA) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃) တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် HUBS MK Co.,Ltd မှ Managing Director နှင့်CEO ဖြစ်သူ Mr. Kang Shangwon တို့က အသီးသီး အမှာစကားပြောကြားပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် HUBS MK Co.,Ltd ၏ Managing Director နှင့် CEO ဖြစ်သူ Mr. Kang Shangwon တို့က သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုး ခဲ့ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အမျိုးသားပို့ကုန်မဟာဗျူဟာကို ရေးဆွဲ၍ ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိသည်။ မြန်မာ့ပို့ကုန်များ အရည်အသွေးထိန်းသိမ်းနိုင်ရန်နှင့် ကုန်ကျစရိတ်လျှော့ချယှဉ်ပြိုင်နိုင်ရန် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော နိုင်ငံတကာအဆင့်မီ Logistics Hub များလိုအပ်လျက်ရှိရာ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ မြေ ၅၉ ဒသမ ၁၀၇ ဧကပေါ်တွင် ခေတ်မီနည်းပညာများ အသုံးပြုမည့် Logistics Hub ကို တည်ထောင်နိုင်ရေးအတွက် ကနဦးလေ့လာဆန်းစစ်မှုများ စတင်ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ ထွက်ရှိရာ အခြားလိုအပ်သော ဒေသများတွင်လည်း Logistics Hub များ ဆက်လက်တိုးချဲ့တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

သဘောတူညီချက်မှတ်တမ်း လက်မှတ်ရေးထိုးပွဲအခမ်းအနား မကျင်းပမီ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Mr.Kang Shangwon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၌ ကုန်စည်ထောက်ပံ့ပို့ဆောင်ရေးဗဟိုစခန်းများ တိုးချဲ့တည်ဆောက်၍ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်အခြေအနေကောင်းများ ဖန်တီးတည်ဆောက်သွားမည့် အစီအစဉ်များနှင့်ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

---

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးဖြစ်သူ H.E. Mr. Hong Liang ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီးဖြစ်သူ H.E. Mr. Hong Liang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၃ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပပြုလုပ်မည့် ပထမအကြိမ်တရုတ် နိုင်ငံတကာသွင်းကုန်ဆိုင်ရာကုန်စည်ပြပွဲ (1st China International Import Exposition) သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေး၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုး တိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

---

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Yunnan One Belt One Road Information Service Center မှ Secretary General ဖြစ်သူ Mr. Deng Yu-Bin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Yunnan One Belt One Road Information Service Center မှ Secretary General ဖြစ်သူ Mr. Deng Yu-Bin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီ ၂၂ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road– OBOR) အကောင်အထည်ဖော် တည်ဆောက်ရာတွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ခံထားရှိသွားရေး၊ OBOR အောက်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုး တက်စေရန် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်အဝင်နည်းတဲ့အတွက် ဈေးတက်



ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာရွှေဘိုပေါ်ဆန်းဆန်နဲ့ ဆန်ကြမ်းများ ပစ္စည်းအဝင်နည်းတဲ့အတွက် ဈေးတက်ကြောင်း ရန်ကုန်ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။ ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းထိပ်စတစ်အိတ်ကျပ် ၃၃၀၀၀နဲ့လတ်စတစ်အိတ်ကျပ်၃၂၀၀၀၊ပုသိမ်၊မြောင်းမြပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၄၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၃၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စ တစ်အိတ်ကျပ် ၃၀၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၂၈၅၀၀၊ ကျားပျံသစ်တစ်အိတ်ကျပ် ၃၂၀၀၀ မှ ကျပ် ၃၄၀၀၀ ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ရွှေဘိုပေါ်ဆန်းဆန်အဟောင်းကတော့ တစ်အိတ်ကိုကျပ် ၆၀၀၀၀ မှ ကျပ် ၆၆၀၀၀အထိရှိပြီး ပစ္စည်းအဝင်မရှိတဲ့အတွက် တစ်အိတ်ကိုကျပ်၆၀၀၀ ခန့်ဈေးတက်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ကုန်စည်ဒိုင်ကို ရွှေဘိုပေါ်ဆန်းအသစ် ထပ်မံဝင်ရောက်လာပြီး တစ်အိတ်ကိုကျပ် ၄၄၀၀၀ မှ ကျပ် ၄၅၀၀၀ ရှိကြောင်းသိရပါတယ်။ ပေါ်ဆန်းအသစ်က ပစ္စည်းအဝင်နည်းတဲ့အတွက် တစ်အိတ်ကိုကျပ် ၂၉၀၀၀ မှ ကျပ် ၃၂၀၀၀အထိရှိပြီး တစ်အိတ်ကိုကျပ် ၁၀၀၀မှ ၃၀၀၀အထိ ဈေးတက်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာဆန်ကြမ်းလည်း အဝင်နည်းတဲ့အတွက် ဈေးတက်နေကြောင်းသိရပါတယ်။ ဧည့်မထဆန်ထိပ်စတစ်အိတ်ကျပ် ၂၃၅၀၀နဲ့ လတ်စတစ်အိတ်ကျပ်၂၀၅၀၀၊ အကြမ်းအသစ်(ရှယ်)တစ်အိတ် ကျပ် ၂၀၅၀၀ မှ ကျပ် ၂၁၀၀၀၊ ရက် ၉၀ အသစ်တစ်အိတ်ကျပ် ၂၄၀၀၀ မှ ကျပ် ၂၆၀၀၀၊ ငစိန်အသစ်တစ်အိတ်ကျပ် ၁၈၀၀၀မှ ကျပ် ၁၈၅၀၀၊ ဧည့်မထ ၂၅ မှတ်တစ် အိတ်ကျပ် ၁၉၀၀၀မှ ကျပ် ၁၉၅၀၀ရှိပြီး တစ်အိတ်ကိုကျပ် ၅၀၀ မှ ကျပ် ၂၀၀၀ အထိ ဈေးတက်ကြောင်းသိရ ပါတယ်။

ယခုတစ်ပတ် ကုန်စည်ဒိုင်ကို ဆင်းသွယ်လတ်ပစ္စည်းအသစ်ဝင်ရောက်ပြီး တစ်အိတ်ကို ကျပ် ၂၄၀၀၀ မှ ကျပ် ၂၅၀၀၀ရှိကြောင်း ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။

ယခုတစ်ပတ် မူဆယ်ဆန်ဈေးကွက်သို့ ရက် ၉၀အသစ်ဈေးကွက်သို့ဝင်ရောက်လာပြီး တစ်အိတ်ကိုယွမ်၁၄၀မှ ၁၄၄ ယွမ်ရှိကြောင်းသိရပါတယ်။ ကျန်အမျိုးအစားများကတော့ ဈေးနှုန်းမပြောင်းလဲဘဲ ဈေးငြိမ်နေကြောင်းသိရပါတယ်။

ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၃၆ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၁၀မှတ် မော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀မှတ် စူပါတစ်အိတ် ၁၂၇ ယွမ်မှ ယွမ် ၁၂၀၊ သုခ ၁၅ မှတ်တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၂ ယွမ်၊ သုခ ၂၅မှတ် တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၈ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅မှတ် တစ်အိတ် ၁၁၈ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၇ယွမ် ရှိပြီး ဈေးအတက်အကျသိပ်မရှိဘဲ ဈေးငြိမ်နေပါတယ်။

မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဇန်နဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ၃၃၃၉၇တန်ရှိပါတယ်။ ယခုတစ်ပတ် ဆန်အဝင်လျော့သော်လည်း အရောင်းအဝယ်ပုံမှန်ရှိကြောင်း မူဆယ်မှ သတင်းရရှိပါတယ်။ ဇန်နဝါရီ ၂၆ရက် ငွေလဲနှုန်းအရတစ်ယွမ်ကို ၂၀၄ကျပ်ဈေးပေါက်ကြောင်းသတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

# သီတင်းတစ်ပတ်အတွင်း ဆန်တင်ပို့မှုလျော့ကျ

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၃၄၅ သန်းတန်ဖိုးရှိ ဆန် ၅၃၅၂၈တန်တင်ပို့ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၈၆ တန်ကျော်နဲ့ ဧည့်မထဆန် ၃၈၂၆၅ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန် ချိန် ၂၀၀နဲ့ ငစိန်ဆန် ၂၁၈တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၂၈၈၈ တန်ခန့် တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်တန်ချိန် ၅၀၀ နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၁၃၇၄ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ဆန် ၆၀၆၂၉ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု ၇၁၀၁ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၆၇ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၆၃၀ ကိုတင်ပို့ခဲ့ရာ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၂၀၅၁ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၅၇၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၆၁၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၉ သန်းတန်ဖိုးရှိဆန်ဖြူနဲ့ပေါင်းဆန် ၂၁၃၆၁ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဂီနီနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး ဧည့်မထဆန်တန်ချိန် ၁၅၀၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၃၅၀၊ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၅၀ နဲ့ ငစိန်ဆန်တန်ချိန် ၃၅၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀ နဲ့ ငစိန်ဆန် ၁၂၅ တန်၊ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၂၉၆ တန်၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်နဲ့ ငစိန်ဆန် ၃၇၅ တန်၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် ၈၇၅ တန်၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၉၇၅ တန်နဲ့ ဧည့်မထဆန်တန်ချိန် ၈၉၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းမှ ၂၁၄၃၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၇ တန်လျော့ကျခဲ့သော်လည်း ပုံမှန်တင်ပို့မှုရှိတယ်လို့ သိရပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉၉ သန်းတန်ဖိုးနဲ့ တန်ချိန် ၅၀၇၅ ရှိပြီး ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲ ၁၂၅ တန်၊ သီရိလင်္ကာနိုင်ငံသို့တန်ချိန် ၂၅၀၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၅၀ နဲ့ အီးယူနိုင်ငံများသို့ တန်ချိန် ၄၆၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက တန်ချိန် ၁၃၅၀ လျော့ကျခဲ့ကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၅-၁-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၄၀ | ၄၅၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၀ | ၄၄၃ | △ | ၄၂၀ | ၄၁၅ | △ | ၄၃၀ | ၄၁၅ | △ | ၃၉၉ | ၄၀၇ | △ |
| ဆန်ဖြူ ၁၀% | ၄၂၀ | ၄၄၁ | △ | ၄၁၅ | ၄၃၀ | △ | - | - | - | ၃၉၄ | ၄၀၂ | △ |
| ဆန်ဖြူ ၁၅% | ၄၁၀ | ၄၃၃ | △ | ၄၁၀ | ၄၂၀ | △ | - | - | - | ၃၉၀ | ၃၉၇ | △ |
| ဆန်ဖြူ ၂၅% | ၄၀၀ | ၄၁၁ | △ | ၃၉၅ | ၄၀၀ | △ | ၃၉၀ | ၃၉၀ | □ | ၃၆၃ | ၃၆၅ | △ |
| ပေါင်းဆန် | ၄၆၂ | ၄၇၂ | △ | - | - | - | ၄၁၀ | ၄၂၃ | △ | ၄၂၀ | ၄၃၇ | △ |

***Source: liverice***

## ပြည်တွင်းမြို့ကြီးများ၏ (၂၆-၁-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၀၈၀ | □ | ၂၂၀၀၀ | □ | ၇၆၃၆ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၂၄၀ | □ | ၂၃၀၀၀ | □ | ၇၆၂၀ | □ | ၃၁၅၀၀ | □ |
| ပဲခူး | ၅၀၀၀ | □ | ၂၀၀၀၀ | □ | ၆၅၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၁၂၀၀၀ | □ | ၃၈၀၀၀ | ▽ |
| စစ်တွေ | ၄၂၀၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၂၅၀၀ | ▽ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၇၃၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | □ | ၂၂၀၀၀ | ▽ | - | - | ၄၆၀၀၀ | ▽ |
| မကွေး | ၆၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၅၀၆၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | △ | ၂၆၀၀၀ | △ |
| လှိုင်ကော် | ၆၅၀၀ | ▽ | ၃၀၀၀၀ | ▽ | - | - | ၆၀၀၀၀ | □ |
| မြိတ် | ၄၇၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၉၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၂-၁-၂၀၁၈ မှ ၂၆-၁-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1072 | 57,503,184.822 |
| 2 | Form D | 105 | 3,235,745.590 |
| 3 | Form E | 149 | 1,856,820.860 |
| 4 | Korea GSP | 9 | 401,602.800 |
| 5 | Form AK | 129 | 4,987,913.580 |
| 6 | Form AJ | 10 | 494,290.580 |
| 7 | Form AI | 47 | 1,836,223.830 |
| 8 | Form AANZ | 14 | 135,129.020 |
| 9 | Form DFTP | 2 | 169,000,000 |
| **Grand Total** | | **1537** | **70,619,911.082** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၆-၁-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၉/၁ | ၂၆/၁ | ပြောင်းလဲမှု | ၁၉/၁ | ၂၆/၁ | ပြောင်းလဲမှု | ၁၉/၁ | ၂၆/၁ | ပြောင်းလဲမှု | ၁၉/၁ | ၂၆/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၉၃ | ၈၈၀ | ▼ | ၉၁၇ | ၈၈၀ | ▼ | ၉၁၀ | ၈၇၅ | ▼ | ၈၉၀ | ၈၇၅ | ▼ |
| ပဲစင်းငုံ | ၆၁၇ | - | | ၆၀၀ | ၆၀၀ | ■ | ၆၂၅ | ၆၀၀ | ▼ | ၆၁၅ | ၆၁၀ | ▼ |
| ပဲတီစိမ်း | ၁၃၃၀ | ၁၁၆၅ | ▼ | ၁၃၅၁ | ၁၅၄၇ | ▲ | ၁၂၆၃ | ၁၂၆၃ | ■ | ၁၂၁၀ | ၁၃၁၅ | ▲ |
| ကုလားပဲရိုးရိုး | ၂၀၂၅ | ၂၀၀၀ | ▼ | ၁၆၅၉ | ၁၆၀၇ | ▼ | ၁၅၇၉ | ၁၅၇၉ | ■ | ၁၄၇၅ | ၁၅၀၅ | ▲ |
| ပဲလွန်းဖြူ | ၁၃၀၀ | ၁၂၅၀ | ▼ | ၁၄၁၇ | ၁၄၁၇ | ■ | - | - | - | ၁၅၅၅ | ၁၅၃၀ | ▼ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | ၂၂၂၂ | ၂၁၃၃ | ▼ | - | - | - | - | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၆-၁-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၉/၁ | ၂၆/၁ | ပြောင်းလဲမှု | ၁၈/၁ | ၂၅/၁ | ပြောင်းလဲမှု | ၁၈/၁ | ၂၅/၁ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၁၅ | ၄၁၀ | ▼ | ၆၁၉ | ၅၅၁ | ▼ | ၅၉၅ | ၆၀၆ | ▲ |
| ပဲစင်းငုံ | ၂၀၅ | ၃၀၀ | ▲ | ၆၁၉ | ၆၅၄ | ▲ | ၆၄၂ | ၆၂၂ | ▼ |
| ပဲတီစိမ်း | ၆၂၅ | ၆၂၅ | ■ | - | - | - | ၇၈၃ | ၇၇၂ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၈၆၀ | ၈၆၀ | ■ | ၅၈၃ | ၅၇၅ | ▼ | ၆၃၄ | ၆၂၂ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၁၃.၁.၁၈)ထိ | (၂၀.၁.၁၈)ထိ | (၂၀.၁.၁၈) ထိ |
| မတ်ပဲ | ၁၀၁၃၈ | ၅၈၈၅ | ၁၆၀၂၃ |
| ပဲတီစိမ်း | ၂၆၇၀ | ၁၉၇၀ | ၄၆၄၀ |
| ပဲစင်းငုံ | ၆၅၃၆ | ၃၆၇၄ | ၁၀၂၁၀ |
| ကုလားပဲ | ၃၃ | - | ၃၃ |
| ပဲလွန်းဖြူ | ၁၉၃ | ၁၁၉ | ၃၁၂ |
| မြေထောက်ပဲ | ၉ | ၆ | ၁၅ |

## ပြည်ဈေးကွက်တွင် မြေပဲဆန်ဝယ်လိုအား နည်းတာကြောင့် ဈေးအနည်းငယ်ပြန်ကျ

ပြည်ဈေးကွက်တွင် ယခုတစ်ပတ် မြေပဲဆန်ဈေးကျလာတာတွေ့ရပါတယ်။ ပဲဆန်ကိုတော့ ဆီစက်များက ရွေးဆန်အသန့်ကို ဝယ်ယူမှုရှိနေသော်လည်း အနည်းငယ်သာအဝယ်ရှိ၍ တစ်နေ့လျှင်အိတ် ၅၀၀ လောက်သာ ဝယ်ယူမှုရှိတာတွေ့ရပါတယ်။ လုံးဆန်သန့်သန့်ကို မန္တလေးဝယ်လက်များက တစ်နေ့လျှင် အိတ် ၃၀၀လောက်သာ ဝယ်ယူမှုရှိသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်မပြတ်ပေမယ့် ဝယ်လိုအားနည်းနေသဖြင့် ဈေးကျလာတာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီးဆန် (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၂၀၀၊ ဆီဆန် (အနီ) တစ်ပိဿာ လျှင်ကျပ် ၁၉၅၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးကျလာပြီး လုံးဆန်ဈေးမှာလည်း (အဖြူ) တစ်ပိဿာလျှင်ကျပ် ၂၄၀၀ နှင့် (အနီ)တစ်ပိဿာလျှင် ၂၁၂၅ ကျပ်ဖြင့် ဈေးအနည်းငယ် ပြန်ကျလာတာတွေ့ရပါတယ်။ **ဝေဝေမင်း**

## ပြည်ပဲတီစိမ်းသီးနှံ ပဲဈေးကွက်အတွင်း အရောင်းအဝယ်သွက်လျက်ရှိ

ပြည်ပဲဈေးကွက်အတွင်း ပဲတီစိမ်းအသစ်များ အဝင်ဆက်တိုက်ရှိခဲ့လို့ တစ်ရက်အိတ် ၅၀၀ ကျော်ထိ ပြည်အနီးတစ်ဝိုက်မြို့နယ်များမှ ပဲအဝင်များခဲ့ပါတယ်။ ပြည်ပဝယ်လက်ပဲထဲမှာ ပဲတီစိမ်းသီးနှံဟာ တရုတ်ဝယ်လက်ရှိပြီး မန္တလေးလိုင်းသမားဝယ်လိုအားရှိတာကြောင့် အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၂၅၀၀၀ဖြစ်ပြီး ပဲအရည်အသွေးပေါ်လိုက်၍ ဈေးနှုန်းအတက်အကျရှိတယ်လို့လည်းသိရပါတယ်။ ယခုနှစ်ပဲတီစိမ်းဈေးမှာ ယခင်နှစ်ထက် ဈေးအနည်းငယ်လျော့သွားခဲ့ပေမယ့် မတ်ပဲ၊ ပဲစင်းငုံသီးနှံတို့ထက် ဈေးကောင်းရနေခဲ့တဲ့နှစ်ဖြစ်ခဲ့ပါတယ်။ **ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက် ဇန်နဝါရီလစတုတ္ထပတ် ကုလားပဲဈေးငြိမ်နေပြီး ပဲစင်းငုံနှင့်မတ်ပဲအရောင်းအဝယ်သွက်

ယခုတစ်ပတ်မုံရွာကုန်စည်ဒိုင်ဈေးကွက်အတွင်းသို့ ပဲမျိုးစုံအသစ်များဝင်ရောက်လာပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရှိရပါတယ်။ ယခုတစ်ပတ် ကုလားပဲဈေးကွက်မှာတော့ ကုလားပဲထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၂၉၅၀၀၊ 929 တစ်တင်းလျှင်ကျပ် ၃၀၀၀၀၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင်ကျပ်၃၀၀၀၀ဖြင့် အသီးသီးဈေးငြိမ်နေပါတယ်။ တစ်ရက်လျှင် ကုလားပဲမျိုးစုံအိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံတစ်တင်းလျှင်အသစ်ကျပ် ၁၂၀၀၀၊ အဟောင်းတစ်တင်းလျှင် ကျပ် ၁၁၅၀၀ ဖြင့် အဟောင်းတစ်ရက်အိတ် ၁၀၀၀ ခန့်၊ အသစ်တစ်ရက် အိတ် ၁၅၀၀ကျော်ခန့်နှင့် မတ်ပဲတစ်တင်းလျှင် ကျပ် ၁၇၅၀၀ ဖြင့် တစ်ရက်အိတ် ၁၅၀၀ ခန့်ဖြင့် အရောင်းအဝယ်သွက်ခဲ့တယ်လို့သိရှိရပါတယ်။

ယခုတစ်ပတ်ပဲတီစိမ်းဈေးကွက်မှာတော့ စိမ်းကြီး တစ်တင်းလျှင်ကျပ် ၂၄၀၀၀ မှ ကျပ် ၁၉၀၀၀ နှင့် စိမ်းသေး တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။

အခြားလက်လီပဲဈေးကွက်မှာတော့ သီးနှံအသစ်များ ဝင်ရောက်လျက်ရှိရာ ပဲကြီး(သစ်)တစ်တင်းလျှင်ကျပ်၄၅၀၀၀ ဖြင့် အမြင့်ဆုံးဈေးရရှိခဲ့ပြီး ယခုတစ်ပတ် စွန်တာနီ တစ်တင်းလျှင်ကျပ် ၃၂၀၀၀၊ ပဲနီလုံးကြားတစ်တင်းလျှင်ကျပ် ၃၂၀၀၀၊ ပဲယင်းဝါတစ်တင်းလျှင်ကျပ် ၁၉၃၀၀မှကျပ်၁၈၅၀၀၊ ပဲပုပ်စေ့ တစ်တင်းလျှင်ကျပ် ၂၂၀၀၀၊ ပုဂံပဲတစ်တင်းလျှင် ကျပ်၃၆၀၀၀ မှ ကျပ် ၃၈၀၀၀၊ မြေထောက်ပဲတစ်တင်းလျှင်ကျပ် ၃၃၀၀၀မှ ကျပ် ၃၆၅၀၀၊ ထောပတ်ပဲတစ်တင်းလျှင်ကျပ် ၂၈၀၀၀မှ ကျပ် ၃၁၀၀၀၊ပဲလွန်းပြာတစ်တင်းလျှင် ကျပ် ၂၅၀၀၀ ဖြင့်အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်မှလေ့လာသိရှိရပါတယ်။ **လင်းလင်းသန့်**

## ဇန်နဝါရီစတုတ္ထပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲဈေးအားလုံးလိုလို ဈေးအေးနေပြီး ပဲကြီးသီးနှံသာဈေးအမြင့်ဆုံးရနေခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲသစ်မျိုးစုံဝင်ရောက်လျက်ရှိပြီး မတ်ပဲ၊ ပဲကြီးနှင့် ကုလားပဲ သီးနှံများသာ ပဲဟောင်းလက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပဲစင်းငုံသစ်များပန်းတောင်း၊မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ်အိတ် ၂၅၀ -၃၀၀ ကျော်ဝင်ရောက်ခဲ့ပြီး ရန်ကုန်ဝယ်လက်မှ နေ့စဉ်ဝယ်ယူခဲ့လို့အိတ်၂၀၀-၃၀၀ ပုံမှန်ရောင်းဝယ်မှုရှိခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံဈေးအနေဖြင့် ပဲတစ်တင်းကျပ် ၁၁၂၀၀ ဖြင့် ဈေးအတက်အကျသိပ်မဖြစ်ဘဲ ပဲဟောင်းဈေးထက်တော့ ဈေးပိုရခဲ့တယ်လို့ သိရပါတယ်။မတ်ပဲမှာ ပဲသစ်ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲဟောင်းလက်ကျန်များရှိခဲ့သော်လည်း ရန်ကုန်ဝယ်လက်ဈေးလျှော့ဝယ်ယူခဲ့တာကြောင့် ယခင်တစ်ပတ်ကထက် ထပ်မံဈေးလျော့လာခဲ့ပါတယ်။ ပဲတစ်တင်းလျှင် ကျပ် ၁၇၆၀၀ ဖြင့် တစ်ခါတစ်ရံမှသာ အိတ် ၂၀၀-၃၀၀ ထိရောင်းဝယ်မှုဖြစ်ခဲ့ပါတယ်။ လှော်ငသမားများကလည်း ပဲဈေးဆက် လျော့နေလို့ ရောင်းချမှုနည်းခဲ့တယ်လို့ သိရပါတယ်။

ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်မှုများတဲ့ ကုလားပဲသီးနှံကတော့ ဇန်နဝါရီလဆန်းမှစ၍ ပဲဈေးအေးခဲ့ကာ တစ်တင်းကျပ်သုံးသောင်းတစ်ပတ်လည်သာရရှိခဲ့တဲ့အတွက် ပဲကြီးသီးနှံထက် ယခုနှစ်ဈေးထက်ဝက်ကျော်ခန့် ကျဆင်းခဲ့သလို ယခင်နှစ်က နှစ်ဆန်းပိုင်းတွင် ရရှိခဲ့သောကုလားပဲသီးနှံဈေးထက်လည်း လျော့နည်းပါတယ်။

ပဲကြီးသီးနှံမှာတော့ ယခုနှစ်တွင် ဈေးအမြင့်ဆုံးရခဲ့တဲ့ အတွက် (ရွှေကျွန်း) တစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ (ကမ်းနား) တစ်တင်းလျှင်ကျပ် ၇၅၀၀၀ အသီးသီးရရှိကာ နှစ်ဆန်းပိုင်းကတည်းက ဈေးအမြင့်နဲ့ ဈေးငြိမ်နေခဲ့ပါတယ်။ ပဲလက်ကျန်နည်းခဲ့လို့ အိတ် ၅၀-၁၀၀ခန့်သာ ရောင်းဝယ်မှုရှိခဲ့ပါတယ်။

ပဲနီပြားနှင့် စားတော်ပဲသီးနှံများမှာလည်း ပဲသစ်ဝင်ရောက်မှုမရှိသေးဘဲ ပဲဟောင်းလက်ကျန်များဖြင့် လက်လီသာအရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပေမယ့် ပဲဈေးနှုန်းများမှာ ပဲနီပြားတစ်တင်းကျပ် ၄၂၀၀၀၊ စားတော်ပဲသီးနှံမှာ ကနေဒါပဲအမျိုးအစားက တစ်တင်းကျပ် ၃၀၀၀၀၊ မင်းတုန်းပဲ အမျိုးအစားများမှာ တစ်တင်းကျပ် ၅၁၀၀၀တို့ဖြင့် အသီးသီးဈေးကောင်းနေခဲ့တဲ့ ပဲအမျိုးအစားများဖြစ်ခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာပဲသစ်အဝင်ရှိ၍လှော်ငသမားနှင့်လက်လီဝယ်ယူသူများမှ အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်းလျှင်ကျပ်နှစ်သောင်းခန့်ဖြင့် ဈေးငြိမ်နေတာကြောင့် ယခင်နှစ်ဈေးနှင့်ကွာခြားမှုမရှိဘဲ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲပုပ်သီးနှံဟာ နှစ်စဉ်ဈေးအပြောင်းအလဲမဖြစ်ဘဲ ဈေးငြိမ်ငြိမ်နဲ့ရောင်းဝယ်နေတဲ့ပဲသီးနှံဖြစ်ခဲ့ပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ထောပတ်ပဲသီးနှံလက်လီပဲဈေးကွက်မှာ ဈေးကောင်းရ

ယခုတစ်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲမျိုးစုံလက်လီလက်ကားရောင်းဝယ်မှုဖြစ်လျက်ရှိရာ ထောပတ်ပဲသီးနှံကတော့ ပဲသစ်ဝင်ရောက်ခြင်းမရှိသေးတဲ့အတွက် ပဲဟောင်းလက်ကျန်အနည်းငယ်ဖြင့် နေ့စဉ်လက်လီသမားများရောင်းဝယ်ခဲ့တာတွေ့ရပါတယ်။ ပဲဈေးမှာ အခြားလက်လီပဲများနှင့်နှိုင်းယှဉ်လျှင် ဈေးကောင်းရပြီး ထောပတ်ပဲတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့် လက်လီအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်က ထောပတ်ပဲမှာ တစ်တင်းလျှင် ကျပ် ၁၄၅၀၀ ခန့်သာရရှိလို့ ပဲဈေးကွက်မှာလည်း ဈေးအနိမ့်ဆုံးဖြစ်ခဲ့ပေမယ့် ယခုနှစ်မှာတော့ ထောပတ်ပဲဟာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုသလို လက်လီပဲ ဈေးကွက်ရဲ့ဘိုကိတ်၊ပဲလွန်းဖြူသီးနှံတို့ထက်လည်း ဈေးပိုရခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ရေစကြိုဒေသထွက် မတ်ပဲဈေးတက်ပြီး အရည်အသွေးအလိုက် ဈေးကောင်းရ

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေး တဖြည်းဖြည်း တက်လျက်ရှိပြီး မြေပဲလုံးဆန်နီ (မြောင်) အဟောင်းတစ်ပိဿာလျှင် ကျပ် ၂၂၀၀၊ မြေပဲနီလုံးဆန် (မြောင်)အသစ်တစ်ပိဿာလျှင်ကျပ် ၂၃၀၀၊ ကျွန်းဆန် တစ်ပိဿာလျှင် ကျပ်၂၂၀၀၊ S1(မြေပဲဖြူလုံးဆန်)တစ်ပိဿာလျှင် ကျပ် ၂၂၅၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ်ရေစကြိုဒေသထွက်မတ်ပဲဈေးမှာ ယခင်တစ်ပတ်ထက် အနည်းငယ်တက်နေပြီး အရည်အသွေးကိုလိုက်၍ ဈေးကောင်းလျက်ရှိပါတယ်။ မတ်ပဲတစ်တင်းလျှင် ကျပ် ၁၅၀၀၀ မှ၁၆၅၀၀ ထိရှိပြီး ပဲလွန်းဖြူကတော့ ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်ကျနေပြီး တစ်တင်းလျှင် ကျပ် ၂၈၀၀၀၊ ပဲလွန်းပြာတစ်တင်းလျှင် ကျပ်၂၆၀၀၀၊ ပဲပုပ်တစ်တင်းလျှင်ကျပ်၃၁၀၀၀၊ ကုလားပဲများဖြစ်သော HL တစ်တင်းလျှင် ကျပ်၂၈၀၀၀၊ 929တစ်တင်းလျှင်ကျပ် ၂၈၅၀၀၊ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပြောင်းဖူးစေ့(CP)မှာ တစ်တင်း လျှင် ကျပ် ၉၃၀၀ဖြင့် အိတ်ရေ ၅၀၀ခန့် အရောင်းအဝယ်ဖြစ်နေတယ်လို့ ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉ . ၁ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ငံရပ်ဆိပ်ကမ်း | - MT.ERAWAN-12 | P.Oil (In Bulk) ၅၀၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - SIMA PERFECT | ကုန်သေတ္တာ ၅၂၂ ကုန်တင်ရန် |
| စက်မှုဆိပ်ကမ်း (၃) | - TOVE MAERSK | ကုန်သေတ္တာ ၃၁၃ ကုန်တင်ရန် |
| စက်မှုဆိပ်ကမ်း(၄) | - MAERSK WARSAW | ကုန်သေတ္တာ ၄၂၃ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၄) | - ELISSEOS | ဆန် ၃၀၀၀၀ တန်ကုန်တင်ရန် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၁) | - KENG TUNG | Steel Bar ၁၀၀၉၇ တန်ကုန်ချရန် |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း(၃) | - ARCA | ကုန်သေတ္တာ ၂၉၈ကုန်ချကုန်သေတ္တာ ၂၉၆ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း (၄) | - WINNING ANGEL | Steel& Equipment ၂၁၆၉၀ တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၅) | - LE JIN | Ammonium Nitrate&G/C ၁၂၅၈၂ တန်ကုန်ချရန် |
| Green Asia Jetty | - MT.YU RU | MOGAS 92 RON ၁၂၅၈၂ တန်ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| GIOVANNA | RICE ၂၀၀၀၀ တန်ကုန်တင်ရန် | - | ၂၅ ·၁· ၂၀၁၈ |
| CHIOS HASIL | ဆန် ၂၆၂၅၀ တန်ကုန်ချရန် | - | ၂၇ ·၁· ၂၀၁၈ |
| NACC POROS | Cement (In Bulk) ၇၀၀၀ တန်ကုန်ချရန် | MALAYSIA | ၂၇ ·၁· ၂၀၁၈ |
| HYPERION LEADER | Units Vehicle (RO/RO) ၉၄၆ တန်ကုန်ချရန် | JAPAN | ၂၈·၁· ၂၀၁၈ |
| TUG BRANTAS-1202, BG;SINGA,BESAR | CONCRET PILE ၂၄၆၀ တန်ကုန်ချရန် | MALAYSIA | ၂၉·၁· ၂၀၁၈ |
| VIKING OCEAN | Units Vehicle (RO/RO) ၁၀၂၃ တန်ကုန်ချရန် | JAPAN | ၃၀ ·၁· ၂၀၁၈ |
| CONTI PERIDOT | Coal (In Bulk) ၂၈၀၀၀ တန်ကုန်ချရန် | RUSSIA | ၃၀·၁· ၂၀၁၈ |
| GREAT LEGEND | Coal (In Bulk) ၃၀၀၀၀ တန်ကုန်ချရန် | INDONESIA | ၁ · ၂· ၂၀၁၈ |
| PACIFIC ABILITY | Steel ၂၈၁၁၇ တန်ကုန်ချရန် | CHINA | ၂ · ၂· ၂၀၁၈ |
| YU HENG XIAN FRNG | Units Vehicle (RO/RO) ၁၈၁၁ တန်ကုန်ချရန် | JAPAN | ၃· ၂· ၂၀၁၈ |
| LEMAN EXPRESS | Units Vehicle (RO/RO) ၁၂၅၈ တန်ကုန်ချရန် | JAPAN | ၃· ၂ · ၂၀၁၈ |
| OCEAN DREAM | G/C ၁၁၇ တန်ကုန်ချရန် | RUSSIA | ၄· ၂ · ၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၅ ·၁ · ၂၀၁၈ |
| KOTA HASIL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅ ·၁ · ၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၆ ·၁ · ၂၀၁၈ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၂၇ ·၁ · ၂၀၁၈ |
| PACITA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၇ ·၁ · ၂၀၁၈ |
| DAWEI | MALAYSIA | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၂၇ ·၁ · ၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈ ·၁ · ၂၀၁၈ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၉ ·၁ · ၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀ ·၁ · ၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁ · ၂ · ၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂ · ၂ · ၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄ · ၂ · ၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄ · ၂ · ၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN LARD | ဒီဇယ်ဆီ | - | ၁၈ ·၁ · ၂၀၁၈ |
| MT.AULAC VENUS | ဒီဇယ်ဆီ | SINGAPORE | ၂၆ ·၁ · ၂၀၁၈ |
| MT.VIET STAR | P.Oil (In Bulk) | INDINESIA | ၂၆ ·၁ · ၂၀၁၈ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ+MOGAS | SINGAPORE | ၂၆ ·၁ · ၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ+MOGAS | SINGAPORE | ၂၇ ·၁ · ၂၀၁၈ |
| MT.OCEAN MORAY | ဒီဇယ်ဆီ+MOGAS | SINGAPORE | ၂၇ ·၁ · ၂၀၁၈ |
| MT.OCEAN WINNER | ဒီဇယ်ဆီ+MOGAS | - | ၂၇ ·၁ · ၂၀၁၈ |
| MT.NEVESKA LADY | ဒီဇယ်ဆီ+JAT A-1 | INDINESIA | ၂၈ ·၁ · ၂၀၁၈ |
| MT.OCEAN WINTER | ဒီဇယ်ဆီ+MOGAS | - | ၂၉ ·၁ · ၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၃၀ ·၁ · ၂၀၁၈ |
| MT.AULAC FORTUNE | ဒီဇယ်ဆီ | SINGAPORE | ၃၀ ·၁ · ၂၀၁၈ |

# အာဆီယံသည် ကမ္ဘာ့စီးပွားရေးပါဝါရှိသည့်ဒေသဖြစ်လာနိုင်သလော

**သိန်းမြင့်ဝေ**

၂၀၁၇ ခုနှစ်တွင် အာဆီယံ တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ "အတူပြောင်းလဲပြီး ကမ္ဘာကြီးနှင့် ချိတ်ဆက်စို့" (Partnering for Change, Engaging the World) ဟူသော ဆောင်ပုဒ်နှင့်အတူ နှစ် ၅၀ ပြည့် ရွှေရတုနှစ်ပတ်လည် အခမ်းအနားကို ကျင်းပခဲ့သည်။ အခမ်းအနားမတိုင်မီ တစ်နှစ်ကျော်ဖြစ်သော ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို စတင်ခဲ့သည်။ AEC တည်ထောင်ခြင်း၏ မြင့်မားသော မျှော်လင့်ချက်မှာ အာဆီယံကို ကမ္ဘာ့စီးပွားရေးပါဝါရှိသော အသင်းအဖွဲ့ (Global Economic Powerhouse) အဖြစ် ဖန်တီးရန်ဖြစ်သည်။

၁၉၆၇ ခုနှစ်တွင် အဖွဲ့ဝင်ငါးနိုင်ငံဖြင့် အာဆီယံကို စတင်တည်ထောင်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံဖြစ်လာခဲ့သည်။ အဆိုပါနိုင်ငံများသည် လူဦးရေ၊ အကျယ်အဝန်း၊ စီးပွားရေး အရွယ်အစား၊ ဖွံ့ဖြိုးတိုးတက်မှုအဆင့်နှင့် စိန်ခေါ်မှုများ မတူညီကြပေ။ သို့သော်လည်း ၎င်းတို့သည် ကြီးမားသော စီးပွားရေးတိုးတက်မှု အလားအလာအတွက် အတူတကွလက်တွဲကြိုးပမ်းလျက်ရှိသည်။

လက်ရှိအချိန်ကာလတွင် အာဆီယံ၏ လူဦးရေမှာ ၆၄၀ သန်းနီးပါးရှိပြီး စုစုပေါင်း မြေဧရိယာမှာ စတုရန်း ကီလိုမီတာ ၄ ဒသမ ၅ သန်း ကျယ်ဝန်းပါသည်။ အာဆီယံ၏ လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းဝန်းကျင်ရှိပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံလူဦးရေ၏နှစ်ဆရှိပါသည်။ အာဆီယံကို နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်မည်ဆိုပါက အမေရိကန်၊ ဥရောပသမဂ္ဂ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့ပြီးလျှင် ကမ္ဘာ့ပဉ္စမမြောက် ဝင်ငွေ အမြင့်မားဆုံးနေရာတွင် ရောက်ရှိရပ်တည်နေပါသည်။

**တိုးတက်လျက်ရှိသော စီးပွားရေးပါဝါ**

အာဆီယံသည် ကမ္ဘာ့လုံးဆိုင်ရာစီးပွားရေးပါဝါရှိသော အဖွဲ့ (Global Economic Powerhouse) အဖြစ် တိုးတက်နေပါသည်။ အာဆီယံ၏ လက်ရှိစီးပွားရေးအရွယ်အစား (Aggregate Economic Size) မှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံရှိသည်။ အာဆီယံသည် အာရှတိုက်အတွင်း စီးပွားရေးအလျင်အမြန်ဆုံး တိုးတက်သည့် နိုင်ငံ/ဒေသများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အာဆီယံ၏ ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ပျမ်းမျှစီးပွားရေး တိုးတက်မှုနှုန်းမှာ ၅ ဒသမ ၅ ရာခိုင်နှုန်းကျော်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ စာရင်းများအရ အာဆီယံ၏ အဆိုပါစီးပွားရေးတိုးတက်မှုနှုန်းသည် နောက်ထပ် ဆယ်စုနှစ်တစ်ခုတိုင်အောင် ဆက်လက်တိုးတက်သွားနိုင်ကြောင်း သိရှိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ကလည်း အာဆီယံသည် ကမ္ဘာ့ကုန်သွယ်ရေးပါဝါရှိသော အသင်းအဖွဲ့ (Global Trading Powerhouse) အဖြစ် မြန်မြန်ရောက်ရှိလာကြောင်း ပြောကြားသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံ၏ စုစုပေါင်းကုန်စည်ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံနီးပါးရှိကြောင်း၊ အဆိုပါပမာဏသည် ကမ္ဘာ့ကုန်သွယ်ရေး၏ ၆ ဒသမ ၈ ရာခိုင်နှုန်းနီးပါးရှိကြောင်း၊ ဥရောပသမဂ္ဂ၊ တရုတ်နှင့် အမေရိကန်ပြီးပါက စတုတ္ထမြောက် အများဆုံး ကုန်သွယ်သည့် အုပ်စုဖြစ်လာကြောင်း WTO က ပြောကြားခဲ့သည်။

လက်ရှိအမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံရှိသော အာဆီယံ၏ စီးပွားရေးအရွယ်အစားသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄ ထရီလီယံထိရောက်ရှိနိုင်ကြောင်း၊ အမေရိကန်၊ ဥရောပသမဂ္ဂ၊ တရုတ်နှင့် ဂျပန်ပြီးလျှင် ကမ္ဘာ့ပဉ္စမမြောက် စီးပွားရေးအားကောင်းသော ဒေသဖြစ်နိုင်ကြောင်းလည်း IMF က ခန့်မှန်းထား သည်။

အာဆီယံ၏ လမ်းကြောင်း (ASEAN's Trajectory) သည် ကာလရှည်တွင် ပိုမိုကောင်းမွန်နိုင်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ စုစုပေါင်း GDP သည် အမေရိကန်ဒေါ်လာ ၈ ထရီလီယံ သို့ ရောက်ရှိနိုင်ကြောင်း၊ ထိုအခါ တရုတ်၊ အမေရိကန်နှင့် ဥရောပသမဂ္ဂပြီးလျှင် ကမ္ဘာ့စတုတ္ထမြောက် စီးပွားရေး အင်အားကြီးမားသော ဒေသဖြစ်လာနိုင်ကြောင်း အမေရိကန်အခြေစိုက် ကမ္ဘာလုံးဆိုင်ရာသတင်းအချက်အလက် ကုမ္ပဏီ IHS က ခန့်မှန်းထားသည်။

အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့၏ စီးပွားရေးသည် လာမည့်နှစ်များအတွင်း ပုံမှန်ဆက်လက်တိုးတက်နိုင်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည် လာမည့်ဆယ်စုနှစ် နှစ်ကုန်ပိုင်းတွင် စီးပွားရေး အတိုးတက်ဆုံးသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံ (World's top 10) စာရင်းတွင် စာရင်းဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာနိုင်ကြောင်း၊ အလားတူစွာ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့စီးပွားရေး အတိုးတက်ဆုံးနိုင်ငံ ၂၀ တွင် ပါဝင်လာနိုင်ကြောင်း၊ ထိုင်းနှင့် မလေးရှားတို့သည် ကမ္ဘာ့စီးပွားရေးအင်အားအကြီးမားဆုံး နိုင်ငံ ၃၀ စာရင်း တွင် ပါဝင်လာနိုင်ကြောင်း စီးပွားရေးပညာနှင့် စီးပွားရေးလုပ်ငန်းသုတေသနဌာန (Centre for Economics and Business Research) က ခန့်မှန်းပြောကြားထားသည်။ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့သည် လာမည့် ဆယ်စုနှစ်အတွင်း Trillion-dollar GDP Club စာရင်းဝင်နိုင်ငံများဖြစ်လာနိုင်ကြောင်းလည်း THS က မျှော်မှန်းထားပါသည်။ Trillion-dollar GDP Club ဆိုသည်မှာ အမည်ခံ GDP တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံထက်ကျော်သော ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံများစာရင်းကို ဆိုလိုသည်။

**ဆွဲဆောင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှု**

အာဆီယံသည် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ကို ဆွဲဆောင်မှုရှိသောနေရာဒေသ (Magnet) ဖြစ်သည်။ ငွေရေး ကြေးရေးရင်းနှီးမြှုပ်နှံသူများ (Portfolio investors) အတွက် အာဆီယံဈေးကွက်များသည် တရုတ်ဈေးကွက်ထက် ပိုမိုကောင်းမွန်လျက်ရှိကြောင်း စင်ကာပူအခြေစိုက် UOB ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ၂၀၁၇ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုများသည် တရုတ်ဈေးကွက်ထက် အာဆီယံဈေးကွက်အတွင်းသို့ ပိုမိုစီးဝင်နိုင်ကြောင်းကိုလည်း UOB ဘဏ်က ခန့်မှန်းထားသည်။

အာဆီယံဒေသတွင်းသို့ စီးဝင်သော FDI သည် ၁၉၈၀ ပြည့်နှစ်မှ စတင်၍ လက်ရှိအချိန်ထိ နှစ်စဉ် ၁၅ ရာခိုင်နှုန်းထိ မြင့်တက်စီးဝင်နေပါသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံသို့ စီးဝင်သော ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ထရီလီယံသို့ရောက်ရှိမြင့်တက်နိုင်ကြောင်းလည်း UOB ဘဏ်က ဟောကိန်းထုတ်ထားသည်။ အာဆီယံသည် နှစ် ၅၀ ပြည့်မြောက်သည့် ၂၀၁၇ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်(Aggressive tourism marketing campaign) ကိုလည်း လုပ်ဆောင်နေသည်။ "ရွှေရတုနှစ် ၅၀ မှာ အာဆီယံကိုလာလည်ပါ" (Visit ASEAN @ 50: Golden Celebration) ဟူသော ဆောင်ပုဒ်ဖြင့် ခရီးသွားဧည့်သည်များကို ဆွဲဆောင်ဖိတ်ခေါ်လျက်ရှိသည်။ ၎င်းအစီအစဉ်၏ ရည်ရွယ်ချက်မှာ ၂၀၁၅ ခုနှစ်တွင် အာဆီယံသို့ ဝင်ရောက်ခဲ့သော ခရီးသွားဧည့်သည်အရေအတွက် ၁၀၉ သန်းရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းတိုးလျက် ခရီးသွားဧည့်သည်အရေအတွက် ၁၂၁ သန်းသို့ တိုးတက်ဝင်ရောက်ရန်ဖြစ်ပါသည်။

**ရင်ဆိုင်နေရသော စိန်ခေါ်မှုများ**

အာဆီယံသည် ဖော်ပြခဲ့ပါအတိုင်း အခြေအနေကောင်းနှင့် အခွင့်အလမ်းကောင်းများကို တွေ့ရှိရသော်လည်း စိန်ခေါ်မှု အမျိုးမျိုးကို ရင်ဆိုင်နေရသည်။ ပထမစိန်ခေါ်မှုမှာ အာဆီယံသည် တရုတ်ဈေးကွက်အပေါ် စီးပွားရေးအရ ပိုမိုမှီခိုလာရခြင်းဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် အာဆီယံနိုင်ငံများကို ဆိုးကျိုး (Negative impact) ရိုက်ခတ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယခုအခါ တရုတ်နိုင်ငံ၏ စီးပွားရေးသည် သိသိသာသာ ကျဆင်းနေသောကြောင့်ဖြစ်သည်။

**စာမျက်နှာ ၁၅ သို့**

## ချင်း

### ရေလမ်းမှ စင်ကာပူနဲ့ဘင်္ဂလားဒေ့ရှ်သို့ ချင်းတင်ပို့

ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၂၄၄ ဒသမ ၅ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၅တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၃၉ ဒသမ ၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၁၃၅ တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာချင်းတန်ချိန် ၁၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၂၈၆၈ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း**(DOT)

### ဟိုပုံးဈေးကွက်သို့ ချင်းအသစ်များ စတင်ဝင်ရောက်

ဟိုပုံးဈေးကွက်မှာချင်းအသစ်များ ဝင်ရောက်လျက်ရှိပြီး ယခင်တစ်ပတ်ကထက် ပိုပြီးဝင်လာကာ စဝင်ကာစဖြစ်တာကြောင့် အစိုဓာတ်တွေကတော့ရှိနေသေးတယ်လို့သိရပါတယ်။ ပြည်ပတင်ပို့ဖို့အတွက် ဝယ်လက်တွေက အမေးရှိနေပေမယ့် လောလောဆယ်တော့ မဝယ်ကြသေးဘူးလို့လည်းသိရပါတယ်။ ပြည်တွင်းဝယ်လက်တွေနဲ့ ဒေသသုံးအတွက်သာအဝယ်ရှိနေပါသေးတယ်။ ပစ္စည်းတွေကိုတော့ဖော်နေဆဲဖြစ်တာကြောင့် အထွက်ကလည်း မှန်းလို့မရသေးဘူးလို့ တောင်သူတွေဆီက သိရပါတယ်။ ယခင်နှစ်ကထွက်တဲ့ ချင်းခြောက်ကလည်း ပစ္စည်းလက်ကျန်မရှိတော့တာကြောင့် ညှံ့စလို့ခေါ်တဲ့အသေးတွေကို ချင်းခြောက်ပြုလုပ်ဖို့အတွက် ပြုတ်နေကြပါတယ်။ ချင်းတက်အခက်အလှ အကြီးတွေကိုတော့ တစ်ပိဿာကျပ် ၃၀၀ မှ ၃၅၀ နဲ့ ဈေးစဖွင့်တယ်လို့စုံစမ်းသိရှိရပါတယ်။

အောင်ပန်းဈေးကွက်ကချင်း(စို)တွေကို ပြည်တွင်းဝယ်လက်တွေက ပုံမှန်ဝယ်ယူနေပါတယ်။ ယခုတစ်ပတ်မှာတော့ ပြည်၊ မုံရွာ၊ စစ်တွေဝယ်လက်တွေက ပိုအဝယ်များလာလို့ တစ်ပတ်အတွင်း ချင်း(စို)ပိဿာချိန်ပေါင်း ၁ ဒသမ ၇၅ သိန်း အရောင်းအဝယ်ဖြစ်ခဲ့သလို ချင်းခြောက် ၁ ဒသမ ၀၅ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းနဲ့ ချင်း(စို)တစ်ပိဿာကျပ် ၃၀၀ မှ ၃၇၀ ကြား၊ ချင်းခြောက် တစ်ပိဿာကျပ် ၉၀၀ မှ ၁၀၀၀ ကြားပေါက်ဈေးရှိကြောင်း သိရှိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

## နှမ်း

### ဒီတစ်ပတ် နှမ်းတင်ပို့မှုပို

ဇန်နဝါရီ ၁၄ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း နှမ်း (ရှမ်းစ) အသစ် ၉၂ဒသမ ၅၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နှမ်းတန်ချိန် ၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၀ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ နှမ်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၁၅ ဝန်းကျင်ရရှိခဲ့ပါတယ်။ဒီတစ်ပတ် နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၆၁၅၅ ဝင်ငွေရရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။

**သီတာဝင်း**(DOT)

### ရှမ်းနှမ်းပြည်တွင်းဝယ်လက်များနဲ့သာ အရောင်းအဝယ်ဖြစ်

အောင်ပန်းဈေးကွက်မှာ ပြီးခဲ့တဲ့တစ်ပတ်ကစပြီး ဆင်တောင်နှမ်းအသစ်တွေ အနည်းငယ်ဝင်ရောက်လာပါတယ်။ ရိုးရိုးနှမ်းကတော့ အသစ်ဝင်ရောက်မှုမရှိသေးပေမယ့် အဟောင်းတွေကတော့ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ရှမ်းနှမ်းကို ရန်ကုန်ဝယ်လက်နဲ့တပ်ကုန်း၊ ပြည်ဝယ်လက်တွေက ဝယ်ယူနေတာကြောင့် ဈေးကွက်ပြတ်မသွားဘဲ အရောင်းအဝယ်ဖြစ်နေတယ်လို့ဆိုပါတယ်။

ပြည်ပဝယ်လက်တွေလို အလုံးအရင်းနဲ့ဝယ်ယူမှုမရှိပေမယ့် ပြည်တွင်း ဝယ်လက်တွေကြောင့် ပိဿာချိန် ငါးသောင်း/ခြောက်သောင်းဝန်းကျင်ခန့် အရောင်းအဝယ်ဖြစ်နေပါတယ်။ အောင်ပန်းနှမ်းဈေးကတော့ ယခုတစ်ပတ်မှာ တစ်ပိဿာအနိမ့်ဆုံး ကျပ် ၁၀၀၀ မှ ၂၃၀၀ ခန့်ရှိပါတယ်။ ဆင်တောင်နှမ်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၃၀၀၀ နဲ့ ဈေးဖွင့်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၃၃၀၀ ဈေးရှိကြောင်း သိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ လက်ကျန်နှမ်းတွေသာ အရောင်းအဝယ် အနည်းငယ်ဖြစ်နေပြီးအမှုန့်ကြိတ်ဖို့အတွက် ရောင်းချနေရတယ်လို့ဆိုပါတယ်။ တစ်ပိဿာပေါက်ဈေးတွေကတော့ အကြမ်း(ညှံ့စ)က ကျပ် ၁၂၀၀ မှ ၁၃၀၀ နဲ့အချော (ထိပ်စ) ကကျပ် ၂၀၀၀ ဈေးရှိတယ်လို့ ဟိုပုံးနှမ်းပွဲရုံတွေထံက သိရှိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

## ကြက်သွန်

### ပြည်ဈေးကွက်အတွင်း ကြက်သွန်နီဝင်ရောက်မှုများ၍ ဈေးနှုန်းများဆက်လက်ကျဆင်း

ယခုတစ်ပတ်အတွင်း ရေနံချောင်း၊ တောင်တွင်း၊ ကျောက်ပန်းတောင်းဘက်မှ ကြက်သွန်နီများ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၄၅၀ခန့် ဝင်ရောက်မှုရှိတဲ့အတွက် အဝင်ဆက်လက်များနေပြီး ဈေးနှုန်းမှာ လက်လီရောလက်ကားပါ ကျဆင်းသွားကြောင်းသိရပါတယ်။

ပြည်ပွဲရုံများသို့ ဝင်ရောက်လာသော ကြက်သွန်နီများမှာ အရွယ်အစားမကွာသည့်အတွက် ကြီးလတ်သေးမခွဲခြားဘဲ အစိုဓာတ်ပါဝင်မှုနှင့် အရည်အသွေးပေါ် မူတည်၍ ခွဲခြားသတ်မှတ်ရောင်းချလျက်ရှိကြောင်းသိရပါတယ်။ ဈေးနှုန်းများကျဆင်း ခြင်းကြောင့် ပုံမှန်ဝယ်လက်များဖြစ်သော ဒေသတွင်းဝယ်ရောင်းသမားများ အဝယ်လိုက်လာတာတွေ့ရပါတယ်။ နယ်ကျော်တင်ပို့မှုအနေနှင့်လည်း ဧရာဝတီတိုင်း၊ရခိုင်ပြည်နယ်တို့သို့ ပုံမှန်တင်ပို့နေတယ်လို့လည်းသိရပါတယ်။

ဈေးနှုန်းအနေနဲ့ ပွဲရုံလက်ကားတစ်ပိဿာလျှင် အရည်အသွေးအလိုက်ကျပ် ၁၄၀၀-၁၄၅၀-၁၅၀၀-၁၅၅၀ စသည်ဖြင့် ရောင်းချလျက်ရှိပြီး လက်လီဈေးအသေးများတွင် ယခင်လက်ကျန်များရှိနေသေးသည့်အတွက် ကြီးလတ်သေးခွဲကာ (ကြီး) တစ်ပိဿာလျှင် ကျပ် ၂၂၀၀-၂၄၀၀၊ (လတ်) ကျပ် ၂၀၀၀-၂၁၀၀၊ (သေး) ကျပ် ၁၉၀၀ တို့ဖြင့် ရောင်းချလျက်ရှိပါတယ်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၂၅၀ ခန့်နှင့် လက်လီဈေး ကျပ် ၇၀၀ ခန့် ကျဆင်းသွားကြောင်း သိရှိရပါတယ်။ **ဝင်းလှဲ့ဝါ(ပြည်)**

### ပြည်ပွဲရုံများသို့ ကြက်သွန်ဖြူ အဝင်ပြန်ရှိလာပြီး ဈေးအနည်းငယ်ကျလာ

ဇန်နဝါရီ စတုတ္ထပတ်တွင် ပြည်ဈေးကွက် ကြက်သွန်ဖြူပွဲရုံများသို့ ကြက်သွန်ဖြူအိတ်များ ပြန်လည်ဝင်ရောက်နေတာတွေ့ရပါတယ်။ ဈေးကွက်သို့ တရုတ်လိုင်းရော ရှမ်းလိုင်းပါ ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ရက်ခြားဆက်တိုက်ဝင်ရောက်လျက်ရှိတာကြောင့် ကြက်သွန်ဖြူဈေးများ ချက်ချင်းပြန်ကျလာတာ တွေ့ရပါတယ်။ ဈေးအကျဘက်ရောက်လာပြီး ဒေသတွင်းဈေးများ၏အဆွဲများမှုနှင့် နယ်ဝယ်လက်များ အဝယ်ရှိတာကြောင့် အရောင်းအဝယ်ပြန်ဖြစ်နေကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ ပွဲရုံဈေးတစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၂၄၀၀၊ (ကြူကုတ်) ကျပ် ၁၈၀၀ဖြစ်ကြောင်းသိရပါတယ်။ ဒေသတွင်းဈေးများနှင့် လက်လီဈေးမှာတော့ တစ်ပိဿာလျှင် (ရှမ်းစ)ကျပ် ၂၈၀၀ နှင့် (ကြူကုတ်စ) ကျပ် ၂၂၀၀ ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ယခုတစ်ပတ်အတွင်း ကြက်သွန်ဖြူအိတ် ၂၈၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

**နီနီဝင်း**

### ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်တွင် ကြက်သွန်နီဈေးနှုန်း အနည်းငယ်ကျဆင်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်ပဲစင်းငုံနီအသစ်တစ်တင်းလျှင် ကျပ် ၁၂၅၀၀ ဖြင့် အိတ်၅၀နှင့် ပဲစင်းငုံနီအဟောင်းတစ်တင်းလျှင် ကျပ် ၁၁၅၀၀ ဖြင့်နေ့စဉ်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အရည်အသွေးကိုလိုက်၍ ပဲစင်းငုံနီ ဗိုက်ခွက်တစ်တင်းလျှင် ကျပ် ၉၀၀၀ မှ ၉၂၀၀ ဈေးဖြင့် အိတ်၁၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပြောင်းဖူးစေ့(CP)ဈေး တရိပ်ရိပ်တက်လျက်ရှိပြီး ဇန်နဝါရီလပထမပတ်က တစ်တင်းလျှင်ကျပ် ၈၇၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင်ကျပ် ၉၂၀၀ မှ ၉၅၀၀ဖြင့် အိတ် ၁၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။

မတ်ပဲတစ်တင်းလျှင်ကျပ် ၁၆၅၀၀ ဖြင့်အိတ် ၅၀ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် ကုန်စည်ဒိုင်တွင် ပဲပုပ်(ယော)တစ်တင်းလျှင် ကျပ် ၁၈၀၀၀ဈေးဖြင့် ၁၅အိတ်ခန့်၊ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့်အိတ် ၅၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

နှမ်းဈေးကွက်တွင် ပြည်ပမှ အဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပြီး ယခင်တစ်ပတ်ကနှမ်းနက် (ဂွ) တစ်တင်းလျှင်ကျပ်၃၁၀၀၀ရှိခဲ့ရာမှယခုတစ်ပတ်တွင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၅၀ ခန့် နှမ်းနက်(စမုံ) တစ် တင်းလျှင်ကျပ် ၃၀၀၀၀ မှ ၄၀၀၀၀ ဖြင့် အိတ် ၅၀ ခန့်ဖြင့် အရာင်းအဝယ်ဖြစ်ခဲ့ပါတယ်။ နှမ်းညိုတစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဈေးဖြင့် အိတ် ၄၀ ခန့်အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီဈေးနှုန်းကတော့ အနည်းငယ်ကျဆင်းနေပါတယ်။ ယခင်တစ်ပတ်က ကြက်သွန်နီများ ဈေးကောင်းရရှိခဲ့ပြီး လက်ကားဈေးမှာထိပ်စတစ်ပိဿာလျှင် ကျပ် ၂၀၈၀၊ လတ်စတစ်ပိဿာလျှင် ကျပ် ၁၈၀၀၊နိမ့်စတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စတစ်ပိဿာ လျှင်ကျပ် ၁၆၀၀၊ လတ်စတစ်ပိဿာ လျှင်ကျပ် ၁၂၀၀၊ နိမ့်စ တစ်ပိဿာလျှင် ကျပ် ၈၀၀ ဖြင့်နေ့စဉ် ပိဿာချိန် ၂၀၀၀၀ မှ ၃၀၀၀၀ကြား အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

### ပြည်ပဲလွန်းဖြူသစ်များ အထွက်လှိုင်လာလို့ ပဲဈေးငြိမ်လျက် အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း ယခုတစ်ပတ်မှာ ပဲလွန်းဖြူသစ်များဆက်လက်ဝင်ရောက်လျက်ရှိပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသော်လည်း လဆန်းရက်ကဈေးထက်တော့ ဈေးပိုရလျက်ရှိတာကို တွေ့ရပါတယ်။ ပဲလွန်းဖြူသစ်များဟာ နှစ်ကုန်ဒီဇင်ဘာလဆန်းကတည်းက ပဲဈေးကွက်သို့ဝင်ရောက်ခဲ့ပြီး တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဖြင့် ဈေးကောင်း ရခဲ့တဲ့အတွက် ယခင်နှစ်ကပဲသစ်ပေါ်စအချိန် ထက်ဈေးပိုရခဲ့ပါတယ်။ ယခုလို ပဲအထွက်လှိုင်ချိန်မှာ ပဲဈေးနှုန်းလျော့နည်းလာခဲ့လို့ ယခင်နှစ်ဈေးနှင့် ဈေးတူရခဲ့တယ်လို့ သိရပါတယ်။ ပဲသစ်အဝင်များလာသလို လက်လီသာ အဝယ်ရှိသော်လည်း ဝင်လာသမျှပဲသစ်များ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

### ပြည်ဘိုကိတ်ပဲသစ် လက်လီ၊လက်ကား အရောင်းအဝယ်ဖြစ်ပြီး ဈေးငြိမ်

ပြည်ပဲဈေးကွက်မှာ ယခုတစ်ပတ်အတွင်း ဘိုကိတ်ပဲသစ်များဈေးငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့လို့ ပဲတစ်တင်းကျပ် ၂၅၅၀၀ ဖြင့်သာ လဆန်းရက်ကဈေး အတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဝင်ရောက်လာတဲ့ ပဲတွေကို လက်လီသမား၊ ရန်ကုန်ဝယ်လက်မှမှာယူမှုရှိလို့ လက်လီလက်ကား အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် တစ်ရက်လျှင် အိတ် ၅၀မှ၁၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ယခင်နှစ်ကဘိုကိတ်ပဲသစ်ပေါ်စအချိန်ဈေး မှာ တစ်တင်းကျပ် ၂၇၀၀၀ ထိရရှိခဲ့လို့ ယခုနှစ်ဈေးမှာ ယခင်နှစ်ထက် ဈေးလျော့နေခဲ့ပေမယ့် ပြည်ပပို့ကုန်ပဲများရဲ့ဈေးထက်တော့ ဈေးပိုရသလို ပဲတီစိမ်းသီးနှံနှင့် ဈေးပြိုင်လိုလိုရနေတယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

Vol: 18, No.5 Monday January 29 2018



# မွေးမြူရေးတောင်သူများအတွက် ကျွဲ ၊ နွား တရားဝင်တင်ပို့မှုမှ အခွင့်အလမ်းကောင်းများရရှိ

**လန်းဆန်းဦး (မူဆယ်)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ရောင်းလိုအားနှင့် ဝယ်လိုအားအရ ဖြစ်ပေါ်နေသော လွတ်လပ်သောဈေးကွက်ကို ဖော်ဆောင်နိုင်ရန်နှင့် တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ရောက်ရှိစေပြီး နိုင်ငံတော်အခွန်အခများ အပြည့်အဝရရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ ပြည်သူများအကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် ဆိတ်၊ ကျွဲ၊ နွား မွေးမြူရေးလုပ်ကိုင်သူများ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ရရှိစေရန် တရားဝင်တင်ပို့ခွင့်ပြုနိုင်ရေးအတွက် ကျွဲ၊ နွား (အရှင်) များအားပြည်ပသို့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တရားဝင်တင်ပို့ခွင့်ပြုလိုက်ကြောင်း ဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/ ၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့သလို ဝန်ကြီးရုံး၏ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် ရက်စွဲပါစာအမှတ်၊ စက-၁၂/၂-၁၈/၂၀၁၆ (၃) ဖြင့် ဆိတ်အရှင်များကိုလည်း ပြည်ပသို့ပြန်လည် တင်ပို့ခွင့်ပြုခဲ့ပါတယ်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ကျွဲ၊ နွား(အရှင်)များ တရားဝင်တင်ပို့နိုင်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးရေးစခန်း (AQS) မြေနေရာရွေးချယ်သတ်မှတ်ရန် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၂ရက်တွင် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်၊ တာဝန်ခံနှင့်မြေပြင်ကွင်းဆင်းကြည့်ရှုပြီး မိုင်းယု (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နှင့် မူဆယ်မြို့ကြား ပြည်ထောင်စုလမ်းမကြီးအနီး ကုန်သွယ်ရေးဇုန်မှ ငါးဖာလုံခန့်အကွာအဝေးရှိ ကျိန်စမ်းကျော့ကျောက်တိုင်လမ်းခွဲအနီး ခုနစ်ဧကအကျယ်အဝန်းရှိ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးရေးစခန်း (AQS) စခန်းအားတစ်ဖက်နိုင်ငံသို့ တင်ပို့မည့် ကျွဲ၊ နွား(အရှင်)များအား(ယာယီ) ကျန်းမာရေး စစ်ဆေးတဲ့နေရာအဖြစ် သတ်မှတ်အတည်ပြုခဲ့ပါတယ်။

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ တိရစ္ဆာန်အရှင်များ တင်ပို့မှုကိုကြည့်မယ်ဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဆိတ်အရှင်ကောင်ရေ ၄၁၄၇၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁၈ သန်း၊ ဝက်အရှင်ကောင်ရေ ၄၀၀၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၀ သန်းတင်ပို့နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလ မှဇန်နဝါရီလ ၂၅ ရက်နေ့) ထိ ဝက်အရှင် ၁၂၅၀ ကောင်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၀ သန်း၊ သိုးအရှင် ၁၄၄၀ ကောင်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုညဒသမ ၀၄ သန်း၊ ဆိတ်အရှင် ၁၂၃၄၅၉ ကောင်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၃၃ သန်း၊ ကျွဲအရှင် ၅၇၇ ကောင်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၄၉ သန်း၊ နွားအရှင် ၅၄၂၃ ကောင်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၀၇ သန်း တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ကုန်သွယ်ရေးဦးစီးဌာန၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပြည်တွင်းထွက် အေးခဲအမဲသား၊ အမဲသား (အခြောက်)နှင့် အမဲဘေးထွက်ပစ္စည်းတို့ကို ပို့ကုန်လိုင်စင်ဖြင့် တင်ပို့ခွင့်ပြုလျက်ရှိပြီး ကျွဲ၊ နွား(အရှင်)များကတော့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှစ၍ တင်ပို့ခွင့်ပြုခဲ့သော်လည်း ဒီဇင်ဘာလမှသာ ပို့ကုန်လိုင်စင် လျှောက်ထားမှုများရှိတဲ့အတွက် ဒီဇင်ဘာလလယ်လောက်မှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့ခဲ့ကြတာဖြစ်ပါတယ်။ နေ့စဉ်တင်ပို့မှုအနေနဲ့ ဆိတ်အရှင်တစ်ရက်ပျမ်းမျှကောင် ၃၃၀ နှင့် ကျွဲ၊ နွား (အရှင်) တစ်ရက်ပျမ်းမျှကောင်ရေ ၂၀၀ တင်ပို့လျက်ရှိပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်နေ့အထိ ကျွဲ၊ နွား (အရှင်) တင်ပို့လျက်ရှိသော ကုမ္ပဏီ ၆၀ ခု၊ ကျွဲ၊ နွားကောင်ရေ ၆၀၀၀ ကောင်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၅၆ သန်းတင်ပို့မှုရှိပြီး၊ ဝက်အရှင်မှာ ပြည်ပတင်ပို့ရန် မွေးမြူလုပ်ကိုင်သူနည်းပါးခြင်းနှင့် ပြည်တွင်းစားသုံးမှု လိုအပ်ချက်များခြင်းတို့ကြောင့် တင်ပို့မှုနည်းပါးခဲ့ကြောင်း သိရပါတယ်။

ကျွဲ၊ နွား(အရှင်) တွေကိုတော့ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်တွေကနေ မြို့နယ်အလိုက် တိ/မွေး/ကု (ယာယီ) စစ်ဆေးရေးစခန်းများတွင် ဝယ်ယူစုဆောင်းကြတာဖြစ်ပြီး တစ်ဖက်နိုင်ငံသို့တင်ပို့ရန်အတွက် တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးပြီးကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန် ကျန်းမာရေးထောက်ခံချက်၊ သယ်ဆောင်ခွင့် အထောက်အထား၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဒေသကျွဲ ၊ နွား (အရှင်)များ ပြည်ပသို့တင်ပို့ရောင်းချခွင့် ထောက်ခံချက်များနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန် လုပ်ငန်းဌာနခွဲတွင် ပို့ကုန်လိုင်စင်လျှောက်ထားရယူပြီး ဝယ်ယူစုဆောင်းမြို့နယ်များမှ နှစ်ညအိပ်၊ သုံးရက်ခရီးဖြင့် မူဆယ်မြို့သို့ ၁၂ ဘီးယာဉ် တစ်စီးလျှင် ကျွဲ၊ နွား ၂၀ မှ ၂၅ ကောင်တင်ဆောင်ကာ ၁၆ မိုင်၊ ရေပူကုန်ပစ္စည်းစစ်ဆေးရေးစခန်း (Check Point) တို့တွင် အစစ်ဆေးခံ၍ ၎င်းမှတစ်ဆင့် မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်သို့ ဝင်ရောက်အစစ်ဆေးခံပြီး မူဆယ်မြို့နယ်၊ တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးရေးစခန်း (AQS) စခန်းမှ Health Certificate စစ်ဆေးချက်နှင့်အတူ အမှန်တင်ပို့ဆောင်ရွက်ပြီး တစ်ဖက်နိုင်ငံဈေးကွက်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့များမှ မှန်ကန်မြန်ဆန်စွာ တင်ပို့ကုမ္ပဏီများအား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယခင်တုန်းက တောင်သူဦးကြီးများဟာ လယ်ယာကဏ္ဍတွင် ကျွဲ၊ နွားများကိုသာ ထွန်ယက်စိုက်ပျိုးရန် အဓိကဦးစားပေး အသုံးပြုလျက်ရှိပါတယ်။ ယခုအခါ ခေတ်မီတိုးတက်လာသည်နှင့်အမျှလယ်ယာကဏ္ဍမှ စက်မှုလယ်ယာကဏ္ဍသို့ ဖော်ဆောင်နေမှုကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနေသော ခိုင်းကျွဲ၊ ခိုင်းနွားများကို ထိခိုက်မှုမရှိစေဘဲ ပြည်တွင်းတွင် ကျွဲ၊ နွားများ မွေးမြူထားသော တောင်သူဦးကြီးများသာမက မွေးမြူရေးလုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင် မွေးမြူထားသော ဒေသခံပြည်သူများမှပါ စီးပွားဖြစ်ပြည်ပသို့ မွေးမြူရောင်းချလုပ်ကိုင်လျက်ရှိလာပါတယ်။

ကျွဲ၊ နွား (အရှင်) များအား ပြည်ပတင်ပို့ခွင့် လိုင်စင်ခွင့်ပြုမပေးမီကာလက တရားမဝင် တင်ပို့မှုများရှိနေပြီး ယခုအခါ တရားဝင်တင်ပို့ခွင့်အား ခွင့်ပြုခဲ့သည့်အတွက် တရားမဝင်မှောင်ခိုလမ်းကြောင်းမှ သွားလာနေသူများသည် တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီး ၎င်းလုပ်ငန်းရှင်များအနေဖြင့် တရားဝင်လမ်းကြောင်းမှ အတားအဆီးများမရှိတော့ဘဲ ကုန်ကျစရိတ်သက်သာပြီး လွတ်လပ်စွာ အလွယ်တကူ သွားလာနေရသည့်အတွက် ဝမ်းသာပီတိဖြစ်မိပါကြောင်း သိရှိရပါတယ်။ တရားဝင်တင်ပို့မှုအနေဖြင့် ကျောက်ဆည်၊ မြင်းခြံမှ ဝယ်ယူစုဆောင်းပြီး မူဆယ်အရောက် နွားတစ်ကောင်သယ်ယူမှုခန့်မှန်း ကုန်ကျစရိတ်မှာကျပ် ၁၆ သိန်းခန့်ရှိပြီး၊ တစ်ဖက်နိုင်ငံသို့ ရောင်းချရဈေးမှာ ကျပ် ၁၉ သိန်းခန့်ရရှိခြင်းကြောင့် နွားတစ်ကောင် သုံးသိန်းကျပ်ခန့် အကျိုးအမြတ်ရရှိနေကြောင်း သိရှိရပါတယ်။ ကျွဲ၊ နွား (အရှင်) များအား တစ်ဖက်နိုင်ငံသို့ တရားဝင်လိုင်စင်ဖြင့် တင်ပို့ခြင်းကြောင့် မွေးမြူရေးလုပ်ကိုင်လျက်ရှိသော ဒေသခံပြည်သူများ အကျိုးအမြတ်များစွာရရှိနေသလို နိုင်ငံတော်အနေဖြင့်လည်း ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိလာမှာ ဖြစ်ပါတယ်။

တစ်ဖက်နိုင်ငံ၏ ဈေးကွက်ဝယ်လိုအားအနေဖြင့် မူဆယ်မြို့သည် တစ်ဖက်နိုင်ငံရှိ လူဦးရေထူထပ်သော ယူနန်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိနေခြင်းကြောင့် ပြည်တွင်း ကျွဲ၊ နွား မွေးမြူလုပ်ကိုင်လျက်ရှိသော တောင်သူဦးကြီးများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအတွက် တစ်ဖက်နိုင်ငံဈေးကွက် လိုအပ်ချက်အပေါ် အခွင့်အလမ်းကောင်းများရှိနေကြောင်း တွေ့ရှိရပြီး ပြည်ပပို့ကုန် သုံးဆတိုး မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပသို့တရားဝင်တင်ပို့လျက် ရှိသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်စသည့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ အားယခုထက်ပိုမို တိုးမြှင့်ဆောင်ရွက်သွားရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။



# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၁၃၀၀၀၀ နီးပါးဝင်

ဇန်နဝါရီ ၁၄ ရက်မှ ၂၀ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၇၀၅၀၀၉၀ တန်ဖိုးရှိ ဓာတ်ဆီ၃၁၄၄၂ ဒသမ ၄၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၅၂၉၈၉၈၇၃ တန်ဖိုးရှိ ဒီဇယ် ၉၆၈၉၃ ဒသမ ၁၈ တန်၊စုစုပေါင်း ၁၂၈၃၃၅ ဒသမ ၆၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၅၀၈၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၄၆၀၀၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၁၅၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဓာတ်ဆီတန်ချိန် ၉၈၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၉၈၂၈၀၅ တန်ဖိုးရှိ ဒီဇယ် ၃၃၁၅ ဒသမ ၁၄ တန်ကို တင်သွင်းခဲ့ပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၈၃ တန်ဖိုးရှိ Re-export ဒီဇယ် ၁၃၀၄၉ ဒသမ ၆၆ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၃၀၈ တန်ဖိုးရှိ Re-export ၅၁ ဒသမ ၁၆ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ် ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများကတော့ ဒီဇယ်ကျပ် ၈၃၀၊ အောက်တိန်း (92)ကျပ် ၈၁၀၊ အောက်တိန်း (95)ကျပ် ၈၅၀၊အဆင့်မြင့်ဒီဇယ် ကျပ် ၈၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီလ ၂၂ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၂၂ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၀၀၀၀၊ ရောင်းဈေး ကျပ် ၁၇၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇန်နဝါရီလ ၂၅ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၆၀၀၀ ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း (95)၊ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာဈေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ၉၃၅ ကျပ်၊ ဒီဇယ်တစ်လီတာ ကျပ် ၈၆၀ ၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၈၈၀၊ အောက်တိန်း (92) တစ်လီတာ ကျပ်၈၈၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချ နေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ ဇန်နဝါရီ ၂၂ ရက်တွင် ဒီဇယ်ဝယ်ဈေး ကျပ် ၁၈၀၀၀၀၊ ရောင်းဈေး ကျပ် ၁၈၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇန်နဝါရီ ၂၅ ရက်တွင် ဝယ်ဈေးကျပ် ၁၈၅၀၀၀၊ ရောင်းဈေး ကျပ် ၁၈၈၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဇန်နဝါရီလ ၂၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၃၀၀၀၊ ရောင်းဈေး ကျပ် ၁၇၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇန်နဝါရီ ၂၆ ရက်တွင် ဝယ်ဈေး ကျပ် ၁၇၅၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအနည်းငယ်သာ အပြောင်းအလဲရှိခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း(95)မှာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ်၊ ၈၈၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၈၅၀ ၊ အောက်တိန်း (95) ၈၉၅ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၀၀၀၊ အောက်တိန်း (92)တစ်ဂါလံ ကျပ် ၃၉၀၀ ၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ကျပ် ၈၆၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၈၀၊ အောက်တိန်း (92) ကျပ် ၈၇၀၊ အောက်တိန်း(95) ကျပ် ၁၀၁၀ နဲ့ အရောင်း အဝယ်ဖြစ်နေတယ်လို့ သိရှိရပါ တယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT )**

## Energy NYMEX 26-1-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 65.56 | 0.05 | 0.08 |
| Brent Crude Futr (USD/bbl) | 70.41 | -0.01 | -0.01 |
| Gasoline Rbob Fut (Cent/gal) | 191.05 | -0.49 | -0.26 |
| Natural Gas Futr (USD/MMBtu) | 3.47 | 0.02 | 0.61 |
| Heating Oil Futr (Cent/gal) | 211.57 | 0.03 | 0.01 |

## ပြည်တွင်းငွေလဲနှုန်း ဆက်လက်ကျဆင်းနေခဲ့

ယခုလဆန်းပိုင်းမှစတင်ကာ ဈေးနှုန်းကျဆင်းလာခဲ့သော ပြည်တွင်းငွေလဲနှုန်းသည် လကုန်ပိုင်းအထိ ဈေးဆက်ကျခဲ့ကြောင်းသတင်းရရှိသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာ ၁၃၄၆ ကျပ်မှ ကျပ် ၁၃၄၀ သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ယခုတစ်ပတ်တွင် အမေရိကန်အစိုးရအတွင်း ဘတ်ဂျက်ဆိုင်ရာ အငြင်းပွားမှုများကြောင့် အစိုးရယန္တရားရပ်တန့်နေခဲ့ပြီး ဒေါ်လာဈေးကျဆင်းခဲ့ရကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်တွင်လည်း အမေရိကန်ဒေါ်လာဝယ်လိုအား ကျဆင်းခဲ့ကာ ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇန်နဝါရီ ၂၂ ရက်က အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၃၈ ကျပ်၊ ဝယ်ဈေး ၁၃၃၆ကျပ်၊ ဇန်နဝါရီ ၂၄ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၃၃ကျပ်၊ ဝယ်ဈေး ၁၃၃၁ကျပ်ထိ ဈေးကျခဲ့သလို ဇန်နဝါရီ ၂၆ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၇ ကျပ်၊ ဝယ်ဈေး ၁၃၂၅ ကျပ်ဖြင့် ဈေးဆက်တိုက် ကျဆင်းလာခဲ့ကြောင်း၊ ယခင်တစ်ပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ပြည်တွင်းဒေါ်လာဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးကွက်အတွင်း ကျပ်ကိုးသိန်းငါးထောင်ကျော် ဈေးမြင့်

ဇန်နဝါရီလ နောက်ဆုံးပတ် ပြည်တွင်းရွှေဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ကိုးသိန်း ငါးသောင်းကျော်အထိ ဈေးမြင့်တက်ခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ကျပ် ၉၄၅၀၀၀ ကျော်အထိမြင့်တက်ခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် ၉၅၀၀၀၀ အထက်သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

"လူတွေက ရွှေဘက်ကိုစိတ်ဝင်စားလာကြတယ်။ ဒေါ်လာကလည်း ပြည်တွင်းမှာရော နိုင်ငံတကာမှာပါ ဈေးကဆက်တိုက်ကျနေတယ်။ ဒေါ်လာဈေးမလာရင်တော့ ရွှေဈေးတစ်မျိုးတစ်မည်ဖြစ်သွားပါလိမ့်မယ်။အခုအတိုင်းကတော့ လာမယ့်ရက်သတ္တပတ်တွေမှာလည်း ပြည်တွင်းရွှေဈေးက အမြင့်ပိုင်းမှာပဲ ရှိနေဦးမယ်။ တရုတ်နှစ်သစ်ကူးကလည်း နီးလာတော့ ရွှေဝယ်လိုအား များလာတာလည်းရှိတယ်" ဟု ရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇန်နဝါရီ ၂၂ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၈၀၀၀ ရှိခဲ့ရာမှ ဇန်နဝါရီ ၂၄ရက်တွင် ကျပ် ၉၅၂၀၀၀ ဝန်းကျင်သို့ မြင့်တက်လာခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်တွင် ကျပ် ၉၄၉၀၀၀သို့ ပြန်လည်ကျဆင်းလာခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဇန်နဝါရီ ၂၂ရက်က တစ်အောင်စလျှင် ၁၃၃၄ အမေရိကန်ဒေါ်လာ၊ ဇန်နဝါရီ ၁၇ရက်တွင် တစ်အောင်စလျှင် ၁၃၅၇ အမေရိကန်ဒေါ်လာရှိခဲ့ပြီး ဇန်နဝါရီ ၁၉ ရက်တွင် ၁၃၅၄ အမေရိကန်ဒေါ်လာသို့ ပြန်ကျခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## TMH အစုရှယ်ယာများ ရန်ကုန်စတော့ဈေးကွက်သို့ ဝင်ရောက်

ငါးခုမြောက် စာရင်းဝင်ကုမ္ပဏီဖြစ်သည့် TMH Telecom Public Co.,Ltd (တီအမ်အိတ်ချ်ဆက်သွယ်ရေး အများပိုင်ကုမ္ပဏီ)၏ အစုရှယ်ယာများ ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်မှုကို ဇန်နဝါရီ ၂၆ ရက်တွင် စတင်ခဲ့ပြီဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက သတင်းထုတ်ပြန်ထားသည်။

TMH အစုရှယ်ယာများ စတော့အိတ်ချိန်းတွင် စတင်ရောင်းဝယ်ခြင်း အခမ်းအနားကို ရန်ကုန်စတော့အိတ်ချိန်း၌ ပြုလုပ်ခဲ့ရာ ဂျပန်နိုင်ငံ ပါလီမန်ဆိုင်ရာ ဘဏ္ဍာရေး ဒုတိယဝန်ကြီး Mr.Muraiနှင့် စီမံ/ဘဏ္ဍာ ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း တက်ရောက်ခဲ့သည်။

"အခုလို ရန်ကုန်စတော့အိတ်ချိန်းကို TMH Telecom Public Co., Ltd. ဝင်ရောက်လာခြင်းက အရင်းအနှီးဈေးကွက်ကတစ်ဆင့် ကိုယ်လိုအပ်နေတဲ့ ရင်းနှီးမြှုပ်နှံမယ့်ငွေကြေးကို ဘယ်လိုရှာဖွေနိုင်သလဲဆိုတာ သာဓကတစ်ခုဖြစ်ပါတယ်။ မြန်မာအာဏာပိုင်တွေက အွန်လိုင်းကတစ်ဆင့်အစုရှယ်ယာတွေကို ရောင်းဝယ်ခွင့်ပြုလိုက်ပြီဖြစ်လို့ မကြာသောကာလတစ်ခုမှာ မြန်မာနိုင်ငံရဲ့စတော့ဈေးကွက်က ပိုပြီးသက်ဝင်လှုပ်ရှားလာတော့မှာ ဖြစ်ပါတယ်"ဟု ဂျပန်နိုင်ငံပါလီမန်ဆိုင်ရာ ဘဏ္ဍာရေး ဒုတိယဝန်ကြီး Mr.Murai က ပြောသည်။

ဇန်နဝါရီ ၂၆ရက် နံနက် ၁၁ နာရီ ရန်ကုန် စတော့အိတ်ချိန်းအရောင်းအဝယ် ပိတ်ချိန်တွင်TMHအစုရှယ်ယာတစ်စုလျှင် ကျပ် ၃၂၅၀၊ နေ့လယ် ၁ နာရီ အရောင်းအဝယ် ပိတ်ချိန်တွင် ကျပ်၃၂၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီငါးခုမှာ FMI၊ MTSH၊ မြန်မာနိုင်ငံသားများဘဏ်၊ ပထမပုဂ္ဂလိကဘဏ်နှင့် TMH (တီအမ်အိတ်ချ်ဆက်သွယ်ရေး အများပိုင်ကုမ္ပဏီ)တို့ဖြစ်သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

January 26, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.24 |
| BDT | Bangladesh Taka | 83.23 |
| CAD | Canada Dollars | 1.23 |
| CNY | China Yuan Renminbi | 6.33 |
| EUR | Euro | 0.80 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 63.51 |
| I DR | Indonesia Rupiahs | 13303.23 |
| JPY | Japan Yen | 109.05 |
| MYR | Malaysia | 3.88 |
| PKR | Pakistan Rupees | 110.72 |
| PHP | Philippines Pesos | 50.82 |
| RUB | Russia Rubles | 55.86 |
| SGD | Singapore Dollars | 1.31 |
| KRW | South Korea Won | 1062.99 |
| LKR | Sri Lanka Rupe | 153.71 |
| THB | Thailand Baht | 31.30 |
| GBP | United Kingdom Pounds | 0.70 |
| VND | VietnamDon | 22729.90 |

*Source:xe.com*

## World Gold Price

January-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 22 | 1335 | 1333 | 1335 |
| 23 | 1340 | 1338 | 1337 |
| 24 | 1344 | 1342 | 1342 |
| 25 | 1369 | 1366 | 1362 |
| 26 | 1358 | 1356 | 1356 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 22-1- 2018 | 946.50 | 947.00 |
| 23-1- 2018 | 949.00 | 949.50 |
| 24-1- 2018 | 950.30 | 950.20 |
| 25-1- 2018 | 955.00 | 954.50 |
| 26-1- 2018 | 951.00 | 950.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 22 | 6.41 | 31.88 | 82.92 | 63.90 |
| 23 | 6.41 | 31.78 | 83.25 | 63.78 |
| 24 | 6.39 | 31.71 | 82.97 | 63.67 |
| 25 | 6.32 | 31.37 | 82.91 | 63.50 |
| 26 | 6.33 | 31.30 | 83.23 | 63.51 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 22-January | 17.00 | 3447.06 | 2224.06 | 7048.17 | 1013.00 |
| 23-January | 17.00 | 3446.40 | 2233.09 | 6994.39 | 994.00 |
| 24-January | 17.02 | 3448.82 | 2230.45 | 6904.03 | 1004.00 |
| 25-January | 17.65 | 3486.51 | 2257.99 | 7144.71 | 1022.00 |
| 26-January | 17.41 | 3463.59 | 2225.38 | 7078.81 | 1014.00 |

## ဘိလပ်မြေ

# ရေလမ်းရောနယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့

ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၅၈၇၄၅ တန်ဖိုးရှိ ဘိလပ်မြေ ၇၄၂၀ ဒသမ ၅၈တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၃၂၀ ဒသမ ၀၃တန်၊ စပိန်နိုင်ငံမှ ၅၇၇၂ ဒသမ ၅၅တန်နဲ့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ ၁၃၂၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၁၆၃၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၈၈၇၀ကျော်တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာတန်ချိန်၅၄၅၀ကျော်ရှိပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၁၃၃၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၇၉၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါအဝင်လျော့ခဲ့ပါတယ်။



# ဘိလပ်မြေဈေးကွက် အငြိမ်ဈေးနဲ့အရောင်းသွက်

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီးဈေးငြိမ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၅၇၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၀၀၊ စိန်(ထိုင်း)၅၂၂၅ကျပ် နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်သွက်ပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံးကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၆၀၀၊ အယ်လ်ဖာ ကျပ် ၄၈၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၉၀၀၊ ခရောင်း ကျပ် ၅၀၀၀၊ အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ**ပွင့်လင်းရာသီကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်လာတာကြောင့် အရောင်းအဝယ်ကောင်းတယ်။ ဒါပေမယ့် ဘိလပ်မြေ ဈေးငြိမ်နေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၄၇၀၀၊ စိန်(ထိုင်း) ကျပ်၆၁၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ရာသီဥတုသာယာတာကြောင့် အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါး ကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## စားသုံးဆီ/ဓာတ်မြေဩဇာ

## ဓာတ်မြေဩဇာ

# ဒီတစ်ပတ်မြေဩဇာတန်ချိန် ၇၀၀၀ကျော်ဝင်

ဇန်နဝါရီ ၁၄ မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၃၆၆၀၂၇ တန်ဖိုးရှိ မြေဩဇာ ၇၀၉၂ ဒသမ ၁၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၅၀၀၊ တရုတ်နိုင်ငံမှ ၉၅၁ တန်၊ မလေးရှားမှ ၂၇၅ တန်၊ နော်ဝေနိုင်ငံမှ ၁၉၉ ဒသမ ၅၀ တန်၊ ထိုင်းနိုင်ငံမှ ၄၀၆၆ ဒသမ ၆၈ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၁၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ ကွန်ပေါင်း၊ နိုက်တြိတ်၊ ပိုတက်ဆီယမ်၊ အာမို၊ ကွန်ပေါင်း ၁၅း၉း၂၀ တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၈၉၃၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၈၃၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

# တောင်ကြီးမြေဩဇာဈေးကွက် အရောင်းအေး

ဇန်နဝါရီ၁၃ ရက်မှ ၁၉ ရက်အထိ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာတန်ချိန် ၁၃၂၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၂၄၉၅၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၇၄၀ကျော်အဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့ မကွေးမှာ အရောင်းပုံမှန်ရှိပြီး တောင်ကြီးနဲ့ မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုလဲ-အသေး(ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၅၀၀ ဈေးကျပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ရွှေပျား-တရုတ်) ကျပ် ၂၄၀၀၀၊ ပုလဲ-အသေး၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၃၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆%(မြွားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၅၅၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ်၁၈၀၀၀၊ မြွားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ**ဒီတစ်ပတ်အရောင်းအဝယ်အေးသလိုဈေးလည်း ငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၇၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ်၂၆၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၈၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ခတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြွားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပါးပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခုချိန်မှာ ဈေးကွက်ထဲကို မြေဩဇာအဝင်နည်းတယ်။ တရုတ်နှစ်ကူးပွဲတော်ပြီးရင်တော့ အဝင်များနိုင်တယ်လို့ မြေဩဇာအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်း ပြောဆိုပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်)ကျပ်၂၄၈၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၄၉၀၀၊ တီစူပါ၄၆% တရုတ် ကျပ် ၂၁၈၀၀၊ မြွားသီးစုံ ကျပ် ၁၄၅၀၀၊ ပန်းသီးစုံ ကျပ် ၁၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊အာမို၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

# ရေကြောင်းလမ်းမှ နှံ့ဆီအဝင်ပိုပြီး နှံ့မှုန့် အဝင်လျော့

ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၅၇၅၂၀ တန်ဖိုးရှိ နှံ့ဆီ ၃၀၆ ဒသမ ၄၂၇ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၁ ဒသမ ၈၈၄တန်နဲ့ စင်ကာပူနိုင်ငံမှ ၂၈၄ ဒသမ ၅၄၃တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့ဆီတန်ချိန် ၁၀၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နှံ့ဆီတန်ချိန်၁၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နှံ့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၆၇ ဒသမ ၆၀ တန်၊ ပိုလန်နိုင်ငံမှ ၂၂တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၅ ဒသမ ၈၄၈ တန် စုစုပေါင်း ၉၅ ဒသမ ၄၄၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့်တန်ချိန် ၂၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နှံ့မှုန့်တန်ချိန် ၁၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နှံ့ဆီ အဝင်ပိုပြီး နှံ့မှုန့်အဝင်လျော့ခဲ့ပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၁ မှ ၁၉/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၁ မှ ၁၂/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | ၁၀.၀၀ | (-) | ၁၀.၀၀ |
| ၂။ | လွယ်ဂျယ် | ၄၀၀.၀၀ | ၄၁၇.၅၀ | (-) | ၁၇.၅၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၇၅၇.၀၀ | ၂၄၂၅.၀၀ | (+) | ၃၃၃.၀၀ |
| ၅။ | တာချီလိတ် | ၂၃၀၀.၀၀ | ၈၃၀၀.၀၀ | (-) | ၆၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၁၂၂.၅၀ | (-) | ၁၂၂.၅၀ |
| ၈။ | မြိတ် | - | ၂၁၀၀.၀၀ | (-) | ၂၁၀၀.၀၀ |
| | စုစုပေါင်း | ၅၄၅၇.၀၀ | ၁၃၃၇၅.၀၀ | (-) | ၇၉၁၇.၀၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၃/၁ မှ ၁၉/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၁ မှ ၁၂/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၅၄၂.၃၅ | ၁၄၁၀၃.၀၀ | (-) | ၄၆၄၀.၆၅ |
| ၂။ | လွယ်ဂျယ် | ၁၁၀.၀၀ | ၃၀.၀၀ | (+) | ၈၀.၀၀ |
| ၃။ | ချင်းရွှေဟော် | ၃၆၁.၇၅ | ၆၅၂.၇၅ | (-) | ၂၉၁.၀၀ |
| ၄။ | ကန်ပိုက်တီး | ၈၀.၀၀ | ၄၀.၀၀ | (+) | ၄၀.၀၀ |
| ၅။ | မြဝတီ | ၂၉၁၅.၀၈ | ၅၅၉၉.၁၀ | (-) | ၂၆၈၄.၀၂ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၀၄.၄၃ | ၄၄၅၀.၀၀ | (-) | ၄၂၄၅.၅၇ |
| | စုစုပေါင်း | ၁၃၂၁၃.၆၁ | ၂၄၉၇၄.၈၅ | (-) | ၁၁၇၆၁.၂၄ |

ခင်မိုးသူ

## နှမ်း

# မူဆယ်မှ နှမ်းပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၄ သန်းတန်ဖိုးရှိ နှမ်းနက်တန် ၁၀၀၊ နှမ်းဖြူ(အခွံချွတ်)တန် ၄၀နဲ့ နှမ်းလှော်သုံးတန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ နှမ်းနက်၁၂၃တန်ခွဲနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ် မူဆယ်မှတန် ၂၀ နီးပါးပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၈၇ သန်းတန်ဖိုးရှိ နှမ်းနက် ၂၀၀၉တန်ကျော်၊ နှမ်းညို ၁၀၃ တန်ကျော်၊ နှမ်းဖြူ ၅၈၉ တန်ကျော်နဲ့ နှမ်းညို(အခွံချွတ်) ၂၂၄ တန် စုစုပေါင်း ၂၉၂၆ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၉၄၉ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၂၃ တန်လျော့နည်းခဲ့ပေမယ့် ချင်းရွှေဟော်စခန်းအနေနဲ့ နှမ်းပုံမှန်တင်ပို့မှုရှိတယ်လို့ ဆိုရပါမယ်။

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ နှမ်းညိုတစ်တန်ခွဲကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိသီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၈၁၅၉၅၁ ကျပ်၊ နှမ်းနက်တစ်တန်လျှင် ကျပ် ၁၉၁၈၂၀၀ ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# နှမ်းဆီအဝယ်လိုက်လာလို့ နှမ်းနီဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီဈေးပြန်မြင့်လာပြီး နှမ်းနက်နှင့် စမုံနက်နှမ်းဈေး အနည်းငယ်အေးနေတာတွေ့ရပါတယ်။ နှမ်းနီကို ဆီစက်များက တပို့တွဲလ ထမနဲရာသီနီးလာလို့ အဝယ်ရှိလာပြီး နှမ်းနီလက်ကျန်မှာ ဈေးကွက်တွင်နည်းလာသဖြင့် နှမ်းနီဈေးပြန်မြင့်လာတာတွေ့ရပါတယ်။ ဆောင်းနှမ်းနက်ဈေးမှာ မိုးနှမ်းနက်ဈေးထက်နိမ့်သော်လည်း ဝယ်လိုအားနည်းနေတာ တွေ့ရပါတယ်။ ဈေးကွက်တွင် မိုးနှမ်းအဟောင်းများမရှိသလောက်ရှားပါးပြီး ဆောင်းနှမ်းနက်အသစ်များလည်း ထင်သလောက်မများပေမယ့်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ်နှမ်းနီဈေးမှာ သုံးတင်းတစ်အိတ်လျှင်ကျပ် ၁၁၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးမြင့်နေပြီး နှမ်းနက်ဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ရရှိကာ ဆောင်း နှမ်းနက်သုံးတစ်တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ဖြစ်ကြောင်းသိရပါတယ်။ စမုံနက်နှမ်းကတော့ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျဆင်းလာကြောင်း ပြည်ဈေးကွက်မှ စုံစမ်းသိရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ



# ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် စားအုန်းဆီဈေးနှုန်းကျဆင်း

ရင်းဂစ်တန်ဖိုးမြင့်တက်မှုက သုံးရက်ဆက်တိုက်မြင့်တက်ခဲ့သော စားအုန်းဆီဈေးနှုန်းကို ရပ်တန့်သွားစေသည့်အတွက် မလေးရှားစားအုန်းဆီကြိုရောင်း ကြိုဝယ်ဈေးသည် ဇန်နဝါရီ ၂၅ရက်ညနေဘက်တွင် တစ်ရာခိုင်နှုန်းကျော်ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

စားအုန်းဆီရောင်းဝယ်ရာတွင် ယခုနှစ်ဦးပိုင်းမှစ၍ မှန်မှန် မြင့်တက်ခဲ့ပြီး ဇန်နဝါရီ ၂၅ရက်တွင် တစ်ဒေါ်လာကို ၃ ဒသမ ၈၈၄၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ ရင်းဂစ်တန်ဖိုးမြင့်တက်လာသည့်အတွက် နိုင်ငံခြားငွေနှင့်ဖလှယ်၍ ဝယ်ယူရသည့် ဝယ်လက်များအတွက် စားအုန်းဆီဈေးနှုန်း ပိုမိုမြင့်မားလာသဖြင့် စားအုန်းဆီ၏ဝယ်လိုအားကို ကျဆင်းစေခဲ့သည်။ ထို့ကြောင့် စားအုန်းဆီဈေးကျဆင်းခဲ့ရခြင်းဖြစ်သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဧပြီအတွက် ကြိုရောင်းသော စားအုန်းဆီဈေးမှာ ဇန်နဝါရီ ၂၅ ရက်ညနေဈေးပိတ်ချိန်တွင် ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းကာ တစ်တန်ကို ၂၄၉၃ ရင်းဂစ် ( အမေရိကန်ဒေါ်လာ ၆၄၁ ဒသမ ၈၆ ဒေါ်လာ)နှုန်းရှိခဲ့သည်။ ရောင်းချရသောပမာဏမှာ ဈေးပိတ်ချိန်တွင် ၂၅ တန်ရှိအတွဲပေါင်း ၃၈၀၄၃ တွဲရှိကြောင်း သိရသည်။

ရင်းဂစ်တန်ဖိုးသည် ထိုနေ့ညနေပိုင်းက တစ်ဟုန်ထိုးမြင့်တက်ခဲ့ကြောင်းနှင့် ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် စားအုန်းဆီဈေးနှုန်းကိုလည်း အကြီးအကျယ် ကျဆင်းစေခဲ့ကြောင်း ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။

မလေးရှားဗဟိုဘဏ်က ဗဟိုဘဏ်အတိုးနှုန်းကို သုံးနှစ်ခွဲအတွင်း ပထမဆုံးအကြိမ်အဖြစ် သုညဒသမ ၂၅ ရာခိုင်နှုန်းတိုးပြီး ၃ ဒသမ ၂၅ ရာခိုင်နှုန်းသတ်မှတ်ခဲ့သည့်နောက်ပိုင်း ရင်းဂစ်တန်ဖိုးမြင့်တက်လာခြင်းဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးမှုကြောင့် မလေးရှားနိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် စားအုန်းဆီ ပြည်ပတင်ပို့မှုမှာလည်း ယင်းလကာလတူနှင့်နှိုင်းယှဉ်ပါက ဇန်နဝါရီ ၁ ရက်မှ ၂၅ ရက်အတွင်း ခုနစ်ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအေဂျင်စီ Intertek Testing Services က ဇန်နဝါရီ ၂၅ ရက်က ပြောသည်။ အခြားကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ဖြစ်သည့် Societe Generale de Surveillance အရ အဆိုပါကာလအတွင်း ၆ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းသည်ကို တွေ့ရသည်။

အခြားစားသုံးဆီဈေးများအနက် ပဲပုပ်ဆီကြိုရောင်းကြိုဝယ်ဈေးမှာ အမေရိကန်ချီကာဂိုရောင်းဝယ်ရေးဈေးကွက်တွင် သုည ဒသမ၁ရာခိုင်နှုန်း ကျဆင်းပြီးတရုတ်နိုင်ငံဒါလီယံဈေးကွက်တွင် မေအတွက် စားအုန်းဆီဈေးမှာ သုည ဒသမ ၀၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၆-၁-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၂၀၀ | ၅၂၀၀ | □ | ၄၇၀၀ | ၄၇၀၀ | □ | ၁၈၅၀ | ၁၈၀၀ | ▽ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၉၀၀ | ၁၈၀၀ | ▽ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | ၅၂၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၃၀၀ | △ | ၄၃၀၀ | ၄၅၀၀ | △ | ၂၀၀၀ | ၂၁၀၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၆-၁-၂၀၁၈ US$/Ton

| အမျိုးအစား | ဇန်နဝါရီတတိယပတ် | ဇန်နဝါရီစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၂.၅၀ | ၆၃၁.၀၀ | ▽ |
| RBD P.Olein | ၆၅၃.၅၀ | ၆၃၈.၅၀ | ▽ |
| RBD P.Stearin | ၆၅၉.၀၀ | ၆၅၁.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၆-၁-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၀၄.၀၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၄၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၄၇.၇၀၈ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၆-၁-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၃၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၆-၁-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ကြက်သွန်နီကို ပစ်ပယ်ထားသလား



**မျိုးသူ(ကုန်သွယ်မြှင့်)**

မြန်မာနိုင်ငံသားများအတွက် ကြက်သွန်နီ အပါအဝင် အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့သည် နေ့စဉ်ထမင်းနှင့်ဟင်းလျာတွင် မပါမဖြစ်ပစ္စည်းများဖြစ်သည်။ ဆန်၊ ဆီတို့ကိုအစိုးရဌာနဆိုင်ရာများအပြင် ကုန်သည်များ၊ စားသုံးသူများအားလုံးကအလေးအနက်ထားပြီး စိုက်ပျိုးမှုတိုးတက်ရေး၊ အထွက်နှုန်းတိုးတက်ရေး၊ တောင်သူများအရင်းအနှီးရရှိရေး၊ တောင်သူအခွင့်အလမ်းအကျိုးစီးပွားကာကွယ်ရေးတို့ကိုပါ အလေးအနက်ထားဆောင်ရွက်ကြပါသည်။ ကုန်သည်များဘက်မှလည်းတိုးတက်ရေးများကို အမျိုးမျိုးတွေးတောကြံဆဆောင်ရွက်ကြသည်ကိုတွေ့နေရသည်မှာ အားရစရာဖြစ်ပါသည်။ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့ဆန်တင်ပို့မှုတွင်လည်း နှစ်ပေါင်း ၅၀-၆၀ အတွင်းစံချိန်သစ်ပင်တင်နိုင်ပြီဖြစ်ပါသည်။ ဆီထွက်သီးနှံအပိုင်းတွင်လည်း နှမ်းနှင့်မြေပဲ တင်ပို့မှုသည် တိုးတက်လျက်ရှိသည်မှာအားရစရာဖြစ်ပါသည်။

သို့သော်လည်းမြန်မာ့ဟင်းလျာတွင်အထောက်ခံပြီး အမြဲပါရသည့်ငရုတ်သီးနှင့် ကြက်သွန်နီတို့သည် ပညတ်သွားရာခါတ်သက်ပါဆိုသကဲ့သို့ အထောင်းခံရန် မွေးဖွားလာသလားဟုထင်စရာဖြစ်နေပြီလားဟု သူတို့နေရာမှတွေးကြည့်မိပါသည်။ ငရုတ်သီးကိုကြည့်လျှင် ယနေ့အထိအညာတွင် စိုက်ပျိုးထုတ်လုပ်နေသော်လည်း တိုးတက်မှုမှာအားရစရာမရှိပါ။ ပြည်ပသို့လည်းမှီဆိပ်ကြောင့် တင်ပို့ရန်မဖြစ်နိုင်ပါ။ ပြည်တွင်းတွင်လည်းငရုတ်သီးထုတ်လုပ်မှုသည် တစ်နိုင်တစ်ပိုင်ထုတ်လုပ်မှုများသာများပြားခြင်း၊ ကျန်းမာရေးနှင့်မလျော်ညီသောထုတ်လုပ်မှုများသာ များပြားခြင်းတို့ကြောင့် တိုးတက်ရမည့်အစား ပြည်ပမှဝင်လာသည့်ငရုတ်သီးနီနီများကိုသာ နောင်တွင်စားသုံးရတော့မည့်အခြေအနေဖြစ်လာပါပြီ။ မန္တလေးမြို့အနီးငရုတ်သီးမှုန့်ထုတ်လုပ်နေသော ရွာတစ်ရွာကို သွားရောက်လေ့လာဖူးပါသည်။ မြေပြင်ညီတွင်ပြုလုပ်ထားသော ကျင်းအတွင်းသစ်သားကျည်ပွေ့ဖြင့် ထောင်းပြီးအမှုန့်ပြုလုပ်ခြင်းဖြစ်ပါသည်။ ငရုတ်သီးကုန်ကြမ်းကိုလည်း အိတ်များဖြင့်သယ်လာပြီး ကြမ်းပေါ်တွင်စုပုံပါသည်။ ဖလံဟုခေါ်သော မအောင်မမြင်ဖြူဖတ်ဖြူရော်ငရုတ်အပိန်အလိန်များကို ကိုင်တွယ်ရလွယ်အောင် ရေလေးအနည်းငယ်လောင်းပါသည်။ ထို့နောက် လူအားဖြင့် ထောင်းပါသည်။ ထောင်းနေသည့်နေရာအနီးတွင် မီးဖိုချောင်၊ ရေချိုးသည့်နေရာ၊ တစ်ခါတစ်ရံ အိမ်သာများနှင့် အလှမ်းမဝေးပါ။ ထောင်းသည့်သူကလည်းလက်ဆေးခြင်းကို အချိန်ရမှသာလုပ်နိုင်ပါသည်။ ထောင်းနေသည့်ငရုတ်သီးသည်ဖလံဖြစ်သဖြင့် အရောင်မှာဖြူဖတ်ဖြူရော်သာဖြစ်သဖြင့်ရောင်းပန်းလှစေရန် ဆိုးဆေးအနီကိုထည့်ကြပါသည်။ အဆိုပါဆိုးဆေးသည်ဆိုးဆေးရောင်းသည့် ဆိုင်များတွင်ဈေးအသက်သာဆုံးနှင့် အနီဆုံးဖြစ်မည့် ဆိုးဆေးကိုဝယ်ယူထည့်သုံးကြခြင်းဖြစ်ပါသည်။ စားမည့်သူအန္တရာယ်ဖြစ်မဖြစ်ကိုသူတို့မသိကြပါ။ ဤလုပ်ငန်းစဉ်များပြီးဆုံးသည့်အခါ ရောင်းချရန်အသင့်ဖြစ်နေသည့် ငရုတ်သီးမှုန့်နီနီလေးများရပြီဖြစ်ပါသည်။ ထို့နောက်ပီနန်အိတ်များဖြင့်ထုပ်ပိုးပြီး မန္တလေးမြို့ဈေးချိုရတနာပုံဈေးစသော ဈေးကြီးများသို့သွားရောက်သွင်းကြပါတယ်။ ဤသို့ဤပုံလုပ်လျှင် စားသုံးသူများအတွက် ကင်ဆာကဲ့သို့ဘေးဆိုးကြီးများဖြစ်နိုင်သည်ဟုပြောပြပြီး စားသုံးကုန်ပစ္စည်းတွင်သုံး၍ရသောဆိုးဆေးများသာသုံးရန်၊ သန့်သန့်ရှင်းရှင်းကိုင်တွယ်ရန်၊ မကိုင်မီနှင့်ကိုင်ပြီးလက်ကိုသေချာဆေးရန်စသည်စသည်များပြောပြသည့်အခါ သူတို့အနေဖြင့် ပြုပြင်လိုကြပါသည်။ သို့ရာတွင် ဈေးကြီးများမှ လက်ကားဝယ်ယူသည့် ကုန်သည်များမှ ငရုတ်သီးမှုန့်ဈေးကို နည်းနည်းသာပေးသဖြင့် တွက်ခြေကိုက်စေရန် ဖလံဖြူငရုတ်သီးနှင့် ဈေးပေါသောဆိုးဆေးကိုသုံးမှသာဖြစ်ကြောင်း၊ ဈေးနှုန်းဈေးကွက်ကိုသူတို့လုပ်မရသဖြင့် ဖောက်သည်ဝယ်ဈေးဖြင့်သွင်းနိုင်အောင် လုပ်နေရခြင်းဖြစ်ကြောင်း၊ သူတို့အတွက် လုပ်အားခသာသာသာအကျိုးအမြတ်ရှိကြောင်းသိရပါသည်။ ယင်းကျေးရွာလေးသည် မန္တလေးမြို့ကြီးနှင့်မဝေးလှသောနေရာတွင်ရှိသော်လည်း အဆိုပါအသေးစားမိသားစုလုပ်ငန်းငယ်လေးများအတွက် (ကျွန်တော်အမှတ်မှားလျှင် မှားပါမည်) ပညာပေးမည့်သူ၊ အထောက်အပံ့ ပေးမည့်သူ၊ စောင့်ရှောက်ပဲ့ပြင်ပေးမည့်သူ၊ ကူသူကယ်သူမရှိသည့်အခြေအနေမျိုးသာဖြစ်ရင် မန္တလေးမြို့ကြီးအတွက် ကင်ဆာဖြစ်စေသည့် ငရုတ်သီးမှုန့်များကို ဆက်လက်ဖြန့်ဝေနေဆဲဖြစ်ပါသည်။ အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း အလားတူလုပ်ငန်းငယ်လေးများရှိနေကြမည်ထင်ပါသည်။

ကြက်သွန်နီအကြောင်းလည်း တစေ့တစောင်းကြည့်သည့်အခါ သူလည်းငရုတ်လိုပင် လိမ်ဖယ်လိမ်ဖယ်နှင့် ရုန်းကန်နေရသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့သည် ကြက်သွန်နီကို ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆ ပတ်ဝန်းကျင်တွင် ပြည်ပ တင်ပို့မှုတိုးတက်ရေးအတွက်ဟုဆိုကာ မြေလွတ်မြေရိုင်းများ၊ ချောင်း၊ မြောင်းများတွင် ကုမ္ပဏီများမှ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ခဲ့ဖူးပါသည်။ ထိုစဉ်အချိန်က အကျိုးအမြတ်ကောင်းသဖြင့် ကြက်သွန်ကုန်သည်များသည် ပြည်ပတင်ပို့ရေးအတွက် အသင်းအဖွဲ့များဖွဲ့ပြီး ကြိုးပမ်းခဲ့ကြပါသည်။ ယခုအခါတွင် ကြက်သွန်နီသည် ရာသီဥတုကြောင့် အခက်တွေ့လိုက်၊ အထွက်နည်းလိုက်၊ ပြည်တွင်းဈေးတက်လိုက်၊ ပြည်ပမှ တရားဝင်ရော မဝင်ရော ကြက်သွန်နီများ ဝင်လာလိုက်၊ ဈေးကျဆင်းသွားလိုက်၊ တောင်သူကစိုက်လိုက် မစိုက်လိုက်၊ မျိုးအပါအဝင် သွင်းအားစုများ၏ ဈေးနှုန်းကြီးမြင့်မှုကြောင့် ကြက်သွန်နီထုတ်လုပ်မှု ကုန်ကျစရိတ်ကတက်လိုက်နှင့် ဂျာအေး သူ့အမေရိုက်သည့် ဇာတ်လမ်းထက်ပင် လုံးချာလည်လိုက်နေသည်မှာ ကာလအတော်ကြာလာပြီဖြစ်ပါသည်။ ကြက်သွန်နီကို တပ်မတော်အစိုးရလက်ထက်တွင်လည်း အခြေခံစားကုန်ဖြစ်သဖြင့် ဈေးမတက်စေရန်၊ ပြည်တွင်းဖူလုံစေရန် ရည်ရွယ်ပြီး ပြည်ပသို့ တင်ပို့မှုကို ခွင့်မပြုခဲ့ပါ။ ၂၀၁၀ ခုနှစ်ခန့်တွင် ပြည်ပသို့တင်ပို့မှုကို ခွင့်ပြုလာခဲ့သော်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ပြည်တွင်းကြက်သွန်နီဈေးတက်လာသည့်အခါ ပြည်ပတင်ပို့မှုကို ပိတ်ခဲ့ကြပါသည်။ ပြည်ပတင်ပို့မှုကို ပိတ်သည့်အပြင် ပြည်ပမှကြက်သွန်နီများကပါ ပြည်တွင်းသို့ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ဝင်ရောက်လာပြီး ပြည်တွင်းဈေးကွက်ကို လှုပ်စေတတ်ပါသည်။ ယခု သုံးလေးနှစ်အတွင်း မိုးလေဝသဖောက်ပြန်မှုကြောင့် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှုကိုထိခိုက်သဖြင့် ကြက်သွန်နီဈေးများလည်း ကမောက်ကမဖြစ်နေပါသည်။ ကြက်သွန်နီသည် ပင်ကိုယ်ကပင် ပုပ်သိုးပျက်စီးလွယ်သဖြင့် ကြက်သွန်နီသိုလှောင်သည့်အခါတွင် ရောင်းဈေးနှုန်းကိုလိုက်ပြီး အလွန်ပင်ထိလွယ်၊ ရှုလွယ်စီးပွားပျက်လွယ်သဖြင့် ကြက်သွန်နီ တောင်သူများ၊ သိုလှောင်သူများက ကြက်သွန်နီနှင့်ပတ်သက်ပြီး “ခုန်ဆင်းခုန်တက် ကြက်သွန်နီ”၊ “ကြွေတလက် ကြက်သွန်နီတခုန်”စသဖြင့် ပြောခဲ့ကြပါသည်။

ကြက်သွန်နီစိုက်တောင်သူများကိုကြည့်လျှင် အလွန်သနားစရာကောင်းပါသည်။ နွေနေပူပူတွင် ကျောပူခံကာရေလောင်းရသည်။ မိုးရိပ်မြင်လျှင် အိပ်မပျော်အောင်စိတ်ပင်ပန်းရသည်။ ပိုးသတ်ဆေးဖျန်းရမည်က သေချာနေသည်။ အခါမဟုတ်မိုးရွာလျှင်လည်း ရေနင်းပျက်စီးမှုကိုကြုံရနိုင်သည်။ နုတ်ချိန်ရောက်ပြန်တော့ အလုပ်သမားရှားပါးသဖြင့် ရင်မောရပြန်ပါသည်။ ထွက်လာပြန်လျှင်လည်း စိတ်မချရသေးပါ။ လှောင်တန်တာလှောင်၊ ရောင်းတန်တာ ရောင်းရစေရန် ရွေးချယ်ရဦးမည်။ မြို့ပေါ်တက်ရောင်းရသဖြင့် စရိတ်ကလည်း တစ်နှစ်ထက်တစ်နှစ် တက်လာသည်ကိုရင်ဆိုင်နေရသည်။ လှောင်ထားပြန်တော့လည်းဈေးကမသေချာပါ။ ယခုနှစ်ဆိုလျှင် ကြက်သွန်နီဈေးတက်သဖြင့် ပြည်တွင်း၌ ဈေးကြီးပြီးပြည်ပသို့ မတင်ပို့နိုင်ပါ။ ပြည်ပမှ ကြက်သွန်နီများကိုလည်း တရားမဝင်ရော၊ တရားဝင်ရော တင်သွင်းကြသဖြင့် ဈေးကမောက်ကမဖြစ်ကာတောင်သူပဲနစ်နာရပြန်ပါသည်။ ကြက်သွန်နီဈေးတက်သည့်အခါ စားသုံးသူအကျိုးအတွက်ဆိုကာ ကြက်သွန်နီကို တရားဝင် တင်သွင်းခွင့်ပြုပါသည်။ ကြက်သွန်နီဈေးမတက်သဖြင့် တောင်သူများ ခွက်ခွက်လန်အောင်ရှုံးသည့်အခါတွင် တောင်သူအခွင့်အလမ်းအကျိုးစီးပွားကို ကာကွယ်ပေးမည့်သူမရှိဘဲ အကြွေးနွံတွင်းသာသက်ဆင်းရပါသည်။ ကြက်သွန်စိုက်တောင်သူများသာမစိုက်တော့လျှင်နိုင်ငံခြားမှ ကြက်သွန်နီကိုသာအားကိုးရတော့မည်ဖြစ်ပါသည်။ သို့ရာတွင် ကြက်သွန်နီစိုက်တောင်သူများအတွက် Safe Guard Law ဆိုတာလည်းမရှိပါ။ Regulation ဆိုတာလည်း နတ္ထိဖြစ်ပါသည်။ စားသုံးသူအတွက် ဈေးသက်သာရင်ကောင်းတာပဲဟူသည့် အယူအဆဖြင့်ဆိုလျှင် စိုက်ပျိုးရေးနိုင်ငံဘဝမှရွေ့ပြီး အခြားနိုင်ငံများထံမှလယ်ယာထွက်ကုန်များကိုပြန်လည်တင်သွင်းစားသုံးရတော့မည်ဖြစ်ပါသည်။ ယခုအတိုင်းသာ ဆက်လက်သွားနေရမည်ဆိုပါက ကြက်သွန်နီစိုက်တောင်သူများဘဝမှာလုံးပါးပါးပြီး ကြက်သွန်အစားအခြားသီးနှံပြောင်းစိုက်ရမည်မှာ သေချာသလောက်ရှိနေပြီဖြစ်ပါသဖြင့် ငရုတ်နှင့် ကြက်သွန်နီအရေးကိုဖြင့်သက်ဆိုင်ရာက စာနာသနားကြိုးစားဆောင်ရွက်မပေးလျှင် မြန်မာ့ငရုတ်နှင့် ကြက်သွန်နီသည်ဂျုံနှင့် ကြက်သွန်ဖြူများကဲ့သို့ဖြစ်လာပြီး အရုပ်ရေးပြရမည့် အခြေအနေကို မကြာမီရောက်နိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

> ပြည်ပမှ
> ကြက်သွန်နီများကိုလည်း
> တရားမဝင်ရော၊
> တရားဝင်ရော
> တင်သွင်းကြသဖြင့်
> ဈေးကမောက်ကမဖြစ်ကာ
> တောင်သူပဲ
> နစ်နာရပြန်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အမေရိကန်က တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအချို့အပေါ် ကန့်သတ်လာမှုအားစိုးရိမ်ကြောင်း တရုတ်ပြောကြား

တရုတ်၏ရင်းနှီးမြှုပ်နှံမှုအချို့အား နိုင်ငံတော်လုံခြုံရေးအကြောင်းပြချက်ဖြင့် အမေရိကန်က ကန့်သတ်မှု၊ တားမြစ်မှုများရှိလာသည့်အတွက် တရုတ်မှစိုးရိမ်ပူပန်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၁၁ ရက်က ပြောကြားလိုက်ပါသည်။မိမိတို့အနေဖြင့် နိုင်ငံအသီးသီး၏လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုကြောင့် သင့်လျော်သည့်တားမြစ်ချက်များနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိသော်လည်း လွတ်လပ်ပွင့်လင်းပြီးမျှတမှုကို မျှော်မှန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင် (Open, Fair and Predictable Investment) ဖြစ်သင့်ကြောင်း ဆက်လက်ပြောကြားထားသည်။

အဆိုပါ သဘောထားထုတ်ပြန်ချက်မှာ မကြာမီက US law marker များ၏ နိုင်ငံရေးဆိုင်ရာဖိအားပေးမှုများကြောင့်အမေရိကန် AT&T Int က တရုတ်ဟွာဟွေး Smartphone များကိုဝယ်ယူရန် နောက်ဆုံးအချိန်မှ ငြင်းဆိုခဲ့သည့်နောက်ပိုင်းပေါ် ထွက်လာခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် မကြာသေးခင်က China Ant Financial Company က အမေရိကန် Money Transfer company တစ်ခုဖြစ်သည့် MoneyGram International Inc ထံမှ အစုရှယ်ယာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဝယ်ယူမည့်ကိစ္စနှင့်ပတ်သက်၍လည်း Committee on Foreign Investment in the US(CFIUS)က နိုင်ငံတော်လုံခြုံရေးနှင့် မသင့်လျော်ကြောင်း အကြောင်းပြချက်ဖြင့် တားမြစ်ခဲ့ပါသည်။

ထို့သို့ သမားရိုးကျ စီးပွားရေးလုပ်ငန်းများ (Normal Business Investment) နှင့် M&A ကိစ္စများအား နိုင်ငံတော် လုံခြုံရေးအကြောင်းပြချက်ဖြင့် အမေရိကန်မှကန့်သတ်မှုများသည် နှစ်နိုင်ငံစီးပွားဆက်ဆံရေးတွင် ထိခိုက်မှုရှိလာမည်ကိုစိုးရိမ်မှုရှိကြောင်း တရုတ်က ဆက်လက်ပြောကြားထားသည်။

သို့ဖြစ်ရာ အမေရိကန်မှ ၎င်း၏ ပြည်တွင်းကုမ္ပဏီများကိုကာကွယ်ရန် Trade Protectionism ကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း၊ တရုတ်အနေဖြင့် Trade Protectionism ကို အလုံးစုံကန့်ကွက်သည့် နိုင်ငံဖြစ်သည့်အတွက်လည်း အမေရိကန်၏ မိမိအကျိုးစီးပွားအလို့ငှာ Unilateral Acts ကျင့်သုံးလာပါက မိမိ၏ပြည်တွင်းကုမ္ပဏီများ၏ဥပဒေကြောင်းဆိုင်ရာအခွင့်အရေးများနှင့် ရပိုင်ခွင့်များအတွက် လိုအပ်သည်များကို ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

တရုတ်နှင့် အမေရိကန်အကြား ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ၅၂၇ ဒသမ ၂၂ ဘီလီယံရှိခဲ့ပြီး နှစ်စဉ်တိုးတက်မှု ၁၂ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပါသည်။ တရုတ်မှကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၅၁ ဒသမ ၂၆ ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ်ထက် ၉ ဒသမ ၇ ရာခိုင်နှုန်းတိုး၍ ပိုငွေပြခဲ့ကြောင်းသိရပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## ပေကျင်း၊ တီယန်ကျင်းနှင့် ဟဲပေပြည်နယ်အတွက် 144-hour Visa -Free Stay တိုးမြှင့်ပေး

အမေရိကန်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဘရူနိုင်း အပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံမှ တရုတ်နိုင်ငံကို ဖြတ်ကျော်သွားမည့် ခရီးသွားများအတွက် တရုတ်မှ 144-hour Visa -Free Stay အထိ တိုးမြှင့်ပေးလိုက်ပါသည်။ ယခင် 72 hour ဗီဇာမလိုအပ်ဘဲ သွားလာနိုင်သည့်မူဝါဒကို ၂၀၁၃ခုနှစ်ကတည်းက ပေကျင်းနှင့် တီယန်ကျင်းမြို့များတွင် ဆောင်ရွက်ပေးခဲ့သည်။

ကမ္ဘာ့လှည့်ခရီးသွားများကို survey ပြုလုပ်ရာတွင် ခရီးသွားများ၏၄၀ရာခိုင်နှုန်းကျော်သည် တရုတ်နိုင်ငံ၌ သုံးရက်အတွင်း လည်ပတ်သွားလာရန်မှာ မလုံလောက်သည့်အတွက် တိုးမြှင့်ပေးရန် အကြံပြုခဲ့ကြောင်း သိရပါသည်။ သို့ဖြစ်ရာ ရက်တိုးမြှင့်ခြင်းအပြင် ဝင်ရောက်မည့် ports of Entry များကိုလည်းယခင် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်သာခွင့်ပြုခဲ့ရာမှ ယခုအခါ ပေကျင်းနှင့်တီယန်ကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်အပါအဝင် သတ်မှတ်ထားသည့်သင်္ဘောဆိပ်ကမ်း၊ ပေကျင်း(အနောက်) ရထားဘူတာရုံစသည့် ဝင်ရောက် သည့်နေရာခြောက်ခုအထိ တိုးမြှင့်ပေးထားကြောင်း သိရသည်။

ပေကျင်းလေဆိပ်တွင် ကမ္ဘာလှည့်ခရီးသည်များ၏ ဝန်စည်စလွယ်များကို 144hour (အခမဲ့)သိမ်းဆည်းပေးထားမည်ဖြစ်သည်။ ဆက်လက်၍လည်း ဗီဇာကင်းလွတ်ခွင့်နိုင်ငံများထပ်မံတိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ထိုင်းဘတ်ငွေတန်ဖိုးသည် ဂျီဒီပီတိုးတက်မှုနှင့်အတူ မြင့်တက်လာမည်ဟု BAY ဘဏ်ခန့်မှန်း

အာဆီယံနိုင်ငံများ၏ စီးပွားရေးတိုးတက်မည့်အလားအလာကောင်းများနှင့် အမေရိကန်ဗဟိုဘဏ်၏မူဝါဒပြုပြင်ပြောင်းလဲမည့် အစီအစဉ်များကြောင့် ထိုင်းဘတ်ငွေတန်ဖိုးသည် ၂၀၁၈ ခုနှစ်တွင် ဆက်လက်မြင့်တက်နေမည်ဟု BAY ဘဏ်ကခန့်မှန်းထားသည်။

အာဆီယံနိုင်ငံများ၏စီးပွားရေးသည် ၂၀၁၈ ခုနှစ်အတွင်း တိုးတက်မည့်အလားအလာများရှိနေပြီး အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားသားခရီးသည်ဝင်ရောက်မှုတို့ကိုဆွဲဆောင်နိုင်ကြမည်ဖြစ်သည်။ ထို့နောက်အာဆီယံဒေသတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုမိုစီးဝင်လာပြီး နိုင်ငံအသီးသီး၏ ပြည်တွင်းသုံးငွေကြေးတန်ဖိုးများ ပြန်လည်မြင့်တက်လာနိုင်ကြောင်း၊ အာရှဒေသ၏စီးပွားရေးတိုးတက်မှု၊ တရုတ်နိုင်ငံသို့ထုတ်ကုန်တင်ပို့မှုတိုးတက်လာခြင်းနှင့်အတူ ထိုင်းဘတ်ငွေလဲနှုန်းသည် အမေရိကန်တစ်ဒေါ်လာလျှင် ၃၁ ဒသမ ၇၅ ဘတ်ရောက်ရှိ၍ ဘတ်ငွေတန်ဖိုးအမြင့်ဆုံးအနေအထားတွင်ရှိခဲ့ကြောင်း၊ အာရှဒေသ၏စီးပွားရေးတိုးတက်မှုသည် အထူးသဖြင့်ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း BAY ဘဏ်မှ ကမ္ဘာ့ဈေးကွက်များဌာန၏အကြီးအကဲ Mr. Tak Bunnag က ပြောကြားခဲ့ပါသည်။

ထိုင်းဘတ်ငွေလဲနှုန်းသည် ၂၀၁၈ ခုနှစ် ပထမသုံးလပတ်တွင် တစ်ဒေါ်လာလျှင် ၃၂ ဒသမ ၂၅ မှ ၃၃ ဒသမ ၇၅ ဘတ်၊ ဒုတိယသုံးလပတ်တွင် ၃၂ ဒသမ ၂၅ မှ ၃၃ ဒသမ ၅၀ ဘတ်၊ တတိယသုံးလပတ်တွင် ၃၂ မှ ၃၃ ဒသမ ၅၀ ဘတ်နှင့် စတုတ္ထသုံးလပတ်တွင် ၃၁ ဒသမ ၇၅ မှ ၃၃ ဒသမ ၂၅ ဘတ်ရှိနိုင်ကြောင်း BAY ဘဏ်ကခန့်မှန်းထားပါသည်။

ကမ္ဘာ့ပထဝီဝင်နိုင်ငံရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်းနှင့် အမေရိကန်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒပြောင်းလဲလာမည့်အခြေအနေတို့သည် လာမည့် ၂၀၁၈ ခုနှစ်အတွင်းထိုင်းဘတ်ငွေတန်ဖိုးကို ကျဆင်းစေနိုင်သည့်အချက်များဖြစ်သည်။

အမေရိကန် ဗဟိုဘဏ်၏အတိုးနှုန်းသည် ၂၀၁၈ ခုနှစ် ဒုတိယနှစ်ဝက်တွင် လက်ရှိအတိုးနှုန်း ၁ရာခိုင်နှုန်း မှ ၁ ဒသမ ၂၅ ရာခိုင်နှုန်းကို မြှင့်တင်ရန်ရှိသည်။ ထို့အပြင် ဂျပန်ဗဟိုဘဏ်၏ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုနှင့်အတူအမေရိကန်ဗဟိုဘဏ်မူဝါဒပြုပြင်ပြောင်းလဲရေးတို့သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိဗဟိုဘဏ်များ၏ စီမံခန့်ခွဲမှုအပေါ် အကျိုးသက်ရောက်မည်ဖြစ်သည်။ ၂၀၁၈ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၏ကြားဖြတ်ရွေးကောက်ပွဲနှင့်အတူ အီတလီ၊ ဂျာမနီနှင့် ထိုင်းနိုင်ငံတို့၏အထွေထွေရွေးကောက်ပွဲများသည် ယင်းနိုင်ငံများ၏စီးပွားရေးမူဝါဒများကိုရိုက်ခတ်၍ ငွေကြေးမတည်ငြိမ်မှုများဖြစ်ပေါ်လာနိုင်ပြီး ထိုင်းဘတ်ငွေတန်ဖိုးသည်လည်းဆက်လက်၍မြင့်တက်နိုင်ကြောင်းတွေ့ရှိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ထိုင်းနိုင်ငံသည် အမေရိကန်နိုင်ငံသားများလာရောက်လည်ပတ်ရန် ခရီးသွားလုံခြုံမှုအဆင့် ကောင်းမွန်သောအနေအထားတွင်ရှိနေ

အမေရိကန်ခရီးသွားများအတွက် ကမ္ဘာ့နိုင်ငံအသီးသီး၏ ခရီးသွားလုံခြုံမှုအဆင့်အတန်း ကို တွက်ချက်မှုနည်းစနစ်အသစ်ဖြင့်ထုတ်ပြန်ခဲ့ရာ ထိုင်းနိုင်ငံ၏ခရီးသွားလုံခြုံမှုသည် ကောင်းမွန်သောအဆင့်တွင်ရှိကြောင်း တွေ့ရှိရပါသည်။

အဆိုပါထုတ်ပြန်ချက်တွင် အာဆီယံနိုင်ငံများအနက် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့၏ခရီးသွားလုံခြုံမှုအဆင့်များသည် အဆင့်(၁) သာမန်သတိထား၍ သွားလာရမည့်နိုင်ငံများစာရင်း (exercise normal precautions)တွင်ပါဝင်ပါသည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံနှင့်ဖိလစ်ပိုင်နိုင်ငံတို့အား အဆင့်(၂)အဖြစ် သတ်မှတ်ခဲ့ပြီး သတိပြုသွားလာရမည့် နိုင်ငံများစာရင်း (exercise increased caution)တွင် ပါဝင်ခဲ့သည်။

အမေရိကန်နိုင်ငံသားများ ခရီးသွားလုံခြုံစိတ်ချမှုအတွက် ဇန်နဝါရီလ ၁၀ ရက်တွင်ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့နိုင်ငံများ၏ခရီးသွားလုံခြုံမှု အဆင့်သတ်မှတ်ချက်တွင် ထိုင်းနိုင်ငံ၏ခရီးသွားလုံခြုံမှုအဆင့်အား ဩစတြေးလျနိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့၏အဆင့်အတန်းနှင့်တူညီစွာ သတ်မှတ်ခဲ့သဖြင့် ထိုင်းနိုင်ငံ၏ခရီးသွားလုံခြုံမှုအဆင့်သည် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

မြောက်ကိုးရီးယားနိုင်ငံ၊ အီရန်နိုင်ငံ၊ အီရတ်နိုင်ငံ၊လစ်ဗျားနိုင်ငံ၊ မာလီနိုင်ငံ၊ ယီမင်နိုင်ငံ၊ ဆီးရီးယားနိုင်ငံနှင့်တောင်ဆူဒန်နိုင်ငံတို့သည် အမေရိကန်ခရီးသွားများအတွက်လုံခြုံမှုအဆင့်အနိမ့်ဆုံးနိုင်ငံများအဖြစ် သတ်မှတ်ထားသည်။ ကမ္ဘာ့နိုင်ငံများ၏ခရီးသွားလုံခြုံမှုအဆင့်အတန်းသတ်မှတ်မှုစနစ်အသစ်သည် အမေရိကန်နိုင်ငံသားများ၏ လုံခြုံမှုကိုမြှင့်တင်ပေးခြင်းဖြစ်ပြီး နိုင်ငံရေးနှင့်သက်ဆိုင်သည့်အချက်အလက်များကို ထည့်သွင်းတွက်ချက်ခြင်းမရှိဘဲ နိုင်ငံများ၏လုံခြုံရေးအခြေအနေအကဲဖြတ်ချက်ကိုသာ အခြေခံ၍ထုတ်ပြန်ခဲ့ကြောင်းသိရှိရသည်။

အမေရိကန်နိုင်ငံ၏ မဟာမိတ်နိုင်ငံများဖြစ်ကြသော ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့၏ ခရီးသွားလုံခြုံမှုအဆင့်အား အဆင့်(၂) increased caution တွင် ထည့်သွင်းထားသည်။

ကျူးဘားနိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံ၊ တူရကီနိုင်ငံ၊ ဆူဒန်နိုင်ငံနှင့်လက်ဘနွန်နိုင်ငံတို့အား အမေရိကန်နိုင်ငံသားများသွားရောက်လည်ပတ်ရန် ပြန်လည်စဉ်းစား သင့်သည့်နိုင်ငံများ (reconsider travel plans)အဖြစ် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၉-၁-၂၀၁၈)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်ပြီး အရောင်းအဝယ်ကျ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးတက်နေပြီး အရောင်းအဝယ် ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာ ကျပ် ၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၅၄၀ (တစ်တန် ကျပ် ၃၃၀၆၉၀)အထိ ဈေးတက်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ၉၄၁၅၄၉၆ ပိဿာရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၈၇၂၉၆၁၉ ပိဿာ ရှိခဲ့လို့ အရောင်းအဝယ်ကျလာခဲ့ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ ယခုတစ်ပတ်မှာ လားရှိုးမှမူဆယ်အထိ ပြောင်းတစ်ပိဿာ ၃၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ပြောင်း တစ်ပိဿာ ၃၁ ကျပ်ရှိခဲ့ကြောင်း စုံစမ်းသိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီ ဈေးကျပြီး ပဲတီစိမ်းလုံးကြီး ဈေးအတက်အကျမရှိ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီတို့ ဈေးကျခဲ့ပြီး ပဲတီစိမ်းလုံးကြီးကတော့ ဈေးအတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ တစ်ပိဿာ ၉၂၅ကျပ်ရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၈၇၅ ကျပ် (တစ်တန် ကျပ် ၅၃၅၈၄၀) ရှိခဲ့ပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၅၈၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၇၅ကျပ်(တစ်တန် ကျပ် ၃၅၂၁၂၀) ဖြင့် ဈေးကျခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက် တွေက ဝယ်ယူလိုပေမယ့် အရောင်းနည်းခဲ့လို့ အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၆၃ကျပ်(တစ်တန် ကျပ် ၇၇၃၄၈၀) ဈေးရှိခဲ့ပြီး ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေးဝယ်လက်တွေက ပုံမှန်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူတစ်ပိဿာ ၃၀၆၆ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ၂၉၃၃ ကျပ် (တစ်တန်ကျပ် ၁၇၉၆၁၃၀) ဈေးရှိခဲ့ပြီး မန္တလေးဝယ်လက်တွေက ဝယ်ယူမှုနည်းခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှုလည်းနည်းခဲ့ပါတယ်။ မြေပဲလုံးဆန်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၆၅၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၆၇၅ကျပ် (တစ်တန် ကျပ် ၁၆၃၈၁၄၀) ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း (အညာရွှေဝါ) အရောင်းအဝယ်အေး

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်း (အညာရွှေဝါ)ဈေးငြိမ်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲတစ်ပိဿာ ၈၃၃ ကျပ်(တစ်တန်ကျပ် ၅၁၀၁၂၀) ရှိခဲ့ပြီး ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင်တော့ ဈေးအတက်အကျမရှိဘဲ ဈေးငြိမ်နေခဲ့ပါတယ်။ မတ်ပဲကို မြို့ခံဝယ်လက်တွေနဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ပုံမှန် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၅၅၈ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၆၇ ကျပ် (တစ်တန်ကျပ် ၃၄၇၂၂၀) ရှိခဲ့ပြီး ရန်ကုန်ဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာရွှေဝါ) တစ်ပိဿာ ၁၃၅၁ ကျပ်(တစ်တန် ကျပ် ၈၂၇၃၈၀)ရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးနှုန်း အတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (အညာရွှေဝါ) ကို တရုတ်ဝယ်လက်တွေက အဝယ်နည်းခဲ့ကြလို့ အရောင်းအဝယ်အေးခဲ့ပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၃၀၈၉ကျပ် ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၃၀၀၀ (တစ်တန်ကျပ်၁၈၃၇၁၇၀)၊ ယခင်တစ်ပတ်က နှမ်းနက်တစ်ပိဿာ ၂၄၄၄ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၂၂ ကျပ်(တစ်တန် ကျပ် ၁၃၆၀၇၃၀)၊ ယခင်တစ်ပတ်က နှမ်းညို တစ်ပိဿာ ၂၄၄၄ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၄၀၀ (တစ်တန် ကျပ် ၁၄၆၉၇၃၀)၊ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၇၈ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တော့ တစ်ပိဿာ ၂၇၃၃ကျပ် (တစ်တန် ကျပ် ၁၆၇၃၆၆၀) ထိ ဈေးကျခဲ့ကြောင်း သိရပါတယ်။ တရုတ်ဝယ်လက်တွေနဲ့ အစာစပ်လုပ်ငန်းရှင်တွေ ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းကတော့ ယခင်တစ်ပတ်က ၅၂၈ ကျပ်ဈေးရှိခဲ့ရာ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၅၃၇ကျပ် (တစ်တန် ကျပ် ၃၂၈၈၅၀) ထိ ဈေးတက်လာခဲ့တယ်လို့ သတင်းရရှိပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲတီစိမ်း ဈေးတက်ပြီး ပဲစင်းငုံနီ ဈေးအေး

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး ပဲစင်းငုံနီ ဈေးငြိမ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၂၁၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၁၅ကျပ် (တစ်တန် ကျပ် ၈၀၅၂၉၀)နဲ့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၈၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၈၇၅ကျပ် (တစ်တန် ကျပ် ၅၃၅၈၄၀)ထိ ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၆၁၀ (တစ်တန် ကျပ် ၃၇၃၅၅၀) ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ နှမ်းရောင်စုံ ဈေးကွက်မှာတော့ ယခင်တစ်ပတ်က နှမ်းနက်စမုံတစ်ပိဿာ ကျပ် ၂၇၁၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၅၈၀ (တစ်တန် ကျပ် ၁၅၇၉၉၆၀)၊ ယခင်တစ်ပတ်က နှမ်းဖြူထိပ်စ တစ်ပိဿာ ကျပ် ၃၀၉၀ ရှိခဲ့ရာမှ ယခုတစ် ပတ်မှာ တစ်ပိဿာ ကျပ် ၃၀၂၅ (တစ်တန်ကျပ် ၁၈၅၂၄၇၀)နဲ့ ဈေးကျခဲ့ပြီး ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ကျပ် ၂၄၉၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၅၆၀ (တစ်တန် ကျပ် ၁၅၆၇၇၁၀) ဖြင့် ဈေးတက်ခဲ့ကာ ယခုတစ်ပတ် နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၂၇၀(တစ်တန် ကျပ် ၁၃၉၀၁၂၀) နဲ့ ယခင်တစ် ပတ်ကအတိုင်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး ပဲစင်းငုံနီ ဈေးငြိမ်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးတက်ပြီး ပဲစင်းငုံနီကတော့ ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ကျပ် ၁၃၅၀ နဲ့ အရောင်းအဝယ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၄၂၅ ကျပ် (တစ်တန်ကျပ် ၈၇၂၆၅၀)ထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကို ရန်ကုန်ဝယ်လက်နဲ့ မန္တလေးဝယ်လက်တွေက ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာကျပ်၆၁၀ (တစ်တန် ကျပ်၃၇၃၅၅၀) ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲစင်းငုံနီကို ပုံမှန်ဝယ်ယူခဲ့ကြလို့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဟော်လန်ကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၅၂၅ကျပ် ရှိခဲ့ရာမှ ယခု တစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန် ကျပ်၉၁၈၅၈၀)နဲ့ ဈေးအနည်းငယ် ကျခဲ့ကြောင်း သိရပါတယ်။ မြို့ခံဝယ်လက်တွေက အရည်အသွေးကောင်း ကုလားပဲဟော်လန်ကို ရွေးချယ်ဝယ်ယူခဲ့လို့ အရောင်းအဝယ်ဖြစ်မှုတော့ နည်းခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ကျပ် ၂၃၆၀ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၂၃၅၀ (တစ်တန် ကျပ် ၁၄၃၉၀၁၀)၊ ယခင်တစ်ပတ်က သိပ္ပံနှမ်းနက် တစ်ပိဿာ ကျပ် ၂၇၆၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန် ကျပ် ၁၅၉၂၂၁၀) ဖြင့် ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ နှမ်းနီ တစ်ပိဿာ ကျပ်၂၄၀၀ (တစ်တန် ကျပ်၁၄၆၉၇၃၀) ရှိခဲ့လို့ ယခင်တစ်ပတ်ဈေးနှုန်းနဲ့ နှိုင်းယှဉ်ရင်တော့ ဈေးအတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေး အနည်းငယ်တက်ပြီး အရောင်းအဝယ်ကျ

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ အစေ့ထုတ်ပြောင်းဈေး အနည်းငယ်တက်နေပြီး အရောင်းအဝယ်ကျလာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ် တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်နဲ့ ရွှေလီဘက်တွင် ၈၂ ယွမ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ အစေ့ထုတ်ပြောင်း ၅၀ ကီလိုဂရမ် တစ်အိတ်ကို မြန်မာဘက်တွင် ၇၅ ယွမ်နဲ့ ရွှေလီဘက်တွင် ၈၇ ယွမ်အထိ ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း ၅၀၄၆၈တန် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တန် ၃၉၆၉၀ သာ အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။ တစ်ယွမ်ကို မြန်မာငွေ ၂၀၄ ကျပ်ပေါက်ဈေးရှိခဲ့လို့ ယခင်တစ်ပတ်ကအတိုင်း ငွေလဲနှုန်း အတက်အကျ မရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန် ကျပ် ၅၅၃၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၃၉၀၀၀ အထိဈေးကျခဲ့ပြီး ယခင်တစ်ပတ်က မတ်ပဲ SQ(RC) တစ်တန် ကျပ် ၇၀၈၀၀၀ ရှိခဲ့ရာ မှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၆၉၄၀၀၀ဖြင့် ဈေးကျခဲ့ပြီး ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်တန် ကျပ် ၃၈၀၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၃၈၃၀၀၀ အထိ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးကျပြီး ရန်ကုန်ဝယ်လက် ဝယ်ယူမှုများနေ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲ ဈေးကျပြီး ပဲတီစိမ်း ဈေးငြိမ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၉၆၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၁၆ကျပ် (တစ်တန် ကျပ် ၅၆၀၉၄၀)ဈေးရှိခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို နယ်ခံကုန်သည်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူမှုများခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က ဈေးကွက်ဝင်နေခဲ့တဲ့ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၃၅၀ (တစ်တန် ကျပ် ၈၂၆၇၂၀) ဈေးရှိခဲ့ရာမှ ယခုတစ်ပတ်မှာလည်း ဈေးနှုန်းအတက်အကျမရှိခဲ့ကြောင်း သိရပါတယ်။ ရန်ကုန်ဝယ်လက်တွေက ပဲတီစိမ်းကို ဝယ်ယူမှုများခဲ့တာကြောင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း ဟသ်ာတဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။




# Investment in Myanmar ဟောပြောပွဲပြုလုပ်

ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သတ်၍ အသိပညာများရရှိစေရန်ရည်ရွယ်ကာ Investment in Myanmar ဟောပြောပွဲကို ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ဇန်နဝါရီ ၂၇ရက်တွင် ကျင်းပပြုလုပ်ခဲ့သည်။

Investment in Myanmar ဟောပြောပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းက စီစဉ်ခဲ့ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ဦးဆောင်ဟောပြောဆွေးနွေးခဲ့ရာ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါဟောပြောပွဲ၌ ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုအင်္ဂါရပ်များ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ် ပြဋ္ဌာန်းခဲ့ရခြင်း ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တွင်ပါဝင်သော ရင်းနှီးမြှုပ်နှံသူတို့ ရရှိမည့်အခွင့်အရေးများ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ပြဋ္ဌာန်းပြီးနောက် ရရှိခဲ့သည့် အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးခဲ့သည်။

**သန်းထိုက်အောင်**

# အထွက်နှုန်းမြင့်မားသော နယ်သာလန်(Bejo)ကြက်သွန်နီမျိုးစေ့အား (တိုက်ရိုက်အစေ့ချ) လက်တွေ့စိုက်ပျိုးသရုပ်ပြ အခမ်းအနားကျင်းပ

ကြက်သွန်နီဈေးကွက် တည်ငြိမ်စေရန်နှင့် ကြက်သွန်နီအထွက်နှုန်းမြင့်မားရေးကိုရည်ရွယ်ပြီး မြင်းခြံမြို့ရှိ ကိုးသုံးလုံးမဟာသမာဓိ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်နှင့် Prime Agri Technologies Ltdတို့ပူးပေါင်း၍ အထွက်နှုန်းကောင်းမွန်သော နယ်သာလန် (Bejo)ကြက်သွန်နီမျိုးစေ့ကို (တိုက်ရိုက် အစေ့ချစနစ်)ဖြင့် လက်တွေ့စိုက်ပျိုးသရုပ်ပြခြင်းနှင့် Israel Netafim မှ တင်သွင်းသော အစ္စရေးနည်းပညာ၊ ရေအစက်ချနည်းစနစ်ဖြင့် ရေပေးဝေပုံနည်းပညာများကို လက်တွေ့သရုပ်ပြဖြန့်ဝေပေးခြင်း အခမ်းအနားကို မြင်းခြံမြို့နယ်၊ သာပေါင်းကျေးရွာအုပ်စု၊ အနိမ့်ကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြင်းခြံနှင့် တောင်သာကုန်စည်ဒိုင်မှ တာဝန်ရှိသူများ၊ ကျေးရွာ၄၂ရွာမှ ကြက်သွန်နီစိုက်တောင်သူ ၂၁၅ ဦးနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြင်းခြံခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လင်းမှ အဖွင့်အမှာစကားပြောကြားပြီး ကိုးသုံးလုံးမဟာသမာဓိရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ကျော်ကျော်က ဒေသခံတောင်သူများစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးကောင်းမျိုးသန့်များ စနစ်တကျ သုံးစွဲစိုက်ပျိုးထုတ်လုပ်ရေးကို အလေးထား ဆောင်ရွက်နေကြောင်း၊ မန္တလေးတိုင်းအနေဖြင့် ကြက်သွန်နီစိုက်ဧက ၈၇၀၀၀ ခန့်စိုက်ပျိုး၍ တန်ချိန်ပေါင်း ၄ ဒသမ ၅ သိန်းခန့်ထွက်ရှိပြီး မြင်းခြံခရိုင်တွင် မိုး၊ ဆောင်းကြက်သွန်နီစိုက်ဧက ၂၅၀၀၀ ကျော်စိုက်ပျိုး ထုတ်လုပ်လျက်ရှိပါကြောင်း၊ တစ်ဧက အထွက် ပိသာ ၃၀၀၀-၄၀၀၀ လောက်သာထွက်ရှိကြောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ အထွက်နှုန်း ကောင်းမွန်သော (Bejo) မျိုးစေ့အား မိမိတို့ကုမ္ပဏီမှ စမ်းသပ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စမ်းသပ်မှုအောင်မြင်ပါက မိမိဒေသခံ တောင်သူများအတွက် အကျိုးများစွာ ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ မိမိတို့ကုမ္ပဏီနှင့် ဆက်သွယ် ဆောင်ရွက်ပါက တာဝန်ယူမှု၊ တာဝန် ခံမှုအပြည့်အဝဖြင့် ပံ့ပိုးဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

စင်ကာပူနိုင်ငံအခြေစိုက် Prime Agri Technologies Limited၏အထွေထွေမန်နေဂျာ Mr. Mike Anderson မှ အထွက်ပိသာချိန် ၁၀၀၀၀ ခန့်ထိထွက်ရှိသော Bejo ကြက်သွန်မျိုးအားစက်ဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်းကို ရှမ်းပြည်နယ်တွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှု ရရှိကြောင်းနှင့် စက်ဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးရန်အတွက် မြေပြုပြင်ပုံအဆင့်အဆင့်ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး Prime ကုမ္ပဏီမှ Israel Netafim မှ တင်သွင်းသော ခေတ်မီ ရေအစက်ချ နည်းပညာအသုံးပြုခြင်းဖြင့်ရေကိုချွေတာသုံးစွဲနိုင်ပြီး လုပ်အားခကုန်ကျစရိတ် သက်သာကြောင်း၊ သွင်းအားစုတို့ကိုလည်း အလေအလွင့်မရှိ ဖြည့်ဆည်းပေးနိုင်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသောတောင်သူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ (Bejo Pirate F1)မျိုးစေ့ကို Proseedesing စက်ဖြင့် မျိုးစေ့တိုက်ရိုက် အစေ့ချစိုက်ပျိုးခြင်း၊ စပင်ဂလာစက်ဖြင့် ရေဖြန့်ဝေခြင်းအား လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့သည်။

**မျိုးသီတာ(မြင်းခြံ)**

**စာမျက်နှာ (၆) အာဆီယံသည် ကမ္ဘာ့စီးပွားရေးပါဝါရှိသည့် ...... မှအဆက်**

ဒုတိယစိန်ခေါ်မှုမှာ ရေကြောင်းပိုင်နက်နယ်နိမိတ် (Maritime borders) နှင့်ပတ်သက်ပြီး တရုတ်အစိုးရနှင့် အငြင်းပွားနေရသည့် တောင်တရုတ်ပင်လယ်အရေးကိစ္စဖြစ်သည်။ ဤကိစ္စက အာဆီယံနှင့် တရုတ်နိုင်ငံကြားတွင်ရှိသော စီးပွားရေးဆက်ဆံမှုများ (Economic relations) ကို ထိခိုက်စေနိုင်သည်။ အကျိုးဆက်အဖြစ် တရုတ်နှင့် ဆက်ဆံရေးအတွက် အာဆီယံနိုင်ငံများအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်လာနိုင်သည်။

တတိယမြောက်အဓိကစိန်ခေါ်မှုမှာ အာဆီယံ အခြေခံအဆောက်အအုံ (Infrastructure) အတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှု ဖြည့်ဆည်းပေးနိုင်ရေးဖြစ်သည်။ အာဆီယံ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် စီးပွားရေးတိုးတက်မှုအရှိန်ကို ထိန်းထားရန်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၈၄ သန်းမှ သန်း ၂၁၀ ထိ သို့မဟုတ် လက်ရှိကာလမှ ၂၀၃၀ ပြည့်နှစ်ထိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆ ထရီလီယံမှ ၃ ဒသမ ၁၅ ထရီလီယံထိ သုံးစွဲရန်လိုအပ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က ခန့်မှန်းထားသည်။

စတုတ္ထစိန်ခေါ်မှုမှာ ဘာသာရေးနှင့် လူမျိုးရေးခွဲခြားမှုများ (Religious and ethnic divisions) က အာဆီယံအတွင်း တင်းမာမှုများ မြင့်တက်စေနိုင်ခြင်းဖြစ်သည်။ နောက်ဆုံးစိန်ခေါ်မှုမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်တွင် အမေရိကန်၏ အနာဂတ်စီးပွားရေးပေါ်လစီ မရေမရာဖြစ်နေခြင်းဖြစ်သည်။ အဆိုပါ အမေရိကန် စီးပွားရေးပေါ်လစီမသေချာမှုက အမေရိကန်နှင့် အာဆီယံနိုင်ငံများ၏ ဆက်ဆံရေးကို ရှုပ်ထွေးစေနိုင်သည်။

**Source: arabnews.com**

# သန်လျင်မြို့နယ် နည်းပညာတက္ကသိုလ်ခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်နှင့် တာဝန်ရှိသူဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (သန်လျင်မြို့နယ်) တို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၃ ရက်တွင် သန်လျင်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် သန်လျင်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေပြဋ္ဌာန်းထားရှိပြီး ဥပဒေပါ စားသုံးသူများ၏ အခွင့်အရေးနှင့် လိုက်နာရမည့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် တားမြစ်ချက်များ၊ (စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ) CICC သို့ တိုင်ကြားလာသည့် တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာကဏ္ဍများအား ရှင်းလင်း ပြောကြားပါတယ်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန (သန်လျင်မြို့နယ်) မှ ဦးစီးအရာရှိ ဒေါက်တာဇာနည်မောင်က အလှကုန်အနေနှင့် ဓာတုဆေးဝါးကင်းရှင်းရေး၊ ဈေး၊ ကျောင်းမှာရှိသည့် အစားအသောက်များကို သန့်ရှင်းမှုရှိ/မရှိ စစ်ဆေးခဲ့မှု၊ စစ်ဆေးတွေ့ရှိပါက ပထမအကြိမ်ဝန်ခံကတိရေးထိုးခိုင်းပြီး ဒုတိယအကြိမ်ဖြစ်လျှင် တရားဥပဒေအရ အရေးယူမည့်အခြေအနေများနှင့် သတိပြုလိုက်နာရမည့်အချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။

အဆိုပါဟောပြောပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန(သန်လျင်မြို့နယ်)၊ နည်းပညာတက္ကသိုလ်သန်လျင်မှ ပါမောက္ခချုပ်နှင့် ကထိကများ၊ ကျောင်းသား/သူများ၊ တက္ကသိုလ်အတွင်းရှိ အစားအသောက်ရောင်းချသူများ၊ စုစုပေါင်း ၁၇၅ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ ဇန်နဝါရီလ တတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ၁၈ နေရာ၊ အနောက်ပိုင်းခရိုင်တွင် ရှစ်နေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၁ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၀ နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**စိုးစိုးဦး (စားသုံးသူ)ရန်ကုန်**

# မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများကျင်းပ

မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း အသိပညာပေးဟောပြောဆွေးနွေးခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါဆွေးနွေးပွဲများတွင် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ဆရာမများ၊ကျောင်းတွင်းဈေးရောင်းချသူများနှင့်ကျောင်းသား၊ကျောင်းသူများအား "စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်ဌာန၏မျှော်မှန်းချက်နှင့်အညီ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေပုံ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအကြောင်းအရာများ၊ သတင်းအချက်အလက်ပြည့်စုံသည့် ကုန်စည်၊ ဝန်ဆောင်မှုများကို ရွေးချယ်ဝယ်ယူရန်နှင့် သက်တမ်းကုန်မုန့်များ လုံခြုံစိတ်ချရမှုမရှိသည့် မုန့်များကိုမရောင်းချရန်၊ ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်၍လည်း ထိခိုက်နစ်နာမှုများရှိပါက အထောက်အထားခိုင်မာစွာဖြင့် စာ(သို့) နှုတ်ဖြင့် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သို့ တိုင်ကြားနိုင်ကြောင်းတို့ကို အသေးစိတ်ဟောပြောဆွေးနွေးခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊ ဒုတိယပတ်အတွင်း ကျောင်းမုန့်ဈေးတန်းအားကွင်းဆင်းလေ့လာခြင်း နှစ်ကြိမ်၊ ဟောပြောဆွေးနွေးပွဲကျင်းပခြင်း ငါးကြိမ်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး၊ မြို့နယ်အလိုက်တာဝန်ပေးအပ်ထားသည့် ဝန်ထမ်းများမှ ဆောင်ရွက်ခဲ့ပြီး ဟောပြောဆွေးနွေးပွဲတွင် တက်ရောက်လာသည့်စားသုံးသူပြည်သူများအား "စားသုံးသူ ပြည်သူများ အန္တရာယ်ကင်းစေဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" စာတန်းပါ လက်ကမ်းစာစောင်အား ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ထားလှိုင်(ရန်ကုန်)**

Vol: 18, No.5 Monday January 29 2018

# တရုတ်နိုင်ငံသို့ ဝဥခြောက် ပိုမိုတင်ပို့

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၆ သန်းတန်ဖိုးရှိ ဝဥခြောက်တန် ၂၀ နီးပါးကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄ တန်နဲ့နှိုင်းယှဉ်ပါက ခြောက်တန်ခန့်ပိုမိုတင်ပို့ခဲ့ပါတယ်။

ပြည်ပနိုင်ငံတွေမှ ၁၉၇၂ ခုနှစ်ကတည်းက ဝဥကို စိတ်ဝင်စားလာကြကြောင်း၊ မြန်မာနိုင်ငံမှ ဝဥဟာ အင်ဒိုနီးရှားနိုင်ငံမှ ထွက်ရှိတဲ့ ဝဥထက်အရည်အသွေးပိုကောင်းတာကြောင့် ဂျပန်နိုင်ငံမှ ရသလောက်ဝယ်ယူကြောင်း၊ ဝဥတစ်တန်ရဲ့မိမိဘက် ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ကျပ်သိန်း ၂၀ ကျော်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

# တရုတ်နိုင်ငံသို့ ပီလောပီနံအမှုန့် တင်ပို့

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၀၂၃၂ တန်ဖိုးရှိ ပီလောပီနံအမှုန့် ၁၉၂ တန်ကို တရုတ် နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၄ တန်နဲ့ နှိုင်းယှဉ်ပါက ၁၂၈ တန်ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ အလုပ်အကိုင်ရရှိရန် ဘိန်းအစားထိုးသီးနှံအဖြစ် ပီလောပီနံများကို စိုက်ပျိုးခဲ့ကြပြီး တရုတ်နိုင်ငံတွင် စက္ကူအထူ၊ အပါးများကပ်သည့် ကော်အတွက် ကုန်ကြမ်းအဖြစ်လည်းကောင်း၊ မုန့်လုပ်ငန်းတွင်သုံးသော ကော်မှုန့်အဖြစ်လည်းကောင်း အသုံးပြုကြကြောင်း သိရပါတယ်။ **မော်မော်အောင်**

# မူဆယ်မှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းသုံးခုမှ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၀၁ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ တန် ၄၀၆၉၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၃၈၉၄၈ တန်ကျော်၊ လွယ်ဂျယ်မှ ၁၄၉၈ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၂၄၃ တန်ကျော်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ တန် ၅၈၅၃၀၊ လွယ်ဂျယ်မှ ၈၉၆ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၂၁၃ တန်ကျော်တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်မှ ပြောင်းပိုမိုတင်ပို့ခဲ့ပေမယ့် မူဆယ်မှ ၁၉၅၈၂ တန်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ၂၈၀၇၇၃ ကျပ်ရှိရာမှ ၂၈၂၂၀၉ ကျပ်သို့ ဈေးမြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ပြောင်းကားစီးရေ ၁၂၆၄ စီးဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၄၉၆ စီးလျော့နည်းခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်း တစ်ဖက်နိုင်ငံသို့ပြောင်းကားများ ပုံမှန်ဝင်ထွက်လျက်ရှိသော်လည်း ပြောင်းရာသီကုန်ဆုံးခါနီးဖြစ်လို့ ပြောင်းတင်ပို့မှုလျော့နည်းရတာဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ဝါဂွမ်းပိုမိုတင်ပို့ပြီး ပိုးအိမ် လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၇ သန်းတန်ဖိုးရှိ ငွေချည်(၆) ဝါဂွမ်း ၂၀၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၈၀၀၀ တန်ဖိုးရှိ ပိုးအိမ်ရှစ်တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ဝါဂွမ်းတန် ၁၆၀ နဲ့ ပိုးအိမ် ၁၂ တန်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ဝါဂွမ်း ၄၃ တန်ပိုမိုခဲ့ပြီး ပိုးအိမ်လေးတန် လျော့နည်းခဲ့တာ တွေ့ရပါတယ်။

တရုတ်နိုင်ငံက ယခုလိုပုံမှန်ဝယ်ယူမှုကြောင့် ဝါစိုက်တောင်သူတွေ အတွက်အခြေအနေကောင်းလာကြောင်း၊ ဝါဈေးမှာလည်း အတက်အကျရှိကြောင်း၊ ဝါကို ကန်ရေသွင်းပြီး စိုက်ပျိုးရကြောင်း တံတားဦးမြို့နယ်မှ ဝါစိုက်တောင်သူတွေထံမှ သိရပါတယ်။

**မော်မော်အောင်**

# တရုတ်နိုင်ငံသို့ လက်ဖက်ခြောက် ပိုမိုတင်ပို့

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၂၂၁၆၁ တန်ဖိုးရှိ လက်ဖက်ခြောက် ၇၁ တန်ကိုတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၉ တန်နဲ့ နှိုင်းယှဉ်ပါက ၄၂ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

လက်ရှိဂျာမနီနိုင်ငံသို့ လက်ဖက်ခြောက်များ တင်ပို့ရာတွင် အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးထားသော လက်ဖက်များဖြစ်ရန်လိုအပ်ပြီး ပင်းတယမြို့နယ်ရှိ Green Tea စံပြစက်ရုံမှ ထွက်ရှိသော လက်ဖက်ခြောက်များကို တင်ပို့မည်ဖြစ်၍ တစ်ပိဿာကို ကျပ်တစ်သောင်းခွဲဈေးနှုန်းနဲ့ ပြည်တွင်းဈေးကွက်တွင် ရောင်းချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ လက်ဖက်လုပ်ငန်းရှင်များအသင်းမှ သိရပါတယ်။

**မော်မော်အောင်**

# မူဆယ်မှ ပျားရည်ပိုမိုတင်ပို့

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၉၉၄၀၀ တန်ဖိုးရှိ ပျားရည် ၁၄၂ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅ တန်နဲ့နှိုင်းယှဉ်ပါက ၁၂၇ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

ပျားရည်သည် နှစ်စဉ် မက်ထရစ်တန် ၅၀၀၀ ကျော် ထွက်ရှိပြီး ပြည်ပဈေးကွက်သို့ တန်ချိန် သုံးထောင်ကျော်တင်ပို့ကြောင်း၊ ပြည်တွင်း၌ ကွမ်းနှပ်ဆေး ထုတ်လုပ်သူများကသာ ပျားရည်ကိုအများဆုံး ဝယ်ယူကြောင်း၊ အမေရိကနဲ့ ဂျပန်နိုင်ငံက ဈေးကောင်းပေးဝယ်တာကြောင့် ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့နဲ့ ယှဉ်ပြိုင်တင်ပို့နေရကြောင်း၊ ပြည်ပဈေးကွက်တွင် ပျားရည်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ မှ ၁၇၀၀ ကြား ရရှိကြောင်း ပျားမွေးမြူရေးဦးစီးဌာနမှ သိရပါတယ်။ **မော်မော်အောင်**

# မူဆယ်မှ ရေထွက်ကုန်တန်ချိန်ပိုမိုပြီး တန်ဖိုးလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၆၇ သန်းတန်ဖိုးရှိရေထွက်ကုန် ၂၅၃၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့ခဲ့တဲ့ တန် ၂၅၃၀ ကျော်နဲ့နှိုင်းယှဉ်ပါက နှစ်တန်ကျော်ပိုမိုခဲ့ပြီး တန်ဖိုးအားဖြင့် သုည ဒသမ ၀၆၁ သန်း လျော့နည်းခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်တွင် ငါးလေးခြောက်၊ ကင်းမွန်ခြောက်၊ ပုစွန်ခြောက်မှုန့်နဲ့ ငါးမျိုးစုံတင်ပို့မှုလျော့နည်းခဲ့တာကြောင့် ယခုလို တန်ချိန်ပိုမိုခဲ့သော်လည်း တန်ဖိုးလျော့နည်းရခြင်း ဖြစ်ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၇၄၇ သန်းတန်ဖိုးရှိ ကွမ်းသီး ၈၆၃ တန်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆၃၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၇၃ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၈၂ သန်းတန်ဖိုးရှိ ကွမ်းသီး ၆၅၉ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၅ သန်းတန်ဖိုးရှိ ကွမ်းသီး ၂၀၄ တန်ကို တင်ပို့ခဲ့ပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၆ သန်း တန်ဖိုးရှိ စီးကရက်၊ ဘိလပ်မြေနဲ့ နန့်ဖာလုံကုန်စုံတို့ကို ၁၁၆ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၇၂ သန်း တန်ဖိုးရှိ စီးကရက် တန် ၄၀ ခန့်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ ပိုမိုတင်သွင်း

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက် ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၄၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၆၃၂၃ တန် တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၀၈၀ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၂၄၃ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ တင်သွင်းမှုလျော့နည်းခဲ့ပေမယ့် မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၆၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၅၂၂၇ စီး၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်ငါး စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၅ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၉၁ စီး တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်း

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၅၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၁၃၈၀ တန်ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၇၆၃၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၇၄၁ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်များ တင်ပို့မှုလျော့နည်းခဲ့ပေမယ့် မြိတ်ကုန်သွယ်ရေးစခန်းနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ ရေထွက်ကုန်များ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုပိုမိုရခြင်းဖြစ်ပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၀ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်တို့ကို ၁၂၄ တန်၊ မြိတ်ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၂ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ မွေးပုစွန်၊ သဲကဏန်း၊ ငါးမှုန့်၊ ကင်းမွန်တို့ကို တန် ၂၃၇၀၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၂၅ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ရေဘဝဲ၊ ငါးရှဉ့်၊ အခြားရေထွက်တို့ကို ၈၈၈၅ တန်တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မြန်မာ့ရော်ဘာ ထုတ်လုပ်မှု တိုးတက်လာစေရန် ရော်ဘာမျိုးစုံထုတ်လုပ်တင်ပို့နိုင်မည့် စက်ရုံသစ်ဖွင့်ပွဲကျင်းပ

မြန်မာ့ပို့ကုန်များ တိုးတက်လာစေရေးအတွက် အဓိကဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများအနက် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်လာရေးရန် နိုင်ငံတကာဈေးကွက်မှ လက်ခံနိုင်သည့်အဆင့်မီရော်ဘာများထုတ်လုပ်တင်ပို့နိုင်ရေး ရည်ရွယ်ချက်များနှင့်အညီ Southland Myanmar Rubber Co.,Ltd မှ ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့သော ရော်ဘာမျိုးစုံ ဝယ်ယူထုတ်လုပ်တင်ပို့မည့် စက်ရုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါ စက်မှုဇုန်တွင် ကျင်းပခဲ့သည်။

အဆိုပါ Southland Myanmar Rubber Co.,Ltd စက်ရုံမှာ နိုင်ငံပေါင်း ခြောက်နိုင်ငံ၌ ရော်ဘာနှင့်ပတ်သက်သည့် ကုန်ချောထုတ်လုပ်သည့် စက်ရုံပေါင်း ၃၃ ရုံအားဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိကာ ရော်ဘာထုတ်လုပ်မှုနှင့်ပတ်သက်၍ ကမ္ဘာ့အဆင့်မီ လုပ်ငန်းကြီးတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ပထမဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်း ဖြစ်သော်လည်း မြန်မာနိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သည့် ရော်ဘာကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်အဆင့်အတန်းမီ တင်ပို့ရောင်းချနိုင်ရေး အဓိကဆောင်ရွက်သွားမှာဖြစ်ပြီး မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာများအား အမျိုးအစားအလိုက် နိုင်ငံတကာပေါက်ဈေးနှင့် ဝယ်ယူမည်ဖြစ်၍ ရော်ဘာလုပ်ငန်းရှင်များအတွက် သတင်းကောင်းဖြစ်ကြောင်း သိရှိရသည်။

ပို့/သွင်း (ရက)

## ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခွင့်ပြု

ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား စည်းမျဉ်းစည်းကမ်း သတ်မှတ်၍ တရားဝင် တင်ပို့/တင်သွင်းခွင့်ပြုခြင်းအားဖြင့် တရားမဝင် ရောင်းဝယ်မှုပပျောက်ပြီး နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေရရှိစေရန်၊ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို အထောက်အကူပြုစေရန်နှင့် ကမ္ဘာ့ရွှေဈေးကွက်တွင် မြန်မာ့ရွှေထည်ပစ္စည်းများ ထိုးဖောက်ဝင်ရောက်နိုင်ရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၂၂ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ ထုတ်ပြန်ကြေညာခဲ့ ကြောင်းသိရသည်။

ရွှေ၊ လက်ဝတ်ရတနာ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများကို ပင်လယ်ရေကြောင်း၊ လေကြောင်း၊ နယ်စပ်လမ်းကြောင်းများမှ တင်ပို့/တင်သွင်းခွင့်ပြုထားပြီး အသေးစိတ်သိရှိလိုပါက www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းသတင်းရရှိပါသည်။

သန့်စိုး

## မြန်မာနိုင်ငံသားနှင့် ပေါင်းစည်းဆောင်ရွက်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား အဆင့်မြင့်ကုန်ချောပစ္စည်းအုပ်စု ၂၂ မျိုးကို ပြည်ပသို့ တင်ပို့ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်ကဏ္ဍ တိုးတက်ရေးအား အစဉ်ရှေ့ရှု၍ ဖြေလျော့မှုများအား အဆင့်ဆင့်လုပ်ဆောင်လျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၈) ဖြင့် မြန်မာနိုင်ငံသားနှင့် ပေါင်းစည်းဆောင်ရွက်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအား ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံ၍ ထုတ်လုပ်ရရှိသည့် အဆင့်မြင့် ကုန်ချောပစ္စည်းအုပ်စု ၂၂ မျိုးကို ပြည်ပသို့ တင်ပို့ခွင့်ပြုကြောင်း ဇန်နဝါရီ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ အမိန့်ကြော်ငြာစာအရ အသား၊ ငါး၊ ကောက်ပဲသီးနှံများမှစ၍ သစ်အခြေခံ ပရိဘောဂများ အပါအဝင် အုပ်စု ၂၂ မျိုးကို ပြည်ပသို့တင်ပို့ခွင့်ရမည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်၊ ဈေးကွက်အနေအထား၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေစသည်တို့အပေါ် မူတည်၍ လိုအပ်သလို ပြောင်းလဲပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအမိန့်ကြော်ငြာစာ အပြည့်အစုံကို www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ ကြည်သာသစ်နိုင်

## မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးဆိုင်ရာ မြေဆီလွှာဓာတ်ခွဲခန်းဖွင့်ပွဲအခမ်းအနားကျင်းပ

မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးဆိုင်ရာ မြေဆီလွှာဓာတ်ခွဲခန်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါရုံးအတွင်းရှိ ဓာတ်ခွဲခန်း အဆောက်အဦတွင် ဇန်နဝါရီ ၂၅ ရက်ကကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြေဆီလွှာဓာတ်ခွဲခန်းများသို့ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများမှ ရှင်းလင်းပြောကြားခဲ့ပြီး မျိုးစေ့သိုလှောင်ရုံအား ဆက်လက်ကြည့်ရှုခဲ့ကြသည်။

ယခုကဲ့သို့ မြေဆီလွှာဓာတ်ခွဲခန်းများ ဖွင့်လှစ်ခြင်းဖြင့် မြေဆီလွှာများအား ဓာတ်ခွဲပေးနိုင်မည်ဖြစ်ပြီး စိုက်ပျိုးသွင်းရေး ဓာတ်ခွဲပေးခြင်း၊ ဓာတ်မြေသြဇာ ဓာတ်ခွဲပေးခြင်း စသည့် ဓာတ်ခွဲစမ်းသပ်မှု အမျိုးအစား ၁၅ မျိုး လုပ်ဆောင်နိုင်မည်ဖြစ်ကာ တောင်သူများအတွက် မြေဆီလွှာအသိပညာ တိုးတက်လာပြီး နည်းပညာပါတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

မကွေးဝင်းမောင်

## ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြနိုင်ရေး လွိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန်များ ထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ဇန်နဝါရီ ၂၂ ရက်တွင် ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြနိုင်ရေး လွိုင်ကော်မြို့ပေါ်ရှိ စားသောက်ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ကယားပြည်နယ် စားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များဖြစ်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မြို့နယ်စည်ပင်သာယာနှင့် လွိုင်ကော်မြို့ပေါ်ရှိစားသောက်ကုန်များ ထုတ်လုပ်ရောင်းချနေသောလုပ်ငန်းရှင် ၁၁ ဦး တက်ရောက်ခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခမ်လျန်စွမ်းက လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များကို နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှုအညွှန်းများ၊ ခေတ်မီသောထုပ်ပိုးခွဲများဖြင့် ထုတ်လုပ်စေလိုပြီး မိမိတို့ထုတ်ကုန်များကို ပြည်နယ်အတွင်း၌သာမက ပြည်ပနိုင်ငံများအထိပါ တင်ပို့နိုင်ရန် ရည်မှန်းချက် မြင့်မြင့်ထားစေလိုကြောင်း ပြောကြားခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်သည့် အကြောင်းအရာများကိုရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက်တက်ရောက်လာသော လုပ်ငန်းရှင်များက ဆွေးနွေးရာတွင် မိမိတို့အနေဖြင့် ထုတ်လုပ်သော မုန့်အမျိုးအမည်များသဖြင့် ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲနှင့် ပါဝင်ပစ္စည်းများ တစ်ခါတည်းရိုက်နှိပ်ရန် အခက်အခဲများရှိကြောင်း၊ ဒေသတွင်းရောင်းချရန် ထုတ်လုပ်သည့်အတွက် ထုတ်လုပ်ရက်စွဲ၊ ကုန်ဆုံးရက်စွဲများ ထည့်သွင်းရမည်ဆိုပါက ကုန်ကျစရိတ်များရှိသဖြင့် ကုန်ချောတွင်လည်း ဈေးနှုန်းမြင့်တက်သွားနိုင်မည်ဖြစ်၍ ဈေးကွက်တွင်အခက်အခဲရှိနိုင်ကြောင်း၊ လုပ်ငန်းရှင်တစ်ဦးမှလည်း ကုန်အညွှန်းအမှတ်အသား ထည့်ပုံ ထည့်နည်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်အားလုံးမှ မိမိတို့ကုန်စည်နှင့် ကိုက်ညီသည့် ကုန်အညွှန်း အမှတ်အသားများကို ကြိုးစားဖော်ပြပေးသွားမှာဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)

## မကွေးတိုင်းဒေသကြီး၊ စီမံကိန်းဘဏ္ဍာရေး စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စွာဝင်းတို့ အောင်လံမြို့ ကုန်စည်ဒိုင်ခန်းမတွင် ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့်အတူ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းတို့သည် ဇန်နဝါရီ ၁၈ ရက်တွင် အောင်လံမြို့၊ ကုန်စည်ဒိုင်ခန်းမ၌ ကုန်သည်လုပ်ငန်းရှင်များ အသင်းသူ အသင်းသားများနှင့်တွေ့ဆုံ၍ အသင်းတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ပဲမျိုးစုံဈေးကွက် အခြေအနေ၊ တင်ပို့မှု အလားအလာများအား အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်းဝယ်ယူမှု မူဝါဒကန့်သတ်ချက်အရ ပဲမျိုးစုံထွက်နှုန်းတန်ချိန်မှာ များစွာပိုလျှံနေသောကြောင့် မိမိနိုင်ငံမှပဲများကို အနည်းငယ်သာ ဝယ်ယူလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှာလည်း ယခုအချိန်မှစပြီး ပြည်တွင်းပဲစားသုံးမှု မြင့်မားလာစေရန် ပဲစားပွဲတော်များ ကျင်းပလျက်ရှိပြီး တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ကိုလည်း ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချနေပြီဖြစ်ကြောင်း၊ ပဲစင်းငုံသီးနှံ စိုက်ပျိုးဖြစ်ထွန်းသည့် မြေနေရာများတွင် ဝါသီးနှံများဖြစ်ထွန်းသည့်အတွက် အစားထိုးစိုက်ပျိုးသင့်ကြောင်း၊ ဈေးကွက်အလားအလာကောင်းသည့် သီးနှံအစားထိုးစိုက်ပျိုးနိုင်ရေးနှင့် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်ရာတွင် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ဈေးကွက်ဈေးနှုန်း အခြေအနေများ၊ စိုက်ပျိုးနည်းစနစ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။

ဒါ့အပြင်ဈေးကွက်ဝင်သီးနှံ စိုက်ပျိုးထုတ်လုပ်သည့် အသင်းများနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ပြီး လက်ကမ်းစာစောင်များတွင်လည်း ဆက်သွယ်ရန် ဖုန်းနံပါတ်များ ပါဝင်သည့်အတွက် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ သိရှိလိုသည်များကို အချိန်မရွေးမေးမြန်းနိုင်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များ အသင်းနှင့် စိုက်ပျိုးရေးတို့ ပူးပေါင်းဆောင်ရွက်သော Pilot Project အပြင် နည်းပညာသွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးခဲ့သည့် အောင်လံမြို့ ရွာမထုံးကျေးရွာ မြေပဲမျိုးကောင်းမျိုးသန့် ဧက ၃၀ အား စက်ဖြင့် ရိတ်သိမ်းခြင်းအခြေအနေများအား ကြည့်ရှုခဲ့ကြောင်း သတင်းရရှိပါသည်။

စန္ဒာစိုးလွင် (မကွေး)



MDIL
SWEETY ရေခဲမုန့်
Super Premium Ice cream
၅၂-၂၇၊ ရန်ကုန်-မန္တလေးလမ်းနှင့်ရတနာပုံတက္ကသိုလ်လမ်း
တောင်မြင့်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
09-91014683
09-256528630
09-33533328
02-51-53494
02-51-53768




SK HOT POT
ရွှေကောင်း
ဟော့ပေါ့




123
PREMIUM QUALITY PULSES
SORTEX
The Pulse of Pulses !
Pulses Export Co.,ltd
Pulses
Spices
Dryfruits
Peas
Seeds
Cardamom
Rice
Sugar
Address : Room No 505(C),3rd Floor,La Pyae Wun Plaza,Dagon Township, Yangon,Myanmar.
Phone : 09 5163840,09 253057271,09 765163840




PUN YOMA
PUNYOMA INTERNATIONAL CO., LTD.
Your trusted partner for quality food ingredients!
Whole Milk Powder & Skim Milk Powder
OpenCountry
NEW ZEALAND DAIRY
- OpenCountry Authorized Distributor
- New Zealand Product & Quality
- OpenCountry is New Zealand's 2nd largest dairy manufacturer
ကိုယ်စားလှယ် မှာယူလိုသူများလည်း ဆက်သွယ် နိုင်ပါသည်။
မလိုင်ပြည့်နို့မှုန့် (Whole Milk Powder)
မလိုင်နည်းနို့မှုန့် (Skim Milk Powder)
Cocoa Powder
JBCOCOA
- Country of Origin: Malaysia
Non-Dairy Creamer
Food Excellence Specialist
- Country of Origin: Malaysia
Tel: 01 297548, 01 296605, 01 297214
HP: 09 403 9999 35
09 403 9999 36
09 403 9999 37
E-mail: sales@punyoma.com
Add: No. 52 Bogyoke Aung San Rd, Pazundaung Township, Yangon, Myanmar
ဆက်သွယ်ရန်: ၀၁ ၂၉၇၅၄၈၊ ၀၁ ၂၉၆၆၀၅၊ ၀၁ ၂၉၇၂၁၄
၀၉ ၄၀၃ ၉၉၉၉ ၃၅
၀၉ ၄၀၃ ၉၉၉၉ ၃၆
၀၉ ၄၀၃ ၉၉၉၉ ၃၇
E-mail: sales@punyoma.com
လိပ်စာ: အမှတ် (၅၂) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


ချစ်သူတိုင်း၊ အချိန်တိုင်း၊ စက္ကန့်တိုင်း အမြဲတမ်း သတိရနေစေဖို့
CHERRY OO
PERFECT PAIR
Valentine's Promotion
ကျပ် (၃၀၀၀၀) နှင့်အထက်
ပထမတစ်လုံးဝယ်ယူလျှင် 7% Discount
ဒုတိယတစ်လုံးဝယ်ယူလျှင် 14% Discount
ဖေဖော်ဝါရီလ (၁ ရက်နေ့မှ ၁၄ ရက်နေ့) အထိ
https://www.facebook.com/cherryoowatchgallery,
CALL US TO PURCHASE ! 09-73022248


TOSHIBA
Leading Innovation
TCM Partners Co.,Ltd
THE FUTURE IS NOW
https://web.facebook.com/TCMToshibaCarrierinMyanmar/
EXCELLENCE
EXPANSION
EXPERIENCE
SMMS
SUPER MODULAR MULTI SYSTEM
Air Conditioning for large buildings
INDOOR UNITS —18 types 112 models
Carrier-Toshiba authorized distributor
Contact Tel: (+95)9-7878-78811
www.facebook/Toshiba CarrierTCM-Air Conditioning Distribution


Khun Brothers
International Co.,Ltd
Antimony, Tin and Wolfram
Refining & Trading
Factory Address - Kyae Kone, Kyauk Tann, Shan State, Kalaw Township.

# အိန္ဒိယကုန်သွယ်ရေးနှင့် SPS ပြဿနာ





**သန့်စင်(သတင်းနည်းပညာ/အရည်အသွေး)**

SPS ဆိုတာ Sanitary and Phytosanitary ဖြစ်ပြီး လူ၊တိရစ္ဆာန်၊ အပင်ကပ်ရောဂါဘေးအန္တရာယ်များ ကူးစက်ကျရောက်မှုကို ကြိုတင်ကာကွယ်တဲ့အစီအမံတွေဖြစ်ပါတယ်။ Sanitary ဆိုတာ လူနဲ့ တိရစ္ဆာန်တို့ရဲ့ ကျန်းမာရေးကိုရည်ညွှန်းပြီး တိရစ္ဆာန်ဆိုတာ အိမ်မွေးတိရစ္ဆာန်တွေအပြင် ငါးနဲ့တောရိုင်းသတ္တဝါတွေ ပါဝင်ပါတယ်။ Phytosanitary ဆိုတာအပင်တွေကို ရည်ညွှန်းတာဖြစ်တဲ့အပြင် အပင်ဆိုရာမှာလည်း စိုက်ပျိုးသီးနှံပင်တွေသာမက သစ်တောနဲ့ သဘာဝ ရေမြေဒေသတွေ အကုန်ပါဝင်ပါတယ်။

၁၉၉၄ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ဥရုဂွေးအစည်းအဝေးအပြီးမှာ WTO အဖွဲ့ဝင်နိုင်ငံများက SPS Agreement ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ သဘောတူညီချက်များထဲက အဓိကအချက်မှာ အဖွဲ့ဝင်နိုင်ငံများ၏လူ၊တိရစ္ဆာန်၊အပင်များကိုကျန်းမာရေးနှင့် ပြည့်စုံပြီး ကူးစက်ရောဂါအန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ရေးနှင့် အဖွဲ့ဝင်နိုင်ငံများရဲ့ မတူညီတဲ့ SPS စံချိန်စံညွှန်းတွေကြောင့်ဖြစ်ပေါ်လာနိုင်တဲ့ ကုန်သွယ်ရေး မညီမျှမှုတွေ အကာအကွယ်ပေးရေးပဲဖြစ်ပါတယ်။ WTO အဖွဲ့အစည်းကတော့ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုန်သွယ်မှုပြုရာတွင် ပြဿနာအနည်းဆုံးဖြစ်အောင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းတွေ၊ လမ်းညွှန်ချက်တွေ၊ CODEX အဖွဲ့အစည်းမှ သတ်မှတ်ထားတဲ့ ပိုးသတ်ဆေးဓာတ်ကြွင်းအများဆုံးပါဝင်ခွင့် (Maxium Residue Limit-MRL) တို့ကို လိုက်နာရန် တိုက်တွန်းထားပါတယ်။ ဒါ့အပြင်အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့မိမိတို့နိုင်ငံနှင့် လိုက်ဖက်မယ့် မြင့်မားတဲ့စံချိန်စံညွှန်းတွေကိုလည်း ပြဋ္ဌာန်းပြီး အသုံးပြုခွင့်ပေးထားပါတယ်။ မိမိတို့နိုင်ငံရဲ့ မြင့်မားတဲ့ စံချိန်စံညွှန်းတွေအသုံးပြုပြီး အခြားအဖွဲ့ဝင်နိုင်ငံများမှ တင်သွင်းလာတဲ့ကုန်တွေကို ငြင်းပယ်ခြင်းပြုတဲ့အခါမှာတော့ အသုံးပြုတဲ့စံချိန်စံညွှန်းတွေက သိပ္ပံနည်းကျပြီး အထောက်အထားခိုင်လုံရပါမယ်။ အကျိုးအကြောင်းညီညွတ်ရပါမယ်။ကုန်တင်သွင်းတဲ့ အဖွဲ့ဝင်နိုင်ငံဘက်ကလည်း တင်ပြတဲ့ SPS တွေအကျိုးအကြောင်း ညီညွတ်နေရင် Risk Assessment ဆိုတဲ့ ကျရောက်နိုင်တဲ့ ဘေးအန္တရာယ်ဖြစ်နိုင်ချေများကို ဆန်းစစ်ပြီး ငြင်းပယ်နိုင်ပါသေးတယ်။ WTO ရဲ့ စည်းမျဉ်းစည်းကမ်းအရ SPS နဲ့ သွင်းကုန်တွေကို ကာကွယ်မယ်ဆိုရင် ဖော်ပြပါနည်းလမ်းများအပြင် သိပ္ပံနည်းကျပြီး အကျိုးအကြောင်းခိုင်လုံမှသာ တရားဝင်ငြင်းပယ်ရာရောက်ပါတယ်။ အဖွဲ့ဝင်နိုင်ငံအချင်းချင်းကုန်သွယ်ရာမှာမဖြေရှင်းနိုင်ရင် WTO အဖွဲ့ထံ တင်ပြပြီး ခုံရုံးအဆုံးအဖြတ်ခံယူရမှာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကုန်သွယ်မှုပြုရာတွင် ကြုံတွေ့ခဲ့ရတဲ့ SPS ပြဿနာအချို့ကို တင်ပြလိုပါတယ်။ အိန္ဒိယနိုင်ငံဟာ ကမ္ဘာမှာ ဟင်းခတ်အမွှေးအကြိုင်(Spieces)အများဆုံးထုတ်လုပ်တင်ပို့စားသုံးတဲ့ နိုင်ငံဖြစ်ပါတယ်။ ဟင်းခတ်အမွှေးအကြိုင် ၅၂ မျိုးကို နိုင်ငံပေါင်း ၁၅၀ သို့တင်ပို့လျက်ရှိပြီး ပိုမိုတင်ပို့နိုင်ရေးအတွက် Spieces Board India အဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလက အိန္ဒိယနိုင်ငံမှ EU နိုင်ငံသို့တင်ပို့တဲ့ ငရုတ်သီးမှုန့်များတွင် Sudan Red ခေါ် စက်မှုသုံးဆိုးဆေးပါလာလို့ ငြင်းပယ်ခံရဖူးပါတယ်။ စက်မှုသုံးဆိုးဆေးများဟာ လူတွေကို ကင်ဆာဖြစ်စေနိုင်တဲ့အတွက် လုံးဝပါဝင်ခွင့်မပြုဘဲ ပိတ်ပင်ထားပါတယ်။ EU က အိန္ဒိယနိုင်ငံမှ တင်ပို့လာတဲ့ ငရုတ်သီးမှုန့်တွေမှာ Sudan Red ကင်းရှင်းကြောင်း ထောက်ခံချက် Certificate တွေ လိုအပ်ကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှ ထုတ်လုပ်တင်ပို့သူတွေဘက်ကလည်း စက်မှုသုံး ဆိုးဆေးလုံးဝသုံးစွဲခြင်းမရှိကြောင်းနှင့် EU ရဲ့ တောင်းဆိုချက်များနဲ့အညီ Export Inspection Councils အောက်ရှိ ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးပြီး Certificate များနှင့်အတူ တင်ပို့ပေမယ့်လည်း ကုန်သေတ္တာအားလုံး ငြင်းပယ်ခံလိုက်ရပါတယ်။ အဓိက ပြဿနာ ဖြစ်ရတဲ့အကြောင်းရင်းကို လေ့လာကြည့်တော့ EU ကအသုံးပြုစမ်းသပ်တဲ့ Gas Chromatography Mass Spectrometry Mass Spectroscopy (GCMSMS) စက်တွေက အပုံသန်းတစ်ထောင်ပုံတစ်ပုံ (Parts Per Billion _PPB)ထိ စမ်းသပ်နိုင်ပြီး Sudan Red ကိုရှာဖွေနိုင်ပါတယ်။ အိန္ဒိယက အသုံးပြုနေတဲ့ စက်တွေကတော့ အပုံတစ်သန်းပုံတစ်ပုံ (Parts Per Million _PPM) အထိသာ စမ်းသပ်နိုင်ပြီး Sudan Red ကို မရှာဖွေနိုင်လို့ပဲဖြစ်ပါတယ်။ ဒါကြောင့်Spices Board India မှ ရူပီးငွေ တစ်ကုဋေခွဲအကုန်အကျခံပြီး အဆင့်မြင့် GCMSMS စက်များကို ဝယ်ယူတပ်ဆင်စမ်းသပ်မှသာ EU သို့တင်ပို့တဲ့ ငရုတ်သီးမှုန့်တွေမှာ Sudan Red ပါရှိတာတွေ့လို့ တင်ပို့မှုတွေ ရပ်ဆိုင်းလိုက်ရပါတယ်။




အိန္ဒိယနိုင်ငံ၏ သရက်သီးထုတ်လုပ်မှုဟာ ကမ္ဘာ့သရက်သီးထုတ်လုပ်မှုရဲ့ ၅၀ ရာခိုင်နှုန်းခန့်ရှိပါတယ်။ အိန္ဒိယနိုင်ငံရဲ့လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးအတွက် APEDA (Agricultural and Processed Food Products Export Development Authority) အဖွဲ့အစည်းက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံမှ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနှင့် အီးယူနိုင်ငံများသို့ သရက်သီး တင်ပို့ရာတွင် သရက်သီးတွင် (Pest & Disease) ပိုးမွှားနှင့်ရောဂါများပါဝင်မှုကြောင့် ငြင်းပယ်ခြင်းခံရဖူးပါတယ်။ ဒါကြောင့် APEDA အနေဖြင့် သရက်သီးများတွင် ပိုးမွှားနှင့်ရောဂါများ ကင်းစင်စေရေးအတွက် အမေရိကန်နိုင်ငံမှပညာရှင်များနှင့်ပူးပေါင်း၍ သရက်သီးစိုက်ပျိုးထုတ်လုပ်သည့်နေရာများကို စစ်ဆေးစမ်းသပ်ခြင်း၊ အခြေခံအဆောက်အအုံများတိုးမြှင့်ခြင်း၊ နည်းပညာဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းခြင်းကို ဆယ်စုနှစ်နှစ်ခုကြာမျှ စနစ်တကျ ဆောင်ရွက်ပြီး ၂၀၀၇ ခုနှစ်လောက်မှသာ ပြည်ပနိုင်ငံများသို့ Export ပြန်လည်တင်ပို့ နိုင်ခဲ့ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ဘာစမာတီဆန်ကို ဂျပန်၊ EU၊ ရုရှားနှင့် အမေရိကန်သို့ ၂၀၀၇ ခုနှစ် ဇွန်လပိုင်းတွင် တင်ပို့ရာမှာလည်း SPS ပြဿနာအချို့ ရင်ဆိုင်ခဲ့ရဖူးပါတယ်။ ဘာစမာတီဆန်မှာ ပိုးပါဝင်မှုကြောင့် ရုရှားနိုင်ငံက ငြင်းပယ်ခဲ့ပါတယ်။ဂျပန်နိုင်ငံနှင့်အီးယူနိုင်ငံက ဘာစမာတီဆန်မှာ ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုကြောင့် ငြင်းပယ်ခဲ့ပါတယ်။ ဂျပန်နှင့် အီးယူနိုင်ငံက ငြင်းပယ်ရာမှာတော့ မြင့်မားတဲ့ စံချိန်စံညွှန်းကြောင့်ပဲဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအနေဖြင့် ပြည်တွင်းမှာ ဘာစမာတီဆန်ကဲ့သို့ ကုန်ကျစရိတ်ကြီးမားပြီး အရည်အသွေးလည်းကောင်းမွန်တဲ့ ဆန်မျိုးစိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။

အဲဒီတော့ ပြည်တွင်းစိုက်ပျိုးသူတွေကို အကာအကွယ်ပေးချင်တဲ့အတွက် တင်းကျပ်တဲ့စံချိန်စံညွှန်းတွေထုတ်ပြန်ပြီး ယင်းစံချိန်စံညွှန်းတွေကြောင့် အိန္ဒိယဆန် စိုက်ပျိုးထုတ်လုပ်သူတွေမှာ ကုန်ကျစရိတ်များတက်လာတဲ့အပြင် မကြာခဏစစ်ဆေးခြင်း၊ ဈေးနှိမ်ခြင်းတို့ကြောင့် အိန္ဒိယနိုင်ငံရဲ့ အမေရိကန်နိုင်ငံသို့ဆန်တင်ပို့မှုဟာ ကျဆင်းသွားပါတယ်။ အိန္ဒိယနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးအတွက် MPEDA (Marine Products Export Development Authority) အဖွဲ့အစည်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံမှအီးယူသို့ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လတွင် ပုစွန်တင်ပို့ရာမှာ Vibrio လို့ခေါ်တဲ့ အပျော့စားဝမ်းရောဂါဖြစ်စေတဲ့ပိုးပါလို့ ငြင်းပယ်ခြင်းခံရပါတယ်။

Exporter များမှ ကြီးမားတဲ့အရှုံးနှင့် ရင်ဆိုင်ရတဲ့အတွက် MPEDA အနေဖြင့် WTO စည်းမျဉ်းစည်းကမ်းအတိုင်း EU နှင့် ညှိနှိုင်း၍ EU မှလုပ်ငန်းရှင်များအား မိမိနိုင်ငံအတွင်းရင်းနှီးမြှုပ်နှံစေခြင်း၊ အီးယူနိုင်ငံလိုအပ်ချက်များနှင့်ကိုက်ညီစေရန် အမေရိကန်ဒေါ်လာ ၂၅ သန်းအကုန်အကျခံ၍လက်ရှိအခြေခံအဆောက်အအုံတွေကိုအဆင့်မြှင့်တင်ခြင်း၊ထုတ်လုပ်မှုအဆင့်တွေနဲ့ ထုတ်လုပ်မှုနည်းစဉ်စသည့်နည်းပညာအကူအညီများတောင်းခံ၍ လိုက်နာဆောင်ရွက်ခဲ့တဲ့အတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စွာထုတ်လုပ်နိုင်ကာ အီးယူနိုင်ငံသို့ ပြန်လည်တင်ပို့နိုင်ခဲ့ပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံအချင်းချင်း ကုန်သွယ်ရာမှာ ပြဿနာသိပ်မရှိလှပေမယ့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကုန်သွယ်ရာမှာတော့ SPS ပြဿနာဟာ မကြာခဏဆိုသလို ကြုံတွေ့ရပါတယ်။ ဒါကလည်း နည်းပညာကွာဟမှု၊ အခြေခံအဆောက်အအုံကွာဟမှုနဲ့ အစိုးရများ၏ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာဥပဒေများ၏သဘောသဘာဝပေါ်တွေမှာလည်း မူတည်ပါတယ်။

ဒါကြောင့် ကုန်သွယ်မှုပြုရာမှာ SPS ပြဿနာနည်းအောင် ကုန်သွယ်ဖက်နိုင်ငံရဲ့ SPS သဘောတူညီချက်တွေမှာတက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရမည်ဖြစ်သလို တစ်ဖက်မှာလည်းမိမိပြည်တွင်းSPS အရည်အသွေးဆိုင်ရာ လိုအပ်ချက်တွေဖြစ်တဲ့ပွင့်လင်းထင်သာမြင်သာရှိစေရေး၊အခြားနိုင်ငံများက လက်ခံနိုင်တဲ့SPSအစီအမံများထူထောင်ရေးနဲ့ခေတ်မီနည်းပညာဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့ကိုမဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပါကြောင်းတင်ပြလိုက်ရပါတယ်။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၏ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့်မှတ်တမ်းများ

(ယခင်တစ်ပတ်မှအဆက်)

**လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၂ အရပြဋ္ဌာန်းခဲ့ပြီး ထပ်မံပြင်ဆင်သည့် ဥပဒေကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၇ အရပြဋ္ဌာန်းခဲ့ပါတယ်။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၀ နှင့်အညီ တောင်သူလယ်သမားများနည်းပညာအပြည့်အဝရရှိစေရေး၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာများ လွယ်ကူအဆင်ပြေစွာပံ့ပိုးနိုင်ရေးနှင့် လယ်ယာထုတ်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်းရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ၂၀၁၇ ခုနှစ်၊ ဇွန် ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) ဖြင့် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့မှ ဒုတိယဥက္ကဋ္ဌများအဖြစ် လည်းကောင်း ပါဝင်သောအဖွဲ့ဝင် ၂၄ ဦးဖြင့်ဖွဲ့စည်းခဲ့ပါတယ်။ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ အဆိုပါအစည်းအဝေးမှ အစည်းအဝေးဆုံးဖြတ်ချက် (၇)ချက်ချမှတ်နိုင်ခဲ့ပြီး တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆန်၊ စပါးဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းစေခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ ဆန်၊ စပါးဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့များကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာလ) အတွင်းတိုင်းဒေသကြီး/ ပြည်နယ် ၁၂ ခု တွင်လည်းကောင်း၊ ခရိုင် ၅၈ ခုတွင် လည်းကောင်း၊ မြို့နယ် ၂၂၂ ခုတွင်လည်းကောင်းဖွဲ့စည်းနိုင်ခဲ့ပြီး ဖွဲ့စည်းရန် ကျန်တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ဆက်လက်ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ယခုအခါ စပါး၊ ဆန်ဝယ်ယူရေးကြီးကြပ်မှုအဖွဲ့ကဲ့သို့ ပဲဝယ်ယူရေးကြီးကြပ်မှုလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**e-Government လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေ**

စားသုံးသူရေးရာဦးစီးဌာန၏ e-Government လုပ်ငန်းများဆောင်ရွက်ထားရှိမှုမှာ Consumer Complaint Website ရေးဆွဲခြင်းလုပ်ငန်းအား တင်ဒါအောင်မြင်သော Information Matrix Co.,Ltd နှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါတယ်။ ဌာနဘက်မှအဆိုပါ www.doca.gov.mm အတွက် Web Design ရွေးချယ်ပေးခဲ့ပြီး ယင်း Web Design ပေါ်အခြေခံ၍ Dynamic Website CMS (Content Management System) ရေးသားခြင်းတွင် Features ၁၄ ခုပါဝင်ကာ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီး Complaint and Mediation System အတွက် Features ၁၁ ခုပါဝင်ကာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ပါတယ်။ ကွန်ပျူတာများ၊ Server များနှင့် Network ပြုပြင် ထိန်းသိမ်းခြင်းဝန်ဆောင်မှုလုပ်ငန်းများအတွက် တတိယသုံးလပတ်တွင်တင်ဒါအောင်မြင်သည့် မိုးယံအောင်မြင်သူကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ လုပ်ငန်းဆောင်ရွက်ခဲ့ပြီး Server များအား Service ပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ဌာန၏ Facebook Account ဖြစ်သည့် စားသုံးသူရေးရာဦးစီးဌာနအမည်ဖြင့် Facebook Page အားဖွင့်လှစ်ထားပြီး ထို Page တွင် ဌာန၏ဆောင်ရွက်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် အများပြည်သူသို့ အသိပေးလိုသောထုတ်ပြန်ချက်များ၊ ဈေးကွက်ဈေးနှုန်းသတင်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများ၊ ဟောပြောပွဲများစသည်တို့အား ပြည်သူလူထုသိစေရန်အချိန်နှင့် တစ်ပြေးညီ တင်ပြနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။

File Server အား Domain Controller Server (DC) အဖြစ်ထားရှိလျှင် လုပ်ငန်းများဆောင်ရွက်ရာ၌ ပိုမိုအဆင်ပြေမည်ဖြစ်သောကြောင့် အဆိုပါ DC တွင် Data များအား Backup ပြုလုပ်ပေးခြင်းများကိုဆောင်ရွက်ခဲ့ပါတယ်။

**အမျိုးသားစားသုံးသူအကာအကွယ်ပေးရေး မဟာဗျူဟာရေးဆွဲရေး ဆောင်ရွက်မှုအခြေအနေ**

စားသုံးသူရေးရာဦးစီးဌာနမှ မြန်မာနိုင်ငံစားသုံးသူအကာအကွယ်ပေးရေးမဟာဗျူဟာကို GIZ-EU အကူအညီဖြင့် အမျိုးသားနှင့်နိုင်ငံတကာရှုထောင့်များဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ FDA၊ UMFCCI ၊ ပြည်ပကိုယ်စားလှယ်များဖြင့် ကော်မတီဖွဲ့စည်းကာစီမံချက်ရေးဆွဲခြင်း၊ လုပ်ဆောင်ခြင်း၊ ဆောင်ရွက်မှုအပေါ် သုံးသပ်ခြင်း၊ လိုအပ်ချက်များပြင်ဆင်ခြင်းများရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

**ဆောင်ရွက်မှုအပေါ် ထူးခြားမှုအခြေအနေ**

ထူးခြားမှုအနေဖြင့် ၂၀၁၇ ခုနှစ် ဇွန်လ ၂ ရက်(၁၀:၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဋ္ဌမနေ့အစည်းအဝေးတွင် ကျိုက်လတ်မဲဆန္ဒနယ်မှဦးရန်လင်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် "နိုင်ငံသားများအား စားသုံးသူပညာပေးရေး (Consumer Education)"ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာအသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူစားသုံးလာကြခြင်းကြောင့် အန္တရာယ်ရှိသောအစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသောဝန်ဆောင်မှုများဈေးကွက်များတွင် အလိုအလျောက်တဖြည်းဖြည်းပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်း (၆၊ ၇ ၊ ၈ တန်း )သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်ကလက်ခံဆွေးနွေးရန်သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇွန်လ ၁၄ ရက်တွင်ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မဲဆန္ဒ နယ်(၁၆) ခုမှကိုယ်စားလှယ်များကအကြံပြုဆွေးနွေးခဲ့ကြပါတယ်။

## နိုင်ငံဦး (DOCA)

အဆိုပါအကြံပြုချက်များအပေါ် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းကပညာရေးဝန်ကြီးဌာနမှ ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် သင်ရိုးသစ်များတွင် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများ၊ ညံ့ဖျင်းသောဝန်ဆောင်မှုများ၊ သင့်လျော်ကောင်းမွန်သည့် အစားအစာနှင့်ဆေးဝါးများကို ရွေးချယ်ဝယ်ယူတတ်စေရန်နှင့် စားသုံးသူအသိပညာပေးရေး (Consumer Education) သင်ခန်းစာများကို ကလေးသူငယ်များ၏ အသက်အရွယ်၊ ဉာဏ်ရည်၊ နားလည်မှုအဆင့်အတန်းတို့နှင့် လိုက်လျောညီထွေဖြစ်စေရန် ထည့်သွင်းလျာထားပါကြောင်း၊ ယင်းသင်ခန်းစာများကို အမျိုးသားပညာရေးမူဝါဒကော်မရှင်မှတစ်ဆင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ရယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အခြေခံပညာအဆင့်တွင် စားသုံးသူပညာပေးရေး ဘာသာရပ်ဟုတိုက်ရိုက်မသုံးနှုန်းထားသော်လည်း လက်ရှိအသုံးပြုသင်ကြားနေသည့် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်တွင်လည်းကောင်း၊ ဆက်လက်ရေးဆွဲပြုစုလျက်ရှိသည့် သင်ရိုးသစ်များတွင်လည်းကောင်း၊ စားသုံးသူရေးရာ အသိပညာပေးသင်ခန်းစာများကိုထည့်သွင်းရေးဆွဲနေပါသဖြင့် ဤအဆိုအားမှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း အကျယ်တဝင့်ဆွေးနွေးခဲ့ပါတယ်။

သို့ဖြစ်၍ ၂၀၁၇ ခုနှစ်အတွင်း စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်နိုင်ငံအတွင်းရှိ ပြည်သူ ၅၁ သန်းကျော်အား ဥပဒေမှသတ်မှတ်ထားသည့် စားသုံးသူအခွင့်အရေးများအား အပြည့်အဝရရှိရေး၊ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ နစ်နာဆုံးရှုံးမှုများအတွက် ဖြေရှင်းဆောင်ရွက်ပေးရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးအတွက် လုပ်ငန်းရှင်များကိုလည်း အန္တရာယ်ကင်းသော ကုန်စည်များအား နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော ကုန်စည်၊ ဝန်ဆောင်မှုများထုတ်လုပ်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းမူဘောင်များနှင့်အညီ ဆက်စပ်ဌာနဆိုင်ရာများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းစားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များနှင့်အတူ စစ်ဆေးပညာပေးခြင်းများအား ပြည်သူဗဟိုပြုဆောင်ရွက်ပေးလျက်ရှိသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနတစ်ခုဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါတယ်။




# ပင်လယ်ရေကြောင်းမှ ရော်ဘာတင်ပို့မှု ပိုမို

ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၃ သန်းတန်ဖိုးရှိ ရော်ဘာ RSS 3 အမျိုးအစား ၁၁၉၃ တန်နဲ့ MSR 20 အမျိုးအစား ၃၈၃ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်မှ ရော်ဘာတင်ပို့မှုမရှိကြောင်း သိရပါတယ်။ မြန်မာ-ထိုင်း နယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ RSS 3 အမျိုးအစား တန်ချိန် ၁၈၀ နဲ့ MSR 20 အမျိုးအစားတန် ၁၀၀ ကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုညဒသမ ၃၇၉ သန်းဝင် ငွေရရှိခဲ့ပါတယ်။ ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှ စုစုပေါင်းရော်ဘာတင်ပို့မှုမှာ အမေရိကန်ဒေါ် လာ ၂ ဒသမ ၀၁၂ သန်းဖိုးနဲ့ ရော်ဘာ ၁၈၅၆ သန်းကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်ရော်ဘာတင်ပို့မှု ၂၆၉ တန် လျော့ကျခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄၇ သန်းတန်ဖိုးရှိ ရော်ဘာ ၂၂၅၈ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ အများဆုံးတင်ပို့ပြီး RSS 3 အမျိုးအစား တန်ချိန် ၁၁၉၀၊ MSR 20 အမျိုးအစား ၆၇၂ တန်၊ ဂျပန်နိုင်ငံသို့ RSS 1 အမျိုးအစား ၁၉ တန်နဲ့ MSR 20 အမျိုးအစား ၁၉၆ တန်၊ တရုတ်နိုင်ငံသို့ MSR 20 အမျိုးအစား တန်ချိန် ၂၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ MSR 20 အမျိုးအစား ၁၀၁တန်၊ အိန္ဒိယနိုင်ငံသို့ MSR 10 အမျိုးအစား တန်ချိန် ၆၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၆၃ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် ၁၃၉၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေး အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးမှာလည်း ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။ **ယဉ်ယဉ်အေး**

# ရွှေဘိုမြို့စည်ပင်သာယာဈေးအတွင်း စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပညာပေး

စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံစိတ်ချရသည့် စားသောက်ကုန်များ ဝယ်ယူ စားသုံးနိုင်ရေးအတွက် ဇန်နဝါရီ ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့စည်ပင်သာယာဈေးအတွင်း စားသုံးရန်မသင့်သည့် စားသောက်ကုန်များရောင်းချမှု ရှိ၊ မရှိ ရွှေဘိုခရိုင်စားသုံး သူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွှေဘိုခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီး ဌာန၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ ရွှေဘိုမြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့်ဝန်ထမ်းများ စုစုပေါင်း ၂၈ ဦး ပူးပေါင်း ပါဝင်စစ်ဆေးခဲ့ကြပါတယ်။



ရွှေဘိုဈေးအတွင်း စားသောက်ကုန်နှင့် မုန့်မျိုးစုံ ရောင်းချသည့်ဆိုင်ပေါင်း ၁၄ ဆိုင်တွင် ရောင်းချသည့် စားသောက်ကုန်များကို စစ်ဆေးခဲ့ရာ Sugar စာတမ်းပါကြွယ်ပုံနှင့်ဆေးလုံးပုံ (ဆေးကတ်)ချိုချဉ်များ၊ အနီရောင်ကပ်စေးနဲ့ပြားများ၊ လိမ္မော်ရောင်မန်ကျည်းဖလိပ်ပြားများနှင့် ရက်လွန်နေသည့် Juicy တံဆိပ်လိမ္မော်ဖျော်ရည်များစစ်ဆေးတွေ့ရှိခဲ့သဖြင့် စားသုံးသူများဝယ်ယူစားသုံးမိပါက အန္တရာယ်ဖြစ်စေနိုင်၍ ဆက်လက်ရောင်းချခြင်း မပြုရန် တားမြစ်ခဲ့ပြီး ခွင့်မပြုဆိုးဆေးများ ပါဝင်နိုင်သည်ဟု သံသယရှိသည့် အမှတ်တံဆိပ်မပါသည့် (ရောင်စုံပီကေများ၊ ပဲကြီးလှော်အဝါရောင်များ၊ ဆော့ချဉ်ထုပ်များ)၊ ပင်မှည့်တံဆိပ်နှင့် ရွှေဒင်္ဂါးတံဆိပ် ဆေးမန်ကျည်းထုပ်များ၊ ပင်လယ်အော်အမှတ်တံဆိပ်ငါးမုန့် ခြောက်ပြား (အနီရောင်၊ အဝါရောင်) များ၊ မေတ္တာမွန်အမှတ်တံဆိပ်ရှောက် သံပုရာပေါင်းထုပ် (အဝါရောင်)များ၊ ရွှေဘိုမြို့၊ ဆားကျင်းကုန်းရပ်ကွက်မှ ထုတ်လုပ်သည့် တက်နေထွန်းအမှတ် တံဆိပ်ပန်းရောင် (စပရိန်ပုံ၊ ငရုတ်သီးပုံ၊ ဘောလုံးပုံ၊ အသည်းပုံ) တုပ်ထိုးချိုချဉ်များ၊ Queen တံဆိပ်ပန်းရောင် ဖျော်ရည်များစသည့် စားသောက်ကုန်ပစ္စည်း ၁၃ မျိုးအား FDA မှ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးရန် ဈေးကွက်နမူနာ ကောက်ယူခဲ့ကြောင်း သတင်းရရှိပါတယ်။

**နှင်းနှင်းခိုင်(ရွှေဘို)**

# အထောက်အထားအတုများဖြင့် တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့်ပါမစ် လျှောက်ထားသော ကုမ္ပဏီနှင့် ပါဝင်ပတ်သက်သူများအား ဥပဒေနှင့်အညီ တရားစွဲအရေးယူမည်

ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲ၊ OSS မော်တော်ယာဉ်ပါမစ် ထုတ်ပေးရေး လုပ်ငန်းဌာနစုတွင် လူပုဂ္ဂိုလ်တစ်ဦးချင်း အစီအစဉ်ဖြင့် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့်အတွက် ကာယကံရှင်ကိုယ်တိုင် လာရောက်လျှောက်ထားခြင်းများအား စိစစ်ပြီး အထူးပါမစ် ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

သွင်းကုန်ပါမစ်လျှောက်ထားသူများအား ၎င်းတို့နှင့် သက်ဆိုင်သော နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်း ပုံစံ (၆၆/၆) မူရင်းတို့ကို တိုက်ဆိုင်စစ်ဆေးခဲ့ရာ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် လာရောက် လျှောက်ထားသူများအနက်မှနှစ်စောင်သည် လူအစားထိုးလာရောက်လျှောက်ထားခဲ့ခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း သိရှိရပါသည်။

ဖော်ပြပါ နိုင်ငံသားစိစစ်ရေးကတ် နှစ်ကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) တစ်စောင်တို့အား အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ လျှောက်ထားသူ နှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ် နှစ်ကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) တစ်စောင်တို့မှာ အတုများဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ အတည်ပြုပြန်ကြားလာခဲ့သဖြင့် ကုန်သွယ်ရေး ဦးစီးဌာန အနေဖြင့် အထောက်အထားအတုများဖြင့် လူစားထိုးလျှောက်ထားမှုတွင် ပါဝင်ပတ်သက်သူများ၊ ပါဝင် ပတ်သက်သည့် ကုမ္ပဏီအား တရားဥပဒေနှင့်အညီတရားစွဲ အရေးယူသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **မော်တော်ယာဉ်ပါမစ် ထုတ်ပေးရေးလုပ်ငန်းဌာနစု (OSS)**

# ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်တွင် စုပေါင်း ကားမောင်း အဖွဲ့အား ဒေသ ထွက်ကုန်ပစ္စည်းများ ပြသရောင်းချ

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်း ကားမောင်းအဖွဲ့မှ ကား ၁၅ စီးသည် ရွှေဘိုခရိုင်၊ ရေဦးမြို့သို့ ဇန်နဝါရီ ၂၅ ရက်တွင်ရောက်ရှိလာရာ အမှတ်(၁) နှင့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဇွဲမာန်သာ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများမှ ကြိုဆိုကြပြီး ဆည်မြောင်းရိပ်သာတွင် နံနက်စာ ထမင်းစားရပ်နားကြောင်း သိရသည်။

ထိုသို့ ရပ်နားစဉ်အတွင်း ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရန်နှင့် ဒေသထွက်ကုန်ပစ္စည်းများကြည့်ရှုဝယ်ယူနိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် စားသုံးသူရေးရာ ဦးစီးဌာနတို့၏ စည်းရုံးမှုဖြင့်ဆည်မြောင်းရိပ်သာဝင်းအတွင်း၌ နှီးဒေါင်းလန်းအရောင်းပြခန်း၊ ဝက်အူချောင်း အရောင်းပြခန်း၊ ရွက်နုလက်ဖက်အညွန့်နှပ်၊ ချဉ်စပ်နှပ်၊ ချင်းပြား၊ ချင်းနှပ်နှင့်ပဲကြော်စုံ အရောင်းပြခန်း၊ ရေဦးပဲငါးပိအစို/အခြောက် အရောင်းပြခန်းများ ပြသရောင်းချခဲ့ရာ ကားမောင်းအဖွဲ့မှ အားပေးဝယ်ယူခဲ့ပြီး ရေဦးမြို့နယ် မြင်းပေါက်ကျေးရွာရှိ နန်းမတော်မယ်နုအုတ်ကျောင်းနှင့် ရေကန်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်း ရရှိပါသည်။ **အောင်ညွန့်(ရေဦး)**

# ရန်ကုန်ကားဈေးကွက် ဆက်အေးစက်နေ

ရန်ကုန်မြို့ကားဈေးကွက်၏ နှစ်သစ်ကနဦးလ၏ နောက်ဆုံး ရက်သတ္တပတ်အခြေအနေမှာ ပြီးခဲ့သည့်နှစ်ကုန်ပိုင်းတွင် အမြင့်ဈေးဖြင့်အရောင်းအဝယ်ရှိခဲ့သော ကားဈေးကွက်သည် ယခုအချိန်တွင်ဈေးကွက်အေးပြီး အရောင်းနည်း၊ အဝယ်နည်း၊ အရောင်းရှိသော်လည်း အဝယ်မရှိသည့် သဘော သက်ရောက်သွားပြီး ခြုံ၍ပြောရလျှင် ဈေးကွက်တစ်ခုလုံး အေးနေကြောင်း သိရသည်။

ရန်ကုန်ကားဈေးကွက်အတွက် အကျိုးသက်ရောက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖရီးပါမစ်ကားများ ရန်ကုန်လိုင်စင်ဖြင့် ပြန်လည်တင်သွင်းခွင့်မှာလည်း ယခင်ကဲ့သို့ ပြန်လည်ခွင့်ပြုခြင်းမျိုးမဟုတ်ဘဲ စနစ်သစ်ပုံစံအသစ်ဖြင့် ခွင့်ပြုနိုင်ကြောင်း သတင်းများ ထွက်ပေါ်နေ၍ ၎င်းအချက်မှာလည်း ဈေးကွက်အတွင်း သက်ရောက်လာနိုင်သဖြင့် ဈေးကွက်အေးရခြင်းနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း ယခုနှစ်အတွက် ပြဋ္ဌာန်းခဲ့သည့် ဘယ်မောင်းကားများသာ တင်သွင်းခွင့်ကိစ္စမှာ အဓိက သက်ဆိုင်နေကြောင်း ဝါရင့် ယာဉ်ဝယ်ရောင်းများ သုံးသပ်ချက်အရ သိရသည်။

လတ်တလော ရန်ကုန်ကားဈေးကွက်အတွင်း အရောင်းအဝယ် အနည်းဆုံး အခြေအနေဖြင့် အေးစက်နေပြီး တစ်စီး၊ နှစ်စီးစရောင်းချရသည့်ကားများမှာလည်း ခေါ်ဈေးထက်ဈေးချပြီးသို့မဟုတ် ယခင်ဈေးမတက်ခင်ကာလဈေးအထိ ညှိနှိုင်းပေးခြင်း မဟုတ်သော်လည်း လတ်တလော ရောင်းသူနှင့် ဝယ်ယူ အဆင်ပြေမည့် ကြားဈေးတစ်ရပ် သတ်မှတ်ပေးမှသာ အရောင်းအဝယ်ဖြစ်ကြောင်း ဝါရင့်ဝယ်ရောင်းများက ပြောသည်။

ရန်ကုန် ကားဈေးကွက်မှာလက်ရှိအခြေအနေကိုကြည့်၍ ဆောင်ရွက်ရသဖြင့်လက်ရှိအခြေအနေမှာ ဘယ်မောင်းသွင်းရသည့်စနစ်စတင်သည့် နှစ်ဦးပိုင်းလည်းဖြစ်ပြန်၊ ယခင် ၂၀၁၇ ခုနှစ် တင်သွင်းခွင့်ဖြင့် တင်သွင်းထားသည့်ကားများမှာလည်း ပြည်တွင်းရောက်ရှိပြီးဖြစ်၍လည်းကောင်း၊ လက်ရှိ ဂျပန်ကားညာမောင်းအသစ်နီးပါး နယ်လိုင်စင်များ၏ ဈေးတန်းမှာလည်း သိန်း ၂၀၀ ဝန်းကျင်၊ သိန်း ၂၀၀ အထက် ဖြစ်၍လည်းကောင်း၊ ယခုအချိန် ကားဝယ်သည့်သူမှာလည်း ရေရှည်စဉ်းစားမနေဘဲ ပြည်တွင်းတပ်ဆင် ဇီးရိုး(zero)ကီလို ဘယ်မောင်း/ညာမောင်းကားသစ်များအား ပြန်လည် စဉ်းစားလာကာ တွက်ခြေကိုက်သဖြင့် နှစ်သက်ကာ ဝယ်ယူလာကြခြင်းဖြစ်ကြောင်း၊ ယင်းအတွက် ပြည်ပမှ ဘယ်မောင်းကားများ ဈေးတန်းတစ်ရပ်ဖြင့် ဈေးကွက်အားမဖြန့်ကြက်နိုင်ခင် ဆူဇူကီးအာတီဂါ၊ ဆူဇူကီးဆလွန်းများ၊ တိုယိုတာဆလွန်းများ၊ နီဆန်းဖိုးဒိုးများအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြပြီး ယင်းတို့ဈေးကွက်အားကောင်းနေနိုင်သေးကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက သုံးသပ်ပြောကြားသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အာလ်ဖတ် (၂၀၀၃) | J | ၃၉၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ဒီမီယို (၂၀၁၁) | L | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၃၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | စီအာဗီ (၂၀၁၂) | ယာယီ | ၆၀၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | နွတ်ချ် (၂၀၀၃) | K | ၃၃၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ရက်ဖိုး (၂၀၀၆) | L | ၄၀၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဝှစ်ရှ် (၂၀၁၁) | K | ၃၅၀ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | မတ်(စ်)တူး (၂၀၀၃) | J | ၂၇၀ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (၂၀ နှစ်) | | ၁၁၅ သိန်း | |

# ပုသိမ်မြို့ ရောရှေ့ဝါခန်းမတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGS) အကောင်အထည်ဖော်ရေး၊ စာရင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ ဆွေးနွေးပွဲပြုလုပ်



ပုသိမ်မြို့၊ ရောရှေ့ဝါခန်းမတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs) အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲနှင့် စာရင်းအချက်အလက်များမှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ၏ (၁/၂၀၁၈) ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက်တွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဗဟိုစာရင်းအင်းဌာန၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်၍ ဧရာဝတီတိုင်းဒေသကြီး စာရင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဋ္ဌေးဝင်းက အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စာရင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူး ချုပ်ဒေါက်တာဝါဝါမောင်က Sustain able Development Goals-SDGs အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ်နောက်ပိုင်း ဖွံ့ဖြိုးမှု အစီအစဉ်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် United Nations General Assembly မှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ သည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်သက်ဝင်၍ ၂၀၃၀ ခုနှစ်အထိ ၁၅ နှစ်တိုင်အောင် ဆောင်ရွက်သွားရမည့် ဖွံ့ဖြိုးမှုလုပ်ငန်းများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SDGs နှင့် လိုက်လျောညီထွေစွာ အကောင်အထည်ဖော်နိုင်မည့် တစ်နည်းအားဖြင့် SDGs သဘောတရားများကို ထင်ဟပ်စေမည့် အမျိုးသားဘက်စုံစီမံကိန်း၊ ဒေသန္တရနှင့် ကဏ္ဍအလိုက် နှစ်စဉ်၊ နှစ်လတ် စီမံကိန်း များပေါ်ပေါက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသအတွင်း အဖွဲ့အစည်းများဖြစ်သည့် ASEAN, UNESCAP, UNDP စသည်တို့နှင့် ပူးပေါင်းကာ နိုင်ငံတော် စီမံချက်များအား SDGs နှင့် ကိုက်ညီမှုရှိစေရေး၊ SDGs ဆိုင်ရာ အချက်အလက်များ စုစည်းခြင်း၊ စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်း၊ ညွှန်းကိန်းများတွက်ချက် ထုတ်ပြန်ခြင်း စသည့်လုပ်ငန်းများအတွက် နည်းပညာလွှဲပြောင်းရယူ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ စောင့်ကြည့်လေ့လာရေးအတွက် Nation Focal အဖြစ် ဆောင်ရွက် လျက်ရှိသည်။ စတင်အကောင်အထည်ဖော်ရမည့် ၂၀၁၆ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစတင်ကာ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ ပန်းတိုင်များကို တိုင်းတာမည့် နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် စွမ်းဆောင်ရည် တိုင်းတာသည့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီး SDGs သည် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒ ၁၂ ရပ်နှင့်များစွာ လိုက်လျောညီထွေမှုရှိသည့်အပြင် နိုင်ငံတော်၏ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးမှု မဟာဗျူဟာများအတွက်လည်း အထောက်အကူပြု၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များကို နိုင်ငံ၏ ဖွံ့ဖြိုးမှုစီမံကိန်းများ အထူးသဖြင့် ငါးနှစ်စီမံကိန်း မဟာဗျူဟာမူဘောင်အတွင်း ထည့်သွင်း အကောင်အထည်ဖော်နိုင်ရန် အရေးအကြီးဆုံးဖြစ်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်မည့် သက်ဆိုင်ရာ ဦးစီးဌာနများရှိ စာရင်းအင်းယူနစ်များတွင် စွမ်းဆောင်ရည် တည်ဆောက်မှုများ လိုအပ်လျက်ရှိသည့်အတွက် ရှေ့ဆက်ကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆိုင်ရာ ညွှန်းကိန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

**မင်းမင်းဦး (ပုသိမ်)**

# ပခုက္ကူခရိုင်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ သိုး၊ ဆိတ် မွေးမြူသူများနှင့် တင်ပို့ရောင်းချသည့် ကုမ္ပဏီများအား တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်တွင် သိုး၊ ဆိတ်မွေးမြူသူများနှင့် တင်ပို့ရောင်းချသည့် ကုမ္ပဏီများ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၀ ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မကွေးတိုင်းဒေသကြီးသည် ဆိတ်မွေးမြူရေးနှင့်ပတ်သက်၍ အဓိကဖြစ်ထွန်းသောဒေသဖြစ်ပြီး၊ သိုး၊ ဆိတ်၊ ကျွဲ၊ နွား၊ ဝက်များကို တရားဝင်တင်ပို့ခွင့်ရခြင်းသည် မွေးမြူရေးလုပ်ကိုင်နေသူများအတွက် ဝင်ငွေပိုမိုရရှိနိုင်သည့် အခွင့်အလမ်းများရှိပါကြောင်း၊ ၂၀၁၇ခုနှစ်တွင် ဆိတ်ကောင်ရေ ၁၇၀၀၀၀ ထိ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုလအတွင်းမှာပင် အကောင်ရေ ၅၀၀၀၀ ခန့်ရှိနေပြီဖြစ်ကြောင်း၊ ဆိတ်မွေးမြူရေးလုပ်ငန်းမှာ သာမန်လူတန်းစားများ လုပ်ကိုင်နိုင်သည့်အတွက် များများမွေးမြူစေလိုကြောင်းနှင့် ရေစကြိုမြို့နယ်၊ တောင်စင်ကျေးရွာရှိ ဆိတ်မွေးမြူဝယ်ယူတင်ပို့သည့် တိုးရှေ့ဝါကုမ္ပဏီမှ တင်ထားသည့် သိုး၊ ဆိတ်တင်ပို့ခွင့်ပါမစ်ကိုလည်း အမြန်ဆုံးခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း ဒေသနှင့်ကိုက်ညီ ဖြစ်ထွန်းလျက်ရှိသည့် လုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ချေးငွေများကိုလည်း ဦးစားပေး စနစ်ဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ စီးပွားဖြစ်မွေးမြူသူများနှင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးဆောင်ရွက်နေသူများအား မွေးမြူရေးသင်တန်းပို့ချပေးနေကြောင်း၊ မွေးမြူထားသောဆိတ်များကို ကာကွယ်ဆေးထိုးရန်နှင့် ဖြည့်စွက်အစာများ ကျွေးရန်လိုအပ်ကြောင်း၊ မွေးမြူသူနှင့်ပြည်ပတင်ပို့သည့် ကုမ္ပဏီများအား မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော် (ပခုက္ကူ)**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com


**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါန့်ခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၉-၁-၂၀၁၈ မှ ၄-၂-၂၀၁၈ ရက်နေ့ထိ
## ဒေါ်မြတ်မြတ်အေး
## (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးတွင် ကံကောင်းလာချိန်ဖြစ်သည်။ တိုင်းရင်းဆေးကုသခြင်းလုပ်ငန်းဆေးမြစ်များ ဖော်စပ်၍ ဆေးရောင်းခြင်းလုပ်ငန်းများအကျိုးပေးမှုအားကောင်းနေတတ်ပါသည်။ ပညာရေးတွင် အခက်အခဲများကြားမှအောင်မြင်မှုရအောင်ရှာရမည့်ကာလဖြစ်နေတတ်ပါသည်။ အချစ်ရေးတွင် မိမိကလိုက်လျောမှုများရှိနေတတ်သည်။ ကျန်းမာရေးတွင် သွားနာ၊ သွားကိုက်ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။ **ယတြာ။ ။ရတနာပစ္စည်းပတ္တမြားဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့သည် ယခင်ထက်ပို၍တိုးတက်အောင်မြင်လာတတ်သည်။ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ဂျုံတို့နှင့်ပတ်သက်သောပစ္စည်းများ အကျိုးပေးကောင်းမည်။ ပညာရေးတွင်ဘာသာရပ်သင်ခန်းစာများကိုသင်ယူခြင်းဖြင့်အောင်မြင်မှုများရတတ်သည်။ ကျန်းမာရေးအနေဖြင့် အဆစ်အမြစ်ရောင်ရမ်းခြင်း၊ ကိုက်ခဲခြင်းတို့ဖြစ်တတ်ပါသည်။ အချစ်ရေးတွင်မျှော်လင့်ထားသူအနီးသို့ရောက်လာတတ်ပါသည်။

**ယတြာ။ ။ရတနာပစ္စည်းအနေဖြင့် ပုလဲကို ဆောင်ပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင်အပြောင်းအရွှေ့များနေမည်။ များပြားသောစီးပွားရေးလုပ်ငန်းများကြောင့် မအားလပ်နိုင်ဖြစ်နေမည်။ ဝါဂွမ်း၊ ပိုးထည်ချည်ထည်လုပ်ငန်းများအကျိုးပေးနေတတ်သည်။ ပညာရေးထူးချွန်ထက်မြက်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်၊ အနေအထိုင်မှားယွင်းမှုကြောင့်ရောဂါရတတ်သည်။ အချစ်ရေးတွင် အဆိုးအကောင်းရောထွေးနေလိမ့်မည်။

**ယတြာ။ ။ရတနာပစ္စည်းအနေဖြင့် သန္တာကျောက်ကိုဆောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံမှုများမှ ဆုံးရှုံးနစ်နာမှုများရှိတတ်သည်။ လုပ်ငန်းတွင်အခက်အခဲများ ကြုံတတ်သည်။ ရေနှင့်ပတ်သက်သောလုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းများအကျိုးပေးမည်။ ပညာရေးတွင် သုတေသနပြုသော ဘာသာရပ်တို့တွင် အောင်မြင်ပြီးထူးချွန်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်ခင်သူပေါများပြီး ဥစ္စာပစ္စည်းများ ရရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်ရောဂါ၊ လေရောဂါတို့ဖြစ်တတ်သည်။ **ယတြာ။ ။နီလာကျောက်ကိုဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ငွေကြေးကိစ္စအတွက် စိုးရိမ်စရာမရှိပါ။ ထီပေါက်မည့်အခြေအနေဆိုက် ရောက်လာပြီဟုဆိုနိုင်ပါသည်။ စီးပွားရေးအတွက် ကြိုးစားရမည်။ ပညာရေးတွင် ဉာဏ်ပညာပိုင်းပွင့်လင်း၍ လုပ်ငန်းခွင်ပညာရပ်များ အကျိုးပေးကောင်းမည်။ အချစ်ရေး၊ အိမ်ထောင်ရေးနီးစပ်မှု ဝေးကွာနေသေးသည်။ ကျန်းမာရေးဗဟုသုတ နည်းပါးခြင်းကြောင့် ရောဂါတစ်ခုဖြစ်လာလျှင် ကံကိုပုံချနေတတ်သည်။

**ယတြာ။ ။ ဥဿဖယားကျောက်ဆောင်ပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းအတွက်စိတ်ချမ်းသာမှုပေါ်တတ်သည်။ အကြံဉာဏ်ကောင်းပေးမည့်သူ သင့်ထံရောက်လာမည်။ တယူသန်စိတ်ကြောင့် လုပ်ငန်းခွင်ပျက်ပျယ်သွားတတ်သည်ကို သတိရှိသင့်ပါသည်။စက်ရုံအလုပ်ရုံများလုပ်ကိုင်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုရှိလိမ့်မည်။ စာကျက်ရာတွင် ဉာဏ်သွက်လက်မှုမရှိဖြစ်နေမည်။ ကျန်းမာရေးတွင် ချွန်ထက်သောအရာနှင့် ထိခိုက်မှုဖြစ်တတ်ပြီး ၎င်းအနာမှ ရောဂါရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ **ယတြာ။ ။ စိန်ကိုဆောင်ပါ။**



**စနေသားသမီးများအတွက်** အလုပ်အကိုင်စီးပွားရေး အပြောင်းအရွှေ့ကြုံတတ်သည်။ လုပ်ငန်းတိုးချဲ့မှုမသင့်သေးပါ။ ရေနံနှင့် ဓာတ်သတ္တုလုပ်ငန်းများ သင့်တင့်နေမည်။ နည်းပညာသစ်ကို သုံးစွဲခြင်းဖြင့် အကျိုးကျေးဇူးရတတ်သည်။ ပညာရေးတွင် နည်းနာခံခြင်း၊ သင်ကြားခြင်း၊ သင်ယူခြင်းဖြင့်အောင်မြင်မှုများရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးတို့တွင် သင့်တင့်သောကံကောင်း ခြင်းများရှိနေတတ်ပါသည်။ **ယတြာ။ ။ မြရတနာကို ဆောင်ပါ။**

# လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမြင်မြှင့်တင်ရေး လှုပ်ရှားမှုဖွင့်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ဇန်နဝါရီ ၂၀ ရက်တွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမြင်မြှင့်တင်ရေးလှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပွင့်ဖြူခိုင်က အဖွင့်အမှာစကား ပြောကြားပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလှိုင်မြင့်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအေးငြိမ်းက လုပ်ငန်းခွင်တွင် တွေ့ကြုံနိုင်သည့် ဘေးအန္တရာယ်များနှင့် သတိပြုလိုက်နာရမည့် အချက်အလက်များ၊ ဘေးအန္တရာယ်ကြုံတွေ့လာပါက ဆောင်ရွက်ရမည့်လုပ်ငန်း အဆင့်ဆင့်နှင့် ပတ်သက်၍လည်းကောင်း၊ WSH Myanmar Co.,Ltdမှ မန်နေဂျင်းဒါရိုက်တာ ဦးဟန်မျိုးနောင်က လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာသော အလုပ်သမား မျိုးဆက်တစ်ခု တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လည်းကောင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပွင့်ဖြူခိုင်နှင့် ဝန်ထမ်းများ၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးအေးငြိမ်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အလုပ်သမားများ တက်ရောက်ကြကြောင်း သိရှိရပါသည်။

**မင်းမင်းဦး (ပုသိမ်)**

# နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင်နှင့် ဒက္ခိဏခရိုင်အတွင်းရှိ ဈေးများသို့ သက်တမ်းလွန်စားသောက်ကုန်နှင့် ကုန်ပစ္စည်းများ ရောင်းချမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိဈေးကြီးအတွင်း၌ ဥတ္တရခရိုင် စားသုံးသူရေးရာအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ကျန်းမာရေးအဖွဲ့ဝင်များသည် သက်တမ်းလွန်စားသောက်ကုန်များရောင်းချမှုရှိ၊ မရှိကို ဇန်နဝါရီ ၂၄ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစိုးငြိမ်းကဈေးဆိုင်ခန်းများ၌ ရောင်းချလျက်ရှိသော FDA ထောက်ခံချက်မရှိသည့်မုန့်များ၊ ခွင့်မပြု ဓာတုဆိုးဆေးများ ပါဝင်သည့် စားသောက်ကုန်များ၊ သက်တမ်းလွန်နေသော စားသောက်ကုန်များ၊ မှိုတက်နေသည့်မုန့်များကို လိုက်လံစစ်ဆေး၍ သိမ်းဆည်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် စစ်ဆေးရေး အဖွဲ့ဝင်များသည် ပုဗ္ဗသီရိဈေးကြီးအတွင်းရှိ လူသုံးကုန်နှင့် စားသောက်ကုန်ဆိုင်များ၊ အသားငါးရောင်းချသည့် ဆိုင်များ၊ အလှကုန်ပစ္စည်းဆိုင်များ၊ ကုန်စိမ်း၊ ကုန်ခြောက်ဆိုင်များနှင့် ဆေးဆိုင်များကိုလိုက်လံစစ်ဆေးပြီး ဈေးဆိုင်ပိုင်ရှင်များအား လိုအပ်သည်များကို အကြံပြု မှာကြားခဲ့သည်။

ထို့ပြင် ဇန်နဝါရီ ၂၅ ရက်က ဒက္ခိဏခရိုင် ယုဇနဈေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဦးစိုးငြိမ်းဦးဆောင်သောအဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်ဌာနဆိုင်ရာများပူးပေါင်း၍ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား အဖွဲ့စုံအရှေ့တွင် မြေမြှုပ်ဖျက်ဆီးခဲ့ကာ ဆိုင်ရှင်များအား နောင်ရောင်းချခြင်းမရှိစေရန် ဝန်ခံကတိလက်မှတ်ရေးထိုးစေ၍ ပညာပေး ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

**စိုးငြိမ်း(နေပြည်တော်)**

# မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈) ကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၈ ရက်တွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ အောင်မြင့်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဇော်ဦး၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

အစည်းအဝေးတွင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဇော်ဦးက မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ဆောင်ချက်များ၊ အဖွဲ့သို့တိုင်ကြားလာသော ကိစ္စရပ်များနှင့်ပတ်သက်၍ တိုင်ကြားမှုတစ်ခုချင်းစီ၏ အသေးစိတ်အချက်အလက်များ၊ အထောက်အထားများကို PowerPoint များဖြင့် ရှင်းလင်းခြင်း၊ ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများ၊ ဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့မှ လှုပ်ရှားဆောင်ရွက်ချက်များကို တင်ပြ ဆွေးနွေးရာအဖွဲ့မှ အသိပညာပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဝိုင်းဝန်း အကြံပြုဆွေးနွေးခြင်းနှင့် ရှေ့ဆက်လက်လုပ်ဆောင်ရမည့်လုပ်ဆောင်စဉ်များကိုဆွေးနွေးခဲ့ကြောင်း သတင်း ရရှိပါသည်။

**နေခြည်ဦး (စားသုံးသူ )**






## စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ နည်းပညာနှင့် စက်မှုပြပွဲ ၂၀၁၈ ရန်ကုန်တွင် ကျင်းပ

စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ နည်းပညာနှင့် စက်မှုပြပွဲ (4th International Technology & Industry Show 2018 Yangon) ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းပေါ်ရှိ တပ်မတော်ခန်းမ ဇန်နဝါရီ ၂၆ ရက်တွင်ကျင်းပခဲ့သည်။

အဆိုပါပြပွဲကို စက်မှုဝန်ကြီးဌာနမှ ကြီးမှူး၍ Myanmar Promotional Services Co., Ltd မှစီစဉ်ခြင်းဖြစ်ပြီး အနာဂတ်တွင် မြန်မာနိုင်ငံ၏ စက်မှုနည်းပညာကဏ္ဍများ ပိုမိုဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် နိုင်ငံတကာမှ နည်းပညာများနှင့် စက်မှုကုမ္ပဏီကြီးများမှ ထုတ်ကုန်များနှင့်အတူ စက်မှုဝန်ကြီးဌာန လက်အောက်မှ ဌာနများဖြစ်ကြသော DIC, DISI, အကြီးစားစက်မှုလုပ်ငန်း ၁၊၂၊ ၃နှင့် မြန်မာ့ဆေးဝါးလုပ်ငန်းများမှ ထုတ်ကုန်များနှင့် လုပ်ငန်းများကို ပြည်သူများလေ့လာဝယ်ယူနိုင်စေရန် ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း သိရသည်။

အထူးအစီအစဉ်အနေဖြင့် ပြပွဲကာလအတွင်း တီထွင်ဖန်တီးမှုစွမ်းရည် အလားအလာရှိသော မျိုးဆက်သစ်လူငယ်များအား အနာဂတ်တွင် မြေတောင်မြှောက်ပေးနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် စက်မှုဝန်ကြီးဌာနတို့ပူးပေါင်း၍ တီထွင်ဖန်တီးမှု စွမ်းရည်ပြိုင်ပွဲကို(Inventor Award -ကနောင်ဆု) ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် Engineering College and University, Technical School, Technical College, Open Competition စသည့် ကဏ္ဍလေးခုဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

4th International Technology & Industry Show 2018 Yangon ပြပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဝင်ရောက်လေ့လာနိုင်မည်ဖြစ်ကြောင်း၊ စက်မှုနှင့် နည်းပညာကုမ္ပဏီပေါင်း ၆၀ ကျော်မှ ပြခန်းပေါင်း ၁၀၀ ကျော်တို့က ပါဝင်ပြသထားကြောင်း သိရသည်။

**ချောစု စုစည်းသည်**

## SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်တွက် မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့ပူးပေါင်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခြင်းကို မရမ်းကုန်းမြို့နယ် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါ သဘောတူလက်မှတ်ရေးထိုးရခြင်းမှာ မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းတို့ကို မြှင့်တင်ပေးရန် ရည်ရွယ်သည့်အပြင် မြန်မာနိုင်ငံတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ကို ဖော်ဆောင်ပေးရမည့် ကတိကဝတ်အတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

“ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းတော်တော်များများက အသေးစားနဲ့အလတ်စားလုပ်ငန်းတွေပါ။ အဲဒါကြောင့် ဒိန်းမတ်နိုင်ငံအနေနဲ့ မြန်မာ့စီးပွားရေးလောကကို တစ်ဖက်တစ်လမ်းကနေ အထောက်အကူပေးတဲ့အနေနဲ့ ရန်ပုံငွေလုပ်ငန်းစဉ်ကိုလုပ်တာပါ။ ဒီရန်ပုံငွေက ပြည်တွင်းမှာရှိတဲ့ အသေးစားနဲ့အလတ်စားလုပ်ငန်းတွေအတွက် အများကြီးအကျိုးရှိမှာပါ”ဟု မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး Mr. Peter Lysholt Hansen က ပြောသည်။

အဆိုပါရန်ပုံငွေဖြင့် ထောက်ပံ့ခြင်းအစီအစဉ်ကို ၂၀၂၀ပြည့်နှစ်အထိ လုပ်ဆောင်သွားမည်ဖြစ်ပြီး SME လုပ်ငန်းရှင် ၄၅၀ ကျော်အထိပေးအပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထောက်ပံ့ကြေးငွေရယူနိုင်သည့် လုပ်ငန်း ၇ မျိုးရှိပြီး ရယူလိုသည့် အသေးစားနှင့် အလတ်စား စီးပွားရေး




လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးပြည့်မီစေရန် စံနှုန်း ၅ ခုနှင့် ကိုက်ညီဖို့ လိုအပ်ကြောင်း သိရသည်။

သတ်မှတ်ထားသည့် စံနှုန်းငါးခုမှာ SME လုပ်ငန်းများသည် ခွင့်ပြုထားသည့်နယ်ပယ် ခုနစ်ခုနှင့် ဆက်စပ်မှုရှိသည့် စီမံကိန်းတစ်ခုကို တင်သွင်းခြင်း၊ လုပ်ငန်းများတင်သွင်းသည့် စီမံကိန်းသည် ပြိုင်ဘက်လုပ်ငန်းမှ အကောင်အထည်ဖော်နေသည့် စီမံကိန်းမဖြစ်စေရန် လိုအပ်ခြင်း၊ SME လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားပြီး အမြဲတမ်းဝန်ထမ်း အနည်းဆုံး ၆၀၀ နှင့်အောက် သို့မဟုတ် ရင်းနှီးမတည်ငွေ မြန်မာငွေကျပ် ၁ ဘီလီယံအောက် ပေးသွင်းပြီးဖြစ်ခြင်း၊ လုပ်ငန်းသက်တမ်း အနည်းဆုံး ၂ နှစ်ရှိခြင်း၊ SME လုပ်ငန်းများသည် အရက်၊လောင်းကစား၊ ဆေးရွက်ကြီး၊ လက်နက်များနှင့် နိုင်ငံတကာ-အသိအမှတ်မပြုဘဲ ထုတ်ပယ်ထားသည့် လုပ်ငန်းများလုပ်ကိုင်နေသူမဖြစ်ရခြင်း စသည်တို့ဖြစ်ပြီး အဆိုပြုလွှာများကို applications @rbfmyanmar.comသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

## UMG Group of Companies မှ (၄၁)ခုမြောက်ရုံးခွဲကို မွန်ပြည်နယ် ဘီးလင်းမြို့တွင် ဖွင့်လှစ်

UMG Group of Companies ၏ (၄၁) ခုမြောက်ရုံးခွဲကို ဘီးလင်းမြို့နယ်၊ ဝင်းပြန်ကျေးရွာတွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါရုံးခွဲဖွင့်လှစ်ရခြင်းမှာ UMG Group Of Companies မှ တင်သွင်းဖြန့်ချိသော ကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် လာရောက်လေ့လာဝယ်ယူနိုင်စေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

“ဘီးလင်းမြို့မှာ ရုံးခွဲဖွင့်ရတာက မွန်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းကပါဝင်နိုင်ဖို့ပါ။ UMG အနေနဲ့လည်း စိုက်ပျိုးရေးကဏ္ဍအပြင် ဆောက်လုပ်ရေးကဏ္ဍနဲ့ ထုတ်လုပ်ရေးကဏ္ဍတွေမှာပါ အင်တိုက်အားတိုက် ဆောင်ရွက်နေတဲ့အတွက် အဲဒီကဏ္ဍတွေက တစ်ဆင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမှာပါ”ဟု UMG Group of Companies ၏ ဥက္ကဋ္ဌ ဒေါ်မာလာဝင်းကပြောသည်။

“လက်ရှိမှာလည်း နည်းပညာနဲ့ ဆက်သွယ်ရေးလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ရေး၊ ငွေကြေးစီမံခန့်ခွဲမှု၊ မီဒီယာနှင့်ဖျော်ဖြေရေးကဏ္ဍတွေကို အဓိကတိုးချဲ့လုပ်ကိုင်သွားမှာပါ။ လာမည့် ၂၀၂၀ ခုနှစ်မှာလည်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံသွားရန် ရည်ရွယ်ထားပါတယ်”ဟု ၎င်းက ဆက်ပြောသည်။

UMG Group of Companies အနေဖြင့် မြေတူးစက်၊ မြေထိုးစက်၊ မြေသယ်စက်၊ လမ်းကြိတ်စက်၊ မြေညှိစက်၊ ကျောက်သယ်စက်၊ ကျောက်ခွဲစက်၊ မြေသယ်ယာဉ်ကြီးများ၊ မီးစက်များ၊ ဝန်မစက်များ၊ သန့်ရှင်းရေးစက်များ၊ လယ်ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်များ၊ စက်ပစ္စည်းများအတွက် လိုအပ်သော စက်ဆီချောဆီများနှင့် စားသောက်ကုန်အမျိုးမျိုးတို့ကို ဖြန့်ဖြူးရောင်းချပေးနေခြင်းဖြစ်ပြီး ကုန်သွယ်ရောင်းဝယ်ရာတွင် ငွေကြေးဆိုင်ရာကိစ္စရပ်များအား အဆင်ပြေလွယ်ကူစေရန်အတွက် Win Finance Co.,Ltd ကိုပါ ဖွင့်လှစ်ထားကြောင်း၊ ထို့အပြင် သုံးစွဲသူများ အဆင်ပြေလွယ်ကူစေရန်အတွက် အတိုးနှုန်းနည်းချေးငွေနှင့် သင့်တင့်မျှတသော အရစ်ကျပေးချေသည့်စနစ်များကို ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

## တတိယအကြိမ်မြောက် Bangkok Luxury Properties Exhibition ပြပွဲကျင်းပ

တတိယအကြိမ်မြောက် Bangkok Luxury Properties Exhibition ပြပွဲကို ဆီဒိုးနားဟိုတယ်ရှိ အလုံခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် ဗန်ကောက်မြို့ရှိ နေရာစုံမှ ဆောက်လုပ်ဆဲ ကြိုပွိုင့်ကွန်ဒိုများဖြစ်သော ကွန်ဒိုငါးခုကို မိတ်ဆက်ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ပထမတစ်ကြိမ်တုန်းက ကွန်ဒိုပရောဂျက် နှစ်ခုနဲ့ ဒုတိယအကြိမ်မှာ ငါးခု ရောင်းချပေးခဲ့ပါတယ်။ ဒီတစ်ခေါက်မှာလည်း ဝယ်ယူသူတွေ စိတ်ကြိုက်ရွေး ချယ်နိုင်အောင်လို့ ထိုင်းဘတ်ငွေ ၄ သန်းခွဲကျော်ကစတဲ့ ကွန်ဒိုငါးခုကိုမိတ်ဆက်ရောင်းပေးတာပါ”ဟု Your Property Finder ကုမ္ပဏီမှ Marketing Executive ဖြစ်သူ မသစ်မွန်ရည်က ပြောသည်။

"အခုရောင်းခဲ့တဲ့ ကွန်ဒိုတွေက နိုင်ငံခြားသားဝင်နိုင်တဲ့ ရာခိုင်နှုန်း ၁၀ ရာခိုင်နှုန်းလောက်ပဲ ကျန်တော့တယ်။ အဲဒီလို အခန်းနည်းနည်းပဲ ကျန်တော့တဲ့အတွက် နောက်ထပ် ပရောဂျက်နှစ်ခုကို ထပ်ယူထားပါတယ်။ အရင်လက်ကျန်နဲ့ အသစ်နှစ်ခုကိုပေါင်းပြီး ဒီပွဲမှာ ပြသရောင်းချပေးတာပါ”ဟု ၎င်းက ပြောသည်။

ပြပွဲတွင်ဝယ်ယူသည့် Customer များကိုလည်း ယခင်အကြိမ်များကဲ့သို့ ရွေးချယ်ဝယ်ယူထားသည့်ကွန်ဒိုကို သွားရောက်ကြည့်ရှုနိုင်စေရန် ဗန်ကောက်သို့ ၁ ညအိပ် ၂ရက် လိုက်ပါပို့ဆောင်ပေးမည့်ခရီးစဉ်ကို မေတ္တာလက်ဆောင်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗန်ကောက် ကွန်ဒိုမီနီယံဈေးကွက်အကြောင်း သိကောင်းစရာ Short Presentation ကိုလည်း မိနစ် ၃၀ ခန့် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

Your Property Finder အနေဖြင့် ဗန်ကောက်အိမ်ခြံမြေများအပြင် အခြားနိုင်ငံများဖြစ်သော Singapore, Vietnam, Cambodia, London, Sydney, Melbourne, New Zealand စသောနိုင်ငံများမှ အိမ်ခြံမြေများကိုလည်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

## Digital Microfinance 2018 ဆွေးနွေးပွဲ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်

ပြည်တွင်းအသေးစား ချေးငွေလုပ်ငန်းများအတွက် ရည်ရွယ်၍ "Digital Microfinance"ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၃ ရက်က ရန်ကုန်မြို့ ကုန်သည်/စက်မှုလုပ်ငန်းရှင်အသင်းချုပ်ရုံး မင်္ဂလာခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲ တွင် ဒစ်ဂျစ်တယ်စနစ်များ အသုံးပြုခြင်းဖြင့် ဘဏ္ဍာရေးနှင့်ပတ်သက်သော ဝန်ဆောင်မှုအကျိုးကျေးဇူးများ လူတိုင်းခံစားနိုင်ရေး၊ Blockchain ဖြင့် လူသားအကျိုးပြုလုပ်နိုင်သော ပုံစံများ၊ မြန်မာနိုင်ငံ၏ မိုလ်ဘိုင်းမန်းနီးဈေးကွက်အခြေအနေ၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် အသုံးပြုသော MIS (ခေါ်) သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်များ စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ အခြေအနေအရ ဒစ်ဂျီတယ်စနစ် ပြောင်းလဲနိုင်ရေးဟာ အနာဂတ်အတွက် အင်မတန်အရေးကြီးပါတယ်။ ThitsaWorks ကုမ္ပဏီကတော့ အခြေခံဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုတွေကို အများပြည်သူတစ်ရပ်လုံး ခံစားစေနိုင်ဖို့ နည်းပညာပံ့ပိုးပေးနေပါတယ်။ အများပြည်သူအားလုံးအတွက် ရည်ရွယ်တဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုတွေကို ပေးနိုင်တော့မှာဖြစ်လို့ ဝမ်းသာမိပါတယ်"ဟု ယခုဆွေးနွေးပွဲကိုစီစဉ်သည့် Thitsa Works Solutions Myanmar ကုမ္ပဏီ၏ စီအီးအို ဦးညီငြိမ်းအေးက ပြောသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးလက်ဒေသတွင် နေထိုင်ကြတာကြောင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ခက်ခဲနေကြောင်း သိရသည်။

## CVT Myanmar မှ လုပ်ငန်းခွင်ကျွမ်းကျင်သင်တန်းငါးခုကို မေလတွင်ဖွင့်လှစ်မည်

CVT Myanmar အသက်မွေးမှု အတတ်ပညာသင်တန်းကျောင်းမှ လုပ်ငန်းခွင် ကျွမ်းကျင်သင်တန်း ငါးခုကို ယခုနှစ်မေလအတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း အဆိုပါကျောင်း၏စီအီးအို ဒေါ်ခင်မြတ်စန္ဒာက ပြောကြားသည်။

လာမည့် မေလအတွင်း ဖွင့်လှစ်သင်ကြားသွားမည့် သင်တန်းငါးခုမှာ စီးပွားရေးပညာ အထောက်အကူပြုသင်တန်း၊ ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာသင်တန်း၊ ပရိဘောဂပြုလုပ်မှု အတတ်ပညာသင်တန်း၊ လျှပ်စစ်ကျွမ်းကျင်မှု အတတ်ပညာ သင်တန်းနှင့် သတ္တုပစ္စည်းအတတ်ပညာသင်တန်းတို့ ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့တိုင်းပြည်အကျိုးစီးပွားအတွက် ရည်ရွယ်ပြီး ဒီကျောင်းကို တည်ထောင်ဖွင့်လှစ်ထားတာ အခုဆို ၁၅ နှစ်သက်တမ်းရှိပါပြီ။ သင်တန်းမှာဆိုရင် ဆွစ်ဇာလန်နည်းစနစ်ကို အသုံးပြုပြီး သင်ကြားပေးပါတယ်။ ကုမ္ပဏီတွေက စေလွှတ်တဲ့ အလုပ်သင် သင်တန်းသားတွေအနေနဲ့ တစ်ပတ်ကို တစ်ရက်နဲ့ CVT ရဲ့ သင်တန်းမှာ စာတွေ့သင်ကြားနိုင်မှာဖြစ်သလို ကျန်တဲ့ရက်တွေမှာ သက်ဆိုင်ရာလုပ်ငန်းခွင်ကိုဝင်ပြီး လက်တွေ့လေ့လာကြရမှာ ဖြစ်ပါတယ်။ သင်တန်းသားလူငယ်တွေအနေနဲ့အဆင့်မြင့်အသိပညာ အတတ်ပညာတွေကို လုပ်ငန်းခွင်မပျက် ရရှိနိုင်မှာဖြစ်သလို လုပ်ငန်းရှင်တွေအတွက်လည်း ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်" ဟု ဒေါ်ခင်မြတ်စန္ဒာက ပြောသည်။

လက်ရှိအချိန်တွင် သင်တန်းသား ၇၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးနေပြီး အောင်မြင်ပြီးစီးသွားသော သင်တန်းသား ၁၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

CVT Myanmar သင်တန်းကျောင်းသည် အသက်မွေးဝမ်းကျောင်းမှုပညာရပ်များကို ဆွစ်ဇာလန်နိုင်ငံ၏ နည်းပညာနှင့် ဘဏ္ဍာရေးအထောက်အပံ့များဖြင့် ဖွင့်လှစ်သင်ကြားပေးပြီး စာတွေ့လက်တွေ့ သင်ကြားပေးနေသည့် အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်း (INGO)တစ်ခုဖြစ်ကာ ၂၀၁၆ ခုနှစ်တွင် အစိုးရအသိအမှတ်ပြု သင်တန်းကျောင်း ဖြစ်လာခဲ့သည်။

## အောင်လအန်ဆန် ပါဝင်ယှဉ်ပြိုင်မည့် ဝမ်းချန်ပီယံရှစ် ရွှေခါးပတ်လုပွဲ ဖေဖော်ဝါရီနောက်ဆုံးပတ်တွင်ကျင်းပမည်

နိုင်ငံ့ဂုဏ်ဆောင်"မြန်မာ့စပါးအုံးမြွေ" အောင်လအန်ဆန် ပါဝင်ယှဉ်ပြိုင်မည့် ဝမ်းချန်ပီယံရှစ် ရွှေခါးပတ်လုပွဲကို ဖေဖော်ဝါရီ ၂၃ရက်တွင် ရန်ကုန်မြို့၊ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအတွက် ပွဲကြည့်လက်မှတ်နှင့်ပတ်သက်သည့် အချက်အလက်များကို ONE: QUEST FOR GOLD www.onefc.com တွင် ဖော်ပြထားကြောင်း သိရပြီး အောင်လအန်ဆန်နှင့်အတူ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဝမ်းဖယ်သာဝိတ်တန်းကစားသမား ဖိုးသော်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဝမ်းမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာတာက ကျွန်တော့်ရဲ့ ကစားသမားဘဝမှာ အကြီးမားဆုံးအောင်မြင်မှုမှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ ဒီချန်ပီယံခါးပတ်ကို ကာကွယ်ဖို့နဲ့ မြန်မာတွေ ဂုဏ်ယူနိုင်စေဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကျွန်တော်နဲ့ထိုးသတ်ရမယ့် ပြိုင်ဘက်ကတော့ ဘရာဇီးနိုင်ငံက Alexandre Machado ဖြစ်ပါတယ်။ အားလုံးနဲ့ပွဲမှာဆုံကြမယ်"ဟု ဝမ်းမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်ကပြောကြားသည်။

ထို့ပြင် ဝမ်းဖယ်သာဝိတ်တန်းတွင် မြန်မာနိုင်ငံကိုယ်စားပြု ကစားသမား ဖိုးသော်နှင့် ကမ္ဘောဒီးယားကစားသမား Sor Sey တို့လည်း ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်းလည်း သိရသည်။

စင်ကာပူနိုင်ငံအခြေစိုက် One Championship ကိုယ်ခံပညာ အားကစားအဖွဲ့သည် နိုင်ငံပေါင်း ၁၂၈နိုင်ငံမှ ပွဲကြည့်ပရိသတ်ပေါင်း ၁ ဒသမ ၇ ဘီလီယံကျော်အတွက် ရုပ်မြင်သံကြားမှတစ်ဆင့်ထုတ်လွှင့်ပြသပေးနေကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းသည်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ယခုနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်

အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ယခုနှစ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြောကြားသည်။

ဇန်နဝါရီ ၂၃ရက်က ရန်ကုန်မြို့ရှိ Park Royal Hotel ၌ပြုလုပ်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲတွင် ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။

"၂၀၁၈ခုနှစ်အတွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ စီးပွားရေးအသိုက်အဝန်းတွေရဲ့ အကူအညီတွေရယူပြီးတော့ ဆောင်ရွက်သွားမယ်။ နိုင်ငံ့ဝန်ထမ်းတွေအပိုင်းမှာလည်း ပွင့်လင်းမြင်သာမှုတွေ၊ တာဝန်ယူမှု တာဝန်ခံမှုတွေ တိုးတက်လာအောင် လက်ရှိဆောင်ရွက်နေတဲ့ CIVAL SERVICE REFORM စီမံကိန်းနဲ့ လိုက်လျောညီထွေဖြစ်အောင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်" ဟု ဦးအောင်ကြည်ကပြောသည်။

ဆက်လက်၍ "ပညာပေးရေးနဲ့ ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။ပညာပေးရေး၊ ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးပိုင်းမှာ အစိုးရအဖွဲ့အစည်းတွေ၊ ဝန်ကြီးဌာန၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေမှာလည်းပဲ ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး ပညာပေးမှုတွေ၊ တိုက်တွန်းမှုတွေ ကျွန်တော်တို့အပိုင်းက ဆောင်ရွက်နိုင်သလောက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူပဲ ပုဂ္ဂလိကကဏ္ဍတွေ၊ စီးပွားရေးလုပ်ငန်းရှင်အပိုင်းတွေကို လုပ်ဆောင်သွားဖို့ရှိပါတယ်။ ဒါ့အပြင် အခြေခံပညာကျောင်းတွေမှာပါ ကိုယ်ကျင့်တရားမြှင့်တင်ရေးနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်သွားနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းသွားဖို့ ပြင်ဆင်ထားပါတယ်"ဟု ၎င်းကပြောကြားသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်သမ္မတအမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့သည်။

## မြန်မာနိုင်ငံအရင်းအနှီးဈေးကွက် ပိုမိုအောင်မြင်စေရေး ဂျပန်နိုင်ငံ ကူညီမည်



မြန်မာနိုင်ငံ၏ အရင်းအနှီးဈေးကွက် လက်ရှိအခြေအနေထက် ပိုမိုအောင်မြင်နိုင်စေရန် ဂျပန်နိုင်ငံက အကူအညီ ပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ ပါလီမန်ဆိုင်ရာဘဏ္ဍာရေး ဒုတိယဝန်ကြီး Mr.Murai က မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ်ဈေးကွက်၏ လက်ရှိအခြေအနေ၊ စိန်ခေါ်မှုများနှင့် ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုများ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီ ၂၅ ရက်က နေပြည်တော်ရှိ Kempinski Hotel ၌ ပြုလုပ်ခဲ့ရာ စီမံ/ဘဏ္ဍာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်ခဲ့သည်။

"မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် ရန်ကုန်စတော့အိတ်ချိန်းကို တည်ထောင်ခဲ့တာ နှစ်နှစ်ရှိခဲ့ပါပြီ။ စာရင်းဝင် ကုမ္ပဏီနည်းပါးနေသေးခြင်းနဲ့ ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားမှုနည်းပါးနေခြင်း စိန်ခေါ်မှုတွေနဲ့ကြုံတွေ့နေရပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပြီး မြန်မာနိုင်ငံ ငွေကြေးအရင်းအနှီးဈေးကွက် သက်ဝင်လှုပ်ရှားလာစေရန် အဆိုပြုချက်တစ်ခုရေးဆွဲပြီး မြန်မာနိုင်ငံတာဝန်ရှိသူတွေကို တင်ပြခဲ့ပါတယ်။ ဒီအဆိုပြုချက်ကို အခြေခံပြီး မြန်မာနိုင်ငံတာဝန်ရှိသူတွေနဲ့ တိုင်ပင်ညှိနှိုင်းကာ ကူညီပေးသွားမှာဖြစ်ပါတယ်"ဟု ဂျပန်နိုင်ငံပါလီမန်ဆိုင်ရာ ဘဏ္ဍာရေး ဒုတိယဝန်ကြီး Mr.Murai က ပြောကြားသည်။

မြန်မာနိုင်ငံ ငွေကြေးအရင်းအနှီးဈေးကွက် သက်ဝင်လှုပ်ရှားလာစေရေး အဆိုပြုချက်တွင် စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ များပြားလာစေရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံသူ အရွယ်အစားမြှင့်တင်နိုင်ရေးကဏ္ဍ၊ စနစ်ပြန်လည်ပြင်ဆင်ခြင်းကဏ္ဍနှင့် လူသားအရင်းအမြစ်ပြုစုပျိုးထောင်ခြင်း ကဏ္ဍတို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန် စတော့အိတ်ချိန်းအောက်မှာ အထူးလုပ်ငန်းအဖွဲ့ဆိုတာလည်းဖွဲ့မယ်။ ကျွမ်းကျင်ပညာရှင်ငါးဦးပါမယ်။ အထူးအဖွဲ့သက်တမ်းကို တစ်နှစ်လို့မှန်းထားပြီး လုပ်ကြည့်မယ်။ အထူးလုပ်ငန်းအဖွဲ့က စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီတွေ တိုးလာအောင် ကုမ္ပဏီတွေကိုအသိပညာပေး၊ လုပ်ချင်လာအောင် ဆောင်ရွက်သွားမှာပါ"ဟုစီမံ/ဘဏ္ဍာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက်စတင်နိုင်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်းကို၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှ စတင်ကာ အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်မှု စတင်ခဲ့သည်။



## မြို့ကြီးများ၏ ၂၉-၁-၂၀၁၈ မှ ၂-၂-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၉-၁-၂၀၁၈) | အင်္ဂါ(၃၀-၁-၂၀၁၈) | ဗုဒ္ဓဟူး(၃၁-၁-၂၀၁၈) | ကြာသပတေး(၁ -၂-၂၀၁၈) | သောကြာ(၂-၂-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| မန္တလေးမြို့ | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F |
| မြစ်ကြီးနား | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F |
| လားရှိုး | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F |
| ကျိုင်းတုံ | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၃°C/၇၄°F | တိမ်အသင့်အတင့် ၂၃°C/၇၃°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၈°F |
| တောင်ကြီး | တိမ်အသင့်အတင့် -၃°C/၂၆°F | နေသာ -၂°C/၂၈°F | တိမ်အသင့်အတင့် ၇°C/၄၄°F | တိမ်အသင့်အတင့် ၀°C/၃၂°F | တိမ်အသင့်အတင့် -၅°C/၂၂°F |
| မော်လမြိုင် | နေသာ ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F |
| ဘားအံ | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| တောင်ငူ | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၇°F | နေသာ် ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F |
| မုံရွာ | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၀°C/၈၆°F |
| ပုသိမ် | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F |
| မြိတ် | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၂၉°C/၈၅°F |
| စစ်တွေ | နေသာ ၂၇°C/၈၁°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F |
| မကွေး | တိမ်အသင့်အတင့် ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F |
| ဖလမ်း | နေသာ ၁၉°C/၆၇°F | နေသာ ၁၉°C/၆၇°F | နေသာ ၂၀°C/၆၈°F | နေသာ ၂၀°C/၆၈°F | နေသာ ၂၁°C/၇၀°F |

# ဖိလစ်ပိုင်တွင် မီးတောင်ပေါက်ကွဲပြီး မဂ္ဂမာချော်ရည်များ ဆက်လက်စီးဆင်း

ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သော ရက်သတ္တနှစ်ပတ်ခန့်က ပေါက်ကွဲခဲ့သော မီးတောင်မှ မြေမျက်နှာပြင်အောက်ရှိ မဂ္ဂမာချော်ရည်များသည် ဆက်လက်ထွက်ပေါ်လျက်ရှိကြောင်း သိပ္ပံပညာရှင်များက ဇန်နဝါရီ ၂၅ ရက်က ပြောသည်။

မေယွန်မီးတောင်မှ ချော်ရည်၊ ပြာ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်ခဲများ ထွက်ပေါ်နေသည့်အတွက် လူပေါင်း ၇၄၀၀၀ သည် အရေးပေါ်တည်းခိုစရာနေရာများတွင် နေထိုင်လျက်ရှိကြသည်။

မီးတောင်ပေါက်ကွဲမှုသည် လပေါင်းများစွာကြာမြင့်ပြီး မီးတောင်အနီးဝန်းကျင်ရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုဘဝတို့ကို ထိခိုက်လာမည်ကို တာဝန်ရှိသူတို့က စိုးရိမ်လျက်ရှိကြသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အသေးစားမြေငလျင်လှုပ်မှုနှင့် ဆာလ်ဖာဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုကို ဇန်နဝါရီ ၂၄ ရက် နှင့် ၂၅ ရက် စောစောပိုင်းက ထောက်လှမ်းတွေ့ရှိထားကြောင်း ဖိလစ်ပိုင်နိုင်ငံ မီးတောင်နှင့် မြေငလျင်ဗေဒသိပ္ပံက ပြောကြားသည်။

မီတာ ၅၀၀ (ပေ ၁၆၄၀) အထိ ပန်းထွက်နေသော မီးတောင်ချော်ရည်များက မီးတောင်ထိပ်ဝမှ ၃ ကီလိုမီတာ (၁ ဒသမ ၈ မိုင်) အထိ ဆင်ခြေလျှောအတိုင်း စီးဆင်းလျက်ရှိသည်။ မီးတောင်ပြာများသည် ငါးကီလိုမီတာ(သုံးမိုင်)အထိ မြင့်တက်ကာ အနီးရှိ လယ်ကွင်းများနှင့် မြို့များပေါ်သို့ ကျရောက်လျက်ရှိရာ ကောင်းကင်တစ်ခုလုံး မှောင်မိုက်နေပြီး ကျေးရွာသားများက နှာခေါင်းစည်းများစည်း၍ ကာကွယ်ထားရကြောင်းသိရှိရသည်။

မေယွန်တောင်အတွက် သတိပေးအချက်ပြအဆင့်မှာ အဆင့်ငါးခုအနက် အဆင့်လေးအထိရှိနေပြီးပြင်းထန်သော ပေါက်ကွဲမှုဖြစ်မည့်အလားအလာကို ထင်ရှားစွာညွှန်ပြလျက်ရှိနေသည်။

လက်ရှိအချိန်အထိ ထိခိုက်ဒဏ်ရာရမှု မရှိသေးသော်လည်း မီးတောင်ထိပ်ဝမှ ရှစ်ကီလိုမီတာအကွာအထိ သတ်မှတ်ထားသော အန္တရာယ်ဇုန်အတွင်းသို့ ရွာသားများ၊ နိုင်ငံခြားခရီးသည်များ ဝင်ရောက်ခြင်းမရှိစေရန် ခက်ခဲစွာကြိုးပမ်းဆောင်ရွက်နေရသည်။

**ဉာဏ်တင်**

# တရုတ်နိုင်ငံတွင် ဆီးနှင်းထူထပ်စွာ ကျဆင်းသဖြင့် အသွားအလာပိတ်ဆို့မှုဖြစ်

တရုတ်နိုင်ငံ အလယ်ပိုင်းနှင့် ဗဟိုပိုင်းဒေသတို့တွင် ဆီးနှင်းများ ထူထပ်စွာကျရောက်မှုကြောင့် အသွားအလာနှောင့်နှေးမှုများနှင့် မီးရထားနှင့် လေယာဉ်ခရီးစဉ်ဖျက်သိမ်းမှုများ ဖြစ်ပေါ်ခဲ့ပြီး လမ်းများပေါ်တွင် မတော်တဆမှုများ ဖြစ်ပွားစေခဲ့သည်။

ပေကျင်းမီးရထား အုပ်ချုပ်ရေးအဖွဲ့သည် ပေကျင်းမှ ရှန်ဟဲသို့လည်းကောင်း၊ အန်ဟွေး၊ ဖူကျန်၊ ဟီနန်၊ ရှန်ဇီနှင့် ရှီကျန်း ပြည်နယ်များရှိ မြို့များသို့လည်းကောင်း သွားလာသည့် ခရီးစဉ် အများအပြားကို ဇန်နဝါရီ ၂၅ ရက်က ပယ်ဖျက်ခဲ့ပြီး မီးရထားလက်မှတ်ပြန်အမ်းငွေများကို ရက်ပေါင်း ၃၀ အတွင်း ပြန်လည်ထုတ်ယူကြရန် ခရီးသည်များကို နှိုးဆော်ထားကြောင်း သိရသည်။ နှင်းများကျဆင်းမှုကြောင့် လေယာဉ်ခရီးများကို ဖျက်သိမ်းခဲ့ရသကဲ့သို့ နှောင့်နှေးကြန့်ကြာမှုများလည်း ရှိခဲ့ရာ ဇန်နဝါရီ ၂၅ ရက်က ဖျက်သိမ်း (သို့မဟုတ်) နောက်ကျခဲ့သော လေယာဉ်ခရီးစဉ် ၃၀ ခန့်ရှိခဲ့သည်ဟု ဆိုသည်။ အန်ဟွေးပြည်နယ်မြို့တော် ဟီဖေးတွင် အဝင်နှင့်အထွက် ခရီးစဉ် ၁၁၀ ခန့်ကို ဖျက်သိမ်းခဲ့ရပြီး ဟန်ချောင်နှင့် နန်ကျင်းရှိ လေဆိပ်များအပါအဝင် အခြားလေဆိပ်များမှာလည်း အလားတူအခြေအနေမျိုးကို ကြုံတွေ့နေရသည်။

မော်တော်ကားသွားလာမှုမှာ ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နှင်းနှင့် ရေခဲများ ထူထပ်နေမှုကြောင့် တရုတ်နိုင်ငံ အရှေ့ပိုင်း ရှီကျန်းနှင့် အန်ဟွေးပြည်နယ်ရှိ လမ်းကြောင်းတစ်လျှောက်တွင် အသွားအလာများ ဖြတ်တောက်ခဲ့ရသည်။

အန်ဂျီးနှင့် နင်းဂူအိုနယ်စပ်အနီး မော်တော်ကားလမ်းများပေါ်တွင် မော်တော်ကား အမြောက်အမြား လမ်းပေါ်တွင် ရပ်တန့်ထားရပြီး ယာဉ်ကြောပိတ်ဆို့မှုမှာ ၁၀ ကီလိုမီတာနီးပါးခန့် ဖြစ်ပေါ်ခဲ့သည်။ ရှီကျန်းပြည်နယ် မြို့တော်ဟန်ချောင်း အဝေးပြေးလမ်းမပေါ်တွင် ဇန်နဝါရီ ၂၄ ရက်က ရှေ့ဆင့်နောက်ဆင့် တိုက်မိသည့်အတွက် မော်တော်ကားအစီး ၂၀ ခန့် အကြီးအကျယ် ပျက်စီးခဲ့သည်။ ပြည်နယ်ဓာတ်အားဖြန့်ဖြူးရေးကော်မတီကလည်း မိုးရွာပြီး ဆီးနှင်းကျချိန်တွင် လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန် လျှပ်စစ်ကြိုးများကို ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိပါသည်။ **ဉာဏ်တင်**

## ကျောက်ဆည်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈) ကို ဇန်နဝါရီ ၁၉ ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်စိုးမိုးက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့်လုပ်ငန်းများအနေဖြင့် ခရိုင်အတွင်းမြို့နယ်များရှိ ဈေးများစစ်ဆေးခြင်းနှင့် စက်သုံးဆီဆိုင်များ၊ မော်တော်ယာဉ်လိုင်းများအား ဝန်ဆောင်မှုနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **နှင်းလဲ့လဲ့ (ကျောက်ဆည်)**

## ရေဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းအား စစ်ဆေး

ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ ဦးအောင်ညွှန့်နှင့်အဖွဲ့သည် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဇန်နဝါရီ ၁၅ ရက်က ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ အောင်ပန်းကိုယ်ပိုင် အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၆ ရက်က ထန်းတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင်လည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်က မုတ်စီကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပခဲ့ရာ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းဈေးသည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း ၄၄၂ ဦး တက်ရောက်ခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွှန့် (ရေဦး)**

## ဆီဆိုင်မြို့နယ် အမှတ် (၄၂၃) နှင့် (၄၂၄) ခြေမြန်တပ်ရင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲကျင်းပ



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးခွန်ကျော်ဌေး နှင့် ဝန်ထမ်းများသည် ဇန်နဝါရီလ ၂၃ ရက်တွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ အမှတ်(၄၂၄) ခြေမြန်တပ်ရင်းသို့ နံနက်ပိုင်းတွင်လည်းကောင်း၊ အမှတ်(၄၂၃) ခြေမြန်တပ်ရင်းသို့ နေ့လယ်ပိုင်းတွင်လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း၊ ဟောပြောပွဲသို့ အမှတ်(၄၂၄) ခြေမြန်တပ်ရင်းမှ တက်ရောက်သူအင်အား ၁၇၂ ဦးနှင့် အမှတ်(၄၂၃) ခြေမြန်တပ်ရင်းမှ တက်ရောက်သူအင်အား ၁၅၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဦးစီးမှူး ဦးခွန်ကျော်ဌေးက စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ ဝန်ဆောင်မှုနှင့် လူသုံးကုန်ပစ္စည်းများကြောင့် ဖြစ်ပေါ်နေသော နစ်နာဆုံးရှုံးမှုများအကြောင်း၊ စားသုံးသူများ၏အခွင့် အရေးများနှင့် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကြောင်းကို ဟောပြောဆွေးနွေးခဲ့ပြီး ဟင်းချိုမှုန့်၊ ဆိုးဆေးအန္တရာယ်နှင့် ပိုးသတ်ဆေး ဓာတ်ကြွင်းအန္တရာယ်များအကြောင်းကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရပါသည်။

ထို့နောက် တက်ရောက်လာသူများ၏ သိလိုသည်များ မေးမြန်းမှုကို ဦးခွန်ကျော်ဌေးက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်၊ တိုင်ကြားမှုပုံစံများနှင့် လက်ကမ်းစာစောင်များအား တပ်ရင်းမှူးသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။ **အံ့ကျော်ပိုင်**

## ဘိုကလေးမြို့ အမှတ် (၄) ရပ်ကွက် စံပြဈေးတွင် ဈေးစားသုံးသူအဖွဲ့များဖွဲ့စည်း

ဘိုကလေးမြို့ အမှတ် (၄) ရပ်ကွက်ရှိ စံပြဈေးတွင် ဇန်နဝါရီ ၁၆ ရက်က စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးနေမျိုးဆွေနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်အဖွဲ့၊ ဈေးကြီးကြပ်အဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့သည် စည်ပင်သာယာ စံပြဈေးအတွင်းရှိ အရောင်းဆိုင်များသို့ ကွင်းဆင်းပြီး စံပြဈေးအတွင်းရှိ ဈေးရောင်းချသူရှစ်ဦးပါဝင်သည့် ဈေးစားသုံးသူရေးရာအဖွဲ့ကို မြို့နယ်စည်ပင်အဖွဲ့နှင့် ဖွဲ့စည်းတာဝန်ပေးအပ်၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို မြို့နယ်ဦးစီးမှူးက ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒုတိယမြို့နယ် ဦးစီးမှူး ဦးခင်မောင်ဇော်က စားသုံးသူရေးရာအဖွဲ့များအနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များ၊ ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ တားမြစ် စားသောက်ကုန်ပစ္စည်းများအား ရုပ်ပုံများနှင့်တကွ ရှင်းလင်းပြသခဲ့ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် အဖွဲ့ဝင်များသည် ဈေးအတွင်းစားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး ဆိုးဆေးပါ မျှစ်အနီများ ရောင်းချနေခြင်းအား မျက်မြင်အရဆန်းစစ်ရာတွင် စားသုံးရန်မသင့်၊ လုံခြုံစိတ်ချရမှုမရှိ၍ သိမ်းဆည်းတားမြစ်ဖျက်ဆီးခဲ့ပြီး နောက်နောင်မရောင်းချရေး၊ ဓာတုဆေးကင်းစင်သည့်ဈေးဖြစ်ရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မောင်ဇော်(ဘိုကလေး)**

## မအူပင်ခရိုင် ကွန်ပျူတာတက္ကသိုလ်တွင် စားသုံးသူရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

မအူပင်မြို့နယ် ကွန်ပျူတာတက္ကသိုလ် ကျောင်းခန်းမတွင် ဇန်နဝါရီ ၂၂ ရက်၌ စားသုံးသူရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သန္တာသိန်းက အဖွင့်အမှာစကားပြောကြားပြီး မအူပင်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက စားသုံးသူအကာအကွယ်ပေးရေးဥပဒေများ အကြောင်းကို ဟောပြောခဲ့သည်။ ဆက်လက်၍ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက စားသုံးသူအခွင့်အရေး၊ လုပ်ငန်းရှင်များ၏ ကျင့်ဝတ်နှင့် ဈေးကွက်ရောက်ဓာတုဆိုးဆေးအန္တရာယ်များအကြောင်းကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

အခမ်းအနားသို့ ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၅၀ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရသည်။ CONSUMER- MT

## ခင်ဦးမြို့နယ် ကိုယ်ပိုင်အထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ခင်ဦးမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ခင်ဦးမြို့ 'ကံ့ကော်ရိပ်' ကိုယ်ပိုင်အထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာပေဖတ်ရှုသည့် အလေ့အကျင့်များ ပြုလုပ်ရန်နှင့် စာကြည့်တိုက်တွင် စာအုပ်ငှားရမ်းဖတ်ရှုနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့ကာ စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံက ခွင့်မပြုဓာတုဆိုးဆေးပါသော အစားအစာများ၊ မုန့်များတွင် ထည့်သွင်းဖော်ပြမည့် ထုတ်လုပ်ရက်စွဲ သက်တမ်း ကုန်ဆုံးရက်စသည်တို့ကို ကြည့်ရှုဝယ်ယူရန်နှင့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန (FDA) ၏ ထောက်ခံချက်များပါမှသာ ဝယ်ယူစားသုံးသင့်ပါကြောင်း စသည်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ **ဌေးတင့်(ခင်ဦး)**

## ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ အစည်းအဝေးကျင်းပ

တောင်ကြီးမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂)ရပ်တို့၏ ၆/၂၀၁၇ အစည်းအဝေး ကို ဇန်နဝါရီ ၉ ရက်က ကျင်းပခဲ့ရာ လုပ်ငန်းကော်မတီနှစ်ရပ်မှအဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနများ၊ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးမြသန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတွင် ရှမ်းပြည်နယ်ဈေးကွက်များအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် DISKO နို့ဆီဗူး ထုတ်လုပ်သည့် Delicious Food Limited မှ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် အသစ်ထုတ်လုပ်သွားမည့် DISKO နို့ဆီဗူးများကို သက်ဆိုင်ရာမှ ညွှန်ကြားထားသော ဥပဒေနှင့်အညီ သံဗူးတွင် FDA ထောက်ခံချက် ထည့်သွင်း ရိုက်နှိပ်ပြီး ဖြန့်ဖြူးရောင်းချရန် စီစဉ်ဆောင်ရွက်မှုများကိုလည်းကောင်း၊ တောင်ကြီးမြို့ပေါ်ရှိ ထမင်းဆိုင်နှင့်စားသောက်ဆိုင်လုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်ဆက်စပ်ဥပဒေများကိုလည်းကောင်း၊ အောင်ပန်းတာဝန်ခံရုံး ဈေးကွက်စစ်ဆေးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးပါသည်။

ထို့နောက် ပြည်နယ် စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမောင်(တောင်ကြီး)**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# ဒက္ခိဏခရိုင် လယ်ဝေးမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒက္ခိဏခရိုင် လယ်ဝေးမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၃ ရက်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ရာ စားသုံးသူရေးရာဌာနခွဲ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒက္ခိဏခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ ဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူး ဦးဇော်မင်း၊ နေပြည်တော်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးငြိမ်း၊ လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးကျော်ကျော်နှင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များစုစုပေါင်း ၈၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ လိုက်နာရမည့်အချက်များ၊ ဝန်ဆောင်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်း ဆွေးနွေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က နေပြည်တော်အတွင်း စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားစက်မှုလက်မှု လုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အကြောင်းအရာများ ရှင်းလင်းဆွေးနွေးကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်းက ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများ၊ ထုတ်လုပ်သူ၊ ရောင်းချသူ၊ လုပ်ငန်းရှင်များလိုက်နာရမည့် စားသုံးသူဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရပါသည်။

**စိုးငြိမ်း (နေပြည်တော်)**

# ဩစတြေးလျနိုင်ငံတွင် ကျင့်သုံးလျက်ရှိသော ထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာ စည်းမျဉ်းများနှင့် စံချိန်စံညွှန်းများ

**မျိုးမျိုးထိုက်-စားသုံးသူရေးရာဌာနခွဲ(နေပြည်တော်)**

ဩစတြေးလျနိုင်ငံတွင် အွန်လိုင်းမှ ရောင်းချခြင်းအပါအဝင် ထုတ်ကုန်များကို ရောင်းချလိုပါက ဩစတြေးလျစားသုံးသူဥပဒေအရ သတ်မှတ်ထားသော ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံအတွင်း ထုတ်လုပ်ရောင်းချသူများသည် ဩစတြေးလျထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စံချိန်စံညွှန်းများကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး လုံခြုံစိတ်ချရမှုရှိသော ထုတ်ကုန်များကိုသာ ပြည်တွင်းဈေးကွက်အတွင်း ရောင်းချနိုင်မည်ဖြစ်ပါသည်။ မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် စံချိန်စံညွှန်းများသည် ဥပဒေကဲ့သို့ သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး အဆိုပါ စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ထုတ်ကုန်များကိုရောင်းချပါက ပြစ်ဒဏ်များနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ခံစားရမည်ဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံတွင် ဩစတြေးလျ ယှဉ်ပြိုင်မှုနှင့် စားသုံးသူ ကော်မရှင်သည် ယှဉ်ပြိုင်မှုနှင့် စားသုံးသူအက်ဥပဒေ ၂၀၁၀ အရ မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် သတင်းအချက်အလက်ဆိုင်ရာ စံချိန်စံညွှန်းများကို သတ်မှတ်ပြဋ္ဌာန်းထားပြီး စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်စေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်များကိုလည်း တားမြစ်ပိတ်ပင် အရေးယူဆောင်ရွက်လျက်ရှိသည်။

တရားမျှတသောကုန်သွယ်မှုဆိုင်ရာ ရုံးများသည် ဩစတြေးလျနိုင်ငံအတွင်းရှိ ပြည်နယ်များနှင့် နယ်မြေအသီးသီးတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှု ဆိုင်ရာ စည်းမျဉ်းများကိုသတ်မှတ်ရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဩစတြေးလျနိုင်ငံအတွင်း ထုတ်ကုန်များကို ရောင်းချမည်ဆိုပါက သင့်လျော်သောလုံခြုံစိတ်ချရမှု ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိ သေချာစေရန် ဖြစ်ပေါ်နိုင်သောလွဲမှားစွာအသုံးပြုမှုကို ဆန့်ကျင်သည့်သတိပေးမှုများအပါအဝင် သင့်လျော်သော အသုံးပြုမှုများအတွက် ရှင်းလင်းသော ညွှန်ကြားချက်များကို ထောက်ပံ့ပေးရမည်ဖြစ်သည်။ ထို့ပြင် စက်မှုလုပ်ငန်းများ၏ စံချိန်စံညွှန်းများနှင့် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် စံချိန်စံညွှန်းများကို လိုက်နာ ဆောင်ရွက်ခြင်း၊ ပြည်သူများနှင့်ထိတွေ့သော ဆက်သွယ်ဆောင်ရွက်မှုများ (ဥပမာကြော်ငြာလုပ်ငန်း) အပါအဝင် ထုတ်ကုန်များ ပြန်လည်သိမ်းဆည်းမှုဆိုင်ရာ စီမံကိန်းများနှင့် လုပ်ထုံးလုပ်နည်းများကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ထုတ်ကုန်များဒီဇိုင်းပုံဖော်ရာတွင် လုံခြုံစိတ်ချရမှုကို ထည့်သွင်းဆောင်ရွက်ခြင်း၊ ထုတ်ကုန်များကို ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် သင့်လျော်သော လုံခြုံစိတ်ချရမှုဆိုင်ရာ စံချိန်စံညွှန်းများကို ဖွံ့ဖြိုး တိုးတက်စေခြင်း၊ စားသုံးသူများ၏ ပြန်လည်ဖြေကြားချက်များ ရယူခြင်းအပါအဝင် အရည်အသွေးအာမခံသည့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဖြစ်ပေါ်လာသော လုံခြုံစိတ်ချရမှုဆိုင်ရာ အရေးကိစ္စများကို တုံ့ပြန်ဖြေကြားဆောင်ရွက်ခြင်း တို့ကိုလည်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

အကယ်၍ ရောင်းချသူအနေဖြင့် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိပါက ယှဉ်ပြိုင်မှုနှင့် စားသုံးသူအက်ဥပဒေကို ချိုးဖောက်မှုဖြစ်မည်ဖြစ်ပြီး ဥပဒေအရ အရေးယူခံရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များသည် ထုတ်ကုန်များအတွက် အရည်အသွေးထိန်းချုပ်သည့်နည်းလမ်းများကို ကျင့်သုံးရာတွင် လုံခြုံစိတ်ချရမှုဆိုင်ရာ မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့်အဆင့်များကို လိုက်နာဆောင်ရွက်ခြင်းနှင့် မသင့်လျော်သောနည်းလမ်းဖြင့်အသုံးပြုပါက စားသုံးသူများကို အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ထုတ်ကုန်များကို စမ်းသပ်စစ်ဆေးမှုမှာ ဥပဒေအရ မဖြစ်မနေ လိုက်နာ ဆောင်ရွက်ရန်လိုအပ်မှုမရှိသော်လည်း ထုတ်ကုန်များ၏လုံခြုံစိတ်ချရမှုကို အာမခံနိုင်ရန်နှင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိရန်တို့မှာ ကောင်းမွန်သော နည်းလမ်းများဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံတွင် ထုတ်ကုန်ရောင်းချသူသည် မိမိ၏ထုတ်ကုန်သည် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိမရှိကို အစိုးရသတိပေးကြော်ငြာစာနှင့် ဩစတြေးလျစံချိန်စံညွှန်းများနှင့် တိုက်ဆိုင်စစ်ဆေးရမည်ဖြစ်ပါသည်။ ဩစတြေးလျနိုင်ငံအတွင်း စံချိန်စံညွှန်းများကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရန် လုပ်ဆောင်မည်ဆိုပါက ကုန်သွယ်မှုအလေ့အထဆိုင်ရာ စည်းမျဉ်းများ သို့မဟုတ် ဓနသဟာယ (Common wealth) အစိုးရသတိပေးကြော်ငြာစာတို့ကို သတ်မှတ်ပြဋ္ဌာန်းခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ပါသည်။ အစိုးရသတိပေးကြော်ငြာစာဆိုသည်မှာ ထုတ်ပြန်ကြေညာထားသော ဩစတြေးလျစံချိန်စံညွှန်းများကို ရည်ညွှန်းထားခြင်းဖြစ်ပြီး ၎င်းစံချိန်စံညွှန်းများမှ ကွဲပြားချက်များကိုလည်း အသေးစိတ် ဖော်ပြထားပါသည်။

မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့်ထုတ်ကုန်စံချိန်စံညွှန်းဟုဆိုရာတွင် နှစ်မျိုးရှိပြီး ၎င်းတို့မှာ လုံခြုံစိတ်ချရမှုဆိုင်ရာ စံချိန်စံညွှန်းနှင့် သတင်းအချက်အလက်ဆိုင်ရာ စံချိန်စံညွှန်းတို့ ဖြစ်ပါသည်။ လုံခြုံစိတ်ချရမှုဆိုင်ရာ စံချိန်စံညွှန်းနှင့်စပ်လျဉ်း၍ ထုတ်ကုန်၏ သီးခြားစွမ်းဆောင်မှု၊ ဖွဲ့စည်းမှု၊ ပါဝင်သောအရာများ၊ ထုတ်လုပ်မှု သို့မဟုတ် ပြုပြင်ထုတ်လုပ်မှုနည်းလမ်းများ၊ ဒီဇိုင်း၊ ဆောက်လုပ်ရေး၊ ကုန်ချောထုတ်လုပ်မှု သို့မဟုတ် ထုပ်ပိုးမှုဆိုင်ရာ စည်းမျဉ်းများနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။ သတင်းအချက်အလက်ဆိုင်ရာ စံချိန်စံညွှန်းနှင့်စပ်လျဉ်း၍ စားသုံးသူများမှ သီးခြားကုန်စည်များကို ဝယ်ယူရာတွင် သတ်မှတ်ထားသော သတင်းအချက်အလက်များ (ဥပမာ၊ အလှကုန်၊ ဆေးရွက်ကြီး ထုတ်ကုန်များအတွက် တံဆိပ်အမှတ်အသားများနှင့် အဝတ်အစားများနှင့်အထည်အလိပ်များအတွက် တံဆိပ်အမှတ်အသားများ)ကို ပေးအပ်ရမည်ဖြစ်ပါသည်။

ဩစတြေးလျယှဉ်ပြိုင်မှုနှင့် စားသုံးသူကော်မရှင်သည် ထုတ်ကုန်များကို အွန်လိုင်းမှရောင်းချရာတွင် လမ်းညွှန်ချက်ချမှတ်ထားပြီး အဆိုပါလမ်းညွှန်ချက်အရ ထုတ်ကုန်၏ အရည်အသွေးကောင်းမွန်သော ဓာတ်ပုံကိုအသုံးပြုခြင်း၊ ထုတ်ကုန်ဆိုင်ရာ ဖော်ပြချက်များနှင့် အသုံးပြုရန် ညွှန်ကြားချက်များကို ရှင်းလင်းစွာ ဖော်ပြခြင်း၊ ကလေးသူငယ်သုံး ထုတ်ကုန်များအတွက် အသက်အရွယ်အမှတ်ပေးမှု ဖော်ပြခြင်းနှင့်ဩစတြေးလျ လုံခြုံစိတ်ချရမှုစံချိန်စံညွှန်းများကို စစ်ဆေး၍ Website တွင် ရောင်းချရန် ထုတ်ကုန်ကို စာရင်းသွင်းခြင်း မပြုမီ တားမြစ်ပိတ်ပင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်များကို ထုတ်လုပ်ရောင်းချရာတွင် စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များကိုဈေးကွက်အတွင်းမှပြန်လည် သိမ်းဆည်းရာတွင် စရိတ်စကများကုန်ကျမှု၊ နာမည်ဂုဏ်သတင်းပျက်စီးမှု၊ စီးပွားရေးလုပ်ငန်းအား ဥပဒေအရ ဖြေရှင်းဆောင်ရွက်မှု သို့မဟုတ် တရားဝင်တိုင်ကြားမှုများကို လက်ခံ ဖြေရှင်းဆောင်ရွက်မှုတို့ကြောင့် မိမိတို့လုပ်ငန်းကိုဖော်ထုတ်ပြောဆိုရခြင်းနှင့် ဖောက်သည်များကို ဆုံးရှုံးခြင်းစသည့်အရာများကို ရှောင်ရှားနိုင်မည် ဖြစ်ပါသည်။

## လပွတ္တာမြို့ အမှတ်(၃)ရပ်ကွက်တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်ရှိ စားသောက်ကုန်လုပ်ငန်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၅ ရက်က အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လပွတ္တာမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးဝင်းမင်းစိုးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ ဖွင့်လှစ်ပြီး တိုင်ကြားမှုတို့ကို ဖျန်ဖြေဆောင်ရွက်ပေးနေသည့် အခြေအနေများအား ရှင်းလင်း ပြောကြားခဲ့ပြီး ဒုတိယကြီးကြပ်ရေးမှူး ဦးမြင့်ဆွေက စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်၊ လုပ်ငန်းရှင်များ လိုက်နာရမည့် တားမြစ်ချက်များကိုလည်းကောင်း၊ စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအနေဖြင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ၊ စိတ်ချလုံခြုံမှုရှိအောင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန် လိုအပ်ကြောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ ရပ်ကွက် စားသုံးသူရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးသူလုပ်ငန်းရှင်များ စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**တိုးလွင် (မြောင်းမြ)**

# အင်ဒိုနီးရှားနိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် စားသောက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ

ယခင်တစ်ပတ်မှအဆက်

| ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) |

**"ဟာလာ" တံဆိပ်ဖော်ပြချက်**

အင်ဒိုနီးရှားနိုင်ငံ၊ ဟာလာနှင့်ကိုက်ညီသည့် ပစ္စည်းဖြစ်မှု ဥပဒေအရ ဘာသာရေးရာဝန်ကြီးဌာန (Ministry of Religious Affairs) အောက်မှာရှိတဲ့ Halal Product Assurance Organizing Agency (BPJPH) ဟာ အမျိုးသားဟာလာထုတ်ကုန် အသိအမှတ်ပြုမှုစနစ် အသစ်တစ်ရပ် ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်ပါတယ်။ အဆိုပါ အသိအမှတ်ပြုမှုစနစ်သစ်အရ စားသောက်ကုန်ရဲ့ ထုပ်ပိုးမှုနှင့်တွဲလျက် ဟာလာအမှတ်တံဆိပ်ကို ဖော်ပြခြင်း၊ စားသောက်ကုန်၏ သီးခြားအစိတ်အပိုင်းတစ်ရပ်တွင် ဖော်ပြခြင်း (သို့မဟုတ်) သီးခြားနေရာတစ်ခုတွင် ဖော်ပြခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဟာလာအမှတ်တံဆိပ်ဟာ အလွယ်တကူ မြင်နိုင်၊ ဖတ်ရှုနိုင်တဲ့နေရာမှာရှိရမှာဖြစ်ပြီး အလွယ်တကူကွာကျခြင်း၊ ပျက်စီးခြင်းတို့ မဖြစ်စေရန်လည်း သေချာစွာတွဲကပ်ဖော်ပြရမှာဖြစ်ပါတယ်။

**စားသောက်ကုန် ဓာတ်ရောင်ခြည်ပေးခြင်း**

ဓာတ်ရောင်ခြည်ပေးထားသော ထုပ်ပိုးသည့် စားသောက်ကုန်တွေကိုတော့ "PANGAN IRADIASI" (ဓာတ်ရောင်ခြည်ပေးထားသည့် စားသောက်ကုန်) ဟူသော စာသားဖော်ပြပါရှိရမှာ ဖြစ်ပါတယ်။ ဓာတ်ရောင်ခြည်ပေးရတဲ့ ရည်ရွယ်ချက်လည်း ပါဝင်ရန်လိုအပ်ပြီး ဓာတ်ရောင်ခြည်ပေးထားသည့် အမှတ်တံဆိပ် (logo) ကိုလည်း ဖော်ပြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဓာတ်ရောင်ခြည်ပေးတဲ့ ကုမ္ပဏီ၊ စက်ရုံစသည်တို့ရဲ့ အမည်နဲ့လိပ်စာ၊ ဓာတ်ရောင်ခြည်ပေးသည့် လနှင့်ခုနှစ်၊ ဓာတ်ရောင်ခြည်ပေးသည့် လုပ်ငန်းစဉ်ဆောင်ရွက်ရာနိုင်ငံ စသည်တို့ကိုလည်း ဖော်ပြရန်လိုအပ်ပါတယ်။ ဓာတ်ရောင်ခြည် တစ်ဖန် ပြည်လည်ပေး၍မရသော စားသောက်ကုန်ဖြစ်ပါက "TIDAK BOLEH DIRADIASI ULANG" (ဓာတ်ရောင်ခြည် ပြန်ပေးရန်မဟုတ်) ဆိုတဲ့စာသားဖော်ပြရမှာဖြစ်တယ်လို့ သိရပါတယ်။

**ဇီဝနည်းပညာစားသောက်ကုန်များနှင့် အော်ဂဲနစ်စားသောက်ကုန်များ**

မျိုးဗီဇပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန်များအတွက် "PANGAN PRODUK REKAYASA GENETIKA" (မျိုးဗီဇပြုပြင် ထားသောစားသောက်ကုန်) ဟု အဓိပ္ပါယ်ရတဲ့စာသားနဲ့ ဖော်ပြရမှာဖြစ်ပါတယ်။ အော်ဂဲနစ်နည်းလမ်းဖြင့်ထုတ်လုပ်သည့် လိုအပ်ချက်များနဲ့ကိုက်ညီတဲ့ ဆင့်တက်ပြုပြင်ထားသည့် စားသောက်ကုန်တွေဟာ အော်ဂဲနစ်စာသားကို အသုံးပြုနိုင်မှာဖြစ်ပြီး အင်ဒိုနီးရှားရဲ့ သတ်မှတ်ထားတဲ့ အော်ဂဲနစ်လိုဂို (အမှတ်တံဆိပ်) ပါရှိရမှာဖြစ်ပါတယ်။ ပြည်ပနိုင်ငံရဲ့ အော်ဂဲနစ်လိုဂိုကိုလည်း အင်ဒိုနီးရှားရဲ့ အော်ဂဲနစ်လိုဂိုနောက်မှာ ဖော်ပြနိုင်ပါတယ်။

**သဘာဝကုန်ကြမ်းများမှ ထုတ်လုပ်ထားသော စားသောက်ကုန်များ**

သဘာဝကုန်ကြမ်းတွေကနေ ထုတ်လုပ်ထားတဲ့ စားသောက်ကုန်တွေအတွက် တံဆိပ်ကပ်ခြင်း ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ သဘာဝကုန်ကြမ်း ပါဝင်မှုဟာ အင်ဒိုနီးရှား အမျိုးသားစံချိန်စံညွှန်း (Indonesian National Standard-SNI) ကနေချမှတ်ထားတဲ့ အနိမ့်ဆုံးပါဝင်မှု ကန့်သတ်ချက်ထက်မနည်းတဲ့ ပါဝင်မှုဖြစ်မယ်ဆိုရင် သဘာဝကုန်ကြမ်းပါဝင်ပစ္စည်းများမှ ထုတ်လုပ်ထားသော စားသောက်ကုန်ဖြစ်သည်ဆိုတဲ့ သတင်းအချက်အလက်ကို ယင်း စားသောက်ကုန်မှာ ဖော်ပြရမှာဖြစ်ပါတယ်။

**သကြား၊ ဆားနှင့် အဆီပါဝင်မှုဆိုင်ရာ ကျန်းမာရေး သတိပေးချက်**

အင်ဒိုနီးရှားနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ စည်းမျဉ်း ၃၀/၂၀၁၃ အရ ဆင့်တက်ပြုပြင်ထားသော စားသောက်ကုန်တွေကို ထုတ်လုပ်သူတွေဟာ သကြား၊ ဆားနဲ့အဆီ ပါဝင်မှုတွေနဲ့ပတ်သက်တဲ့



ကျန်းမာရေးသတိပေးချက် တံဆိပ်ကပ်ဖော်ပြခြင်းကို ဆောင်ရွက်ရန်လိုအပ်ပါတယ်။ ဥပမာအားဖြင့် 'လူတစ်ဦးကို တစ်ရက်လျှင် သကြား ၅၀ ဂရမ်၊ ဆိုဒီယမ် ၂၀၀၀ မီလီဂရမ် (သို့မဟုတ်) အဆီ ၆၇ ဂရမ်စားသုံးမည်ဆိုပါက သွေးတိုးရောဂါ၊ လေဖြတ်ခြင်း၊ ဆီးချိုသွေးချိုနှင့် နှလုံးရောဂါစသည်တို့ ဖြစ်နိုင်ချေများသည်' ဆိုတဲ့ သတိပေးချက်မျိုးဖြစ်ပါတယ်။

**အခြားသီးခြားစံချိန်စံညွှန်းများ**

**အယ်လ်ကိုဟောပါဝင်သော အဖျော်ယမကာများ (ဘီယာ၊ ဝိုင်၊ အရက်)**

အင်ဒိုနီးရှားနိုင်ငံဟာ အယ်လ်ကိုဟောပါဝင်တဲ့ အဖျော်ယမကာများကို ပြည်တွင်း၌ထုတ်လုပ်သည်ဖြစ်စေ၊ တင်သွင်းသည်ဖြစ်စေ ကြီးကြပ်စစ်ဆေးသောကုန်စည်များ(goods under supervision) အဖြစ် သတ်မှတ်ပြီးအစိုးရကနေ ထိန်းချုပ်ဆောင်ရွက်ပါတယ်။ အဆိုပါ ကုန်စည်များကို အမျိုးအစားသုံးမျိုးခွဲခြားထားပါတယ်။ အုပ်စု(က) အယ်လ်ကိုဟော သုညမှ ငါးရာခိုင်နှုန်းပါဝင်သော အဖျော်ယမကာများ၊ အုပ်စု (ခ) အယ်လ်ကိုဟော ငါးရာခိုင်နှုန်းအထက်နှင့် ၂၀ ရာခိုင်နှုန်းအောက် ပါဝင်သော အဖျော်ယမကာများ၊ အုပ်စု(ဂ) အယ်လ်ကိုဟော ၂၀ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းကြား ပါဝင်သော အဖျော်ယမကာများ ဆိုပြီးခွဲခြားထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ဖြန့်ဖြူးရောင်းချတဲ့ အဖျော်ယမကာများဟာ မက်သနော၊ ရောဂါပိုးမွှား၊ ဓာတုပစ္စည်းနဲ့ ဖြည့်စွက်ပစ္စည်းပါဝင်မှုများနဲ့ ပတ်သက်ပြီး အစားအစာ ဘေးကင်းလုံခြုံမှုစံနှုန်းများနဲ့ ကိုက်ညီရမှာဖြစ်ပါတယ်။ ဒါ့အပြင် အဖျော်ယမကာများကို မီဒီယာများတွင် ကြော်ငြာခြင်းကို ခွင့်မပြုပါဘူး။ အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနဟာ မှတ်ပုံတင်ထားတဲ့ တင်သွင်းသူတွေကို အခွန်ပေးဆောင်ရသော အဖျော်ယမကာများကို တင်သွင်းခွင့်ပြုပါတယ်။ ယခင်က အခွန်ဆောင်နဲ့အခွန်လွတ် အဖျော်ယမကာနှစ်မျိုးစလုံးကို နိုင်ငံပိုင်ကုမ္ပဏီများကသာ တင်သွင်းတာဖြစ်ပါတယ်။ အခွန်ဆောင်ရတဲ့ အဖျော်ယမကာများ တင်သွင်းခွင့်ပါမစ်ကို ပြည်ပကုန်သွယ်မှုညွှန်ကြားရေးဦးစီးဌာနမှာ လျှောက်ထားရမှာ ဖြစ်ပါတယ်။

**ဆင့်တက်ပြုပြင်ထားသော လတ်ဆတ်အော်ဂဲနစ် စားသောက်ကုန်များ**

ဆင့်တက်ပြုပြင်ထားသည့် လတ်ဆတ်အော်ဂဲနစ်စားသောက်ကုန်များသည် ခွင့်ပြုထားသော ဖြည့်စွက်ပစ္စည်းများပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ သတ်မှတ်ထားသောနည်းလမ်းဖြင့် ဆင့်တက်ပြုပြင်ထုတ်လုပ်ထားသည့် လတ်လတ်ဆတ်ဆတ်အော်ဂဲနစ်စားသောက်ကုန်များ ပါဝင်ရပါမယ်။ အော်ဂဲနစ်လယ်ယာစိုက်ပျိုးရေးစနစ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းသတ်မှတ်ထားပြီး ၎င်းအရ လတ်ဆတ်သောအော်ဂဲနစ်စား သောက်ကုန်များတွင် (ရေနှင့်ဆားပါဝင်မှုမှအပ) စုစုပေါင်းအလေးချိန် (သို့မဟုတ်) ပမာဏအားဖြင့် အော်ဂဲနစ်ထုတ်ကုန်အနည်းဆုံး ၉၅ ရာခိုင်နှုန်းပါဝင်ရမှာဖြစ်ပါတယ်။

**တစ်ဝက်တစ်ပျက် ဆင့်တက်ပြုပြင်ထားသော အပင်ထွက်ကုန်များ**

တစ်ဝက်တစ်ပျက်ဆင့်တက်ပြုပြင်ထားသော အပင်ထွက်ကုန်များကို တင်သွင်းမယ်ဆိုရင်တော့ အပင်ရောဂါပိုးမွှားကင်းစင်ကြောင်းလက်မှတ် (Phytosanitary Certificate) ပူးတွဲပါရှိရမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ Plant Quarantine Pest Carriers ဆိုင်ရာလုပ်ထုံးလုပ်နည်းတွေကို ပြဋ္ဌာန်းထားပေမယ့်တင်ပို့တဲ့နိုင်ငံဟာ Phytosanitary Certificate ကို ထုတ်ပေးနိုင်ခြင်း မရှိခဲ့ရင် ရောဂါပိုးမွှားစစ်ဆေးခြင်းကို Carrier Media မှတစ်ဆင့် ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

**နို့ထွက်ကုန်ပစ္စည်းများ**

အင်ဒိုနီးရှားနိုင်ငံသို့ နို့ထွက်ပစ္စည်းနှင့် ဥများအပါအဝင် တိရစ္ဆာန်ထွက်ကုန်များ တင်ပို့မည့် ပြည်ပကုမ္ပဏီများဟာ အင်ဒိုနီးရှား၊ မွေးမြူရေးနှင့်တိရစ္ဆာန်ကျန်းမာရေးဥပဒေ ၁၈/၂၀၀၉ အရ မိမိတို့ရဲ့ ထုတ်လုပ်ရာနေရာများ (Establishments) ကို အင်ဒိုနီးရှားနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနမှာ ကြိုတင်စာရင်းပေးပို့ထားရမှာဖြစ်ပါတယ်။ အဲဒီလို ကြိုတင်စာရင်းသွင်းနိုင်ရန်အတွက် မေးခွန်းလွှာများဖြေကြားခြင်းနှင့် စစ်ဆေးခြင်း (desk audit) တို့ကို ဆောင်ရွက်ရန်လိုအပ်ပြီး အဆိုပါလုပ်ငန်းစဉ်များ ပြီးစီးပါက တင်သွင်းသူများဟာ သွင်းကုန်ပါမစ် လျှောက်ထားနိုင်မှာ ဖြစ်ပါတယ်။

**ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ**

ဥယျာဉ်ခြံထွက်သီးနှံများတင်သွင်းမှုမူဝါဒများကိုတော့ အင်ဒိုနီးရှားနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့ကနေ ထုတ်ပြန်ဆောင်ရွက်ပါတယ်။ လုပ်ထုံးလုပ်နည်းများအရ ဥယျာဉ်ခြံထွက်သီးနှံများ တင်သွင်းသူတွေဟာ ၎င်းတို့ရဲ့ သွင်းကုန်ပါမစ်တွင် ခွဲဝေသတ်မှတ်ထားသော စုစုပေါင်းကိုတာ သတ်မှတ်ချက်၏ ၈၀ ရာခိုင်နှုန်းကို တင်သွင်းရန် လိုအပ်တာဖြစ်ပါတယ်။ ငရုတ်သီးနှင့် ကြက်သွန်နီအလုံးသေး (ကြက်သွန်မြိတ်) တင်သွင်းမှုများကိုတော့ ရည်ညွှန်းဈေးနှုန်းစနစ်ဖြင့်သာ ဆက်လက် ဆောင်ရွက်တာ ဖြစ်ပါတယ်။

လတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တင်သွင်းရာမှာ သီးစားပိုး (Fruit Flies) ကင်းစင်ကြောင်း သေချာစေရန်အတွက် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက စည်းမျဉ်းအမှတ် ၄၂/၂၀၁၂ ပြဋ္ဌာန်းဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် ဥယျာဉ်ခြံထွက်သီးနှံများတင်သွင်းမှုအတွက် တင်ပို့သည့်ပင်ရင်းနိုင်ငံ (သို့မဟုတ်) တစ်ဆင့်ဖြတ်သန်းသည့်နိုင်ငံမှ အပင်ရောဂါပိုးမွှား ကင်းစင်ကြောင်း လက်မှတ်ပါရှိရန်နှင့် သီးခြားသတ်မှတ်ထားသည့် ဆိပ်ကမ်းလေးခုတို့မှဝင်ရောက်ခြင်းဖြစ်ရန် မဖြစ်မနေလိုအပ်ပါတယ်။ အဆိုပါ သီးခြားသတ်မှတ်ထားသည့် Entry Port (၄) ခုမှာ မီဒန်မြို့ရှိ ဘယ်လာဝမ်ဆိပ်ကမ်း၊ ဆူရာဘာယာမြို့ရှိ တန်ဂျောင်ပီ ရက်ဆိပ်ကမ်း၊ မက်ကာဆာမြို့ရှိ ဆိုကာနိုဟက်တာ ဆိပ်ကမ်းနှင့် ဂျာကာတာမြို့ရှိ ဆိုကာနိုဟက်တာ လေဆိပ်တို့ပဲ ဖြစ်ပါတယ်။

ပိုးမွှားကင်းစင်တဲ့ဒေသတွေမှာထုတ်လုပ်တဲ့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တင်သွင်းမှုအတွက် သင်္ဘောတင်ပို့မှုနဲ့တွဲလျက် ပါရှိတဲ့ အပင်ရောဂါကင်းစင်ကြောင်း လက်မှတ်ရဲ့ ထပ်ဆောင်း ကြေညာချက်အပိုင်းမှာ ကြေညာပေးဖို့ လိုအပ်ပါတယ်။ ပိုးမွှားကင်းစင်မှုမရှိသော ဒေသတွေမှာ ထုတ်လုပ်တဲ့အလားတူကုန်စည်တွေဆိုရင် အအေးပေးခြင်း (cold treatment)၊ အခိုးအငွေ့အပူပေးခြင်း (vapor heat treatment)၊ ဓာတ်ရောင်ခြည်ပေးခြင်း (Irradiation) စတာတွေကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ထားမှုအခြေအနေတွေကိုလည်း အပင်ရောဂါကင်းစင်ကြောင်း လက်မှတ်ရဲ့ ပိုးမွှားကင်းစင်အောင် ပြုလုပ်ထားမှုမှတ်ချက်နေရာမှာ ဖော်ပြပေးရမှာပါ။

**ကြိုတင်အသိပေးမှု (Prior Notice)**

ဟင်းသီးဟင်းရွက်နဲ့သစ်သီးဝလံတွေ အင်ဒိုနီးရှားကို တင်ပို့မယ်ဆိုရင် ထပ်မံလိုအပ်တဲ့အချက်ကတော့ ကုန်တင်သည့် နေ့ရက်နှင့်နေရာ၊ ကုန်စည်ရောက်ရှိမည့် နေရာနှင့်နေ့ရက်၊ သယ်ယူပို့ဆောင်မှုပုံစံ၊ ထုတ်ကုန်အမျိုးအမည်၊ တင်သွင်းမည့်ပမာဏ၊ ပင်ရင်းနိုင်ငံ၊ ထုပ်ပိုးသည့်ယူနစ်၊ တင်သွင်းမှုရည်ရွယ်ချက်နှင့် ကွန်တိန်နာ သတ်မှတ်နံပါတ်တို့ကို ကြိုတင်အသိပေးမှု (prior notice) မှာ ဖော်ပြပေးရမှာဖြစ်ပါတယ်။ တင်ပို့သူဟာ အဆိုပါ prior notice ကို ကုန်စည်မရောက်ရှိမီ အွန်လိုင်းမှတစ်ဆင့် တင်ပြရမှာဖြစ်တယ်လို့ သိရပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြား ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

**| သန်းသန်းနိုင် |**

**ယခင်တစ်ပတ်မှအဆက်**

**အပိုင်း၃-စစ်ဆေးမှုလျှောက်လွှာတင်ခြင်း**

၁၂။ စစ်ဆေးမှုလျှောက်ထားသည့် ကုမ္ပဏီအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနသို့အောက်ပါလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။

(က) စစ်ဆေးမှုလျှောက်ထားသည့်လုပ်ငန်းများ လုပ်ကိုင်ခြင်း

(ခ) ဝင်ထွက်မှု ပိုးမွှားကင်းရှင်းမှုစစ်ဆေးသည့် ကုန်ကျစရိတ်ပေးဆောင်ခြင်း။

(ဂ) ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနနှင့် ဆက်သွယ်၍လည်းကောင်း၊ ကူညီ၍လည်းကောင်း ပိုးမွှားကင်းရှင်းမှုများကို စစ်ဆေးရမည်။

(ဃ) ပိုးမွှားကင်းရှင်းကြောင်းထောက်ခံချက်ရယူခြင်း။

၁၃။ စစ်ဆေးမှုလျှောက်ထားသည့် ကုမ္ပဏီအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနယ်စပ်ဂိတ်များ(သို့မဟုတ်) ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးမှုလုပ်ငန်းအများအပြားရှိသည့် နေရာတွင် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနသို့ စစ်ဆေးမှု လျှောက်ထားသည့် လုပ်ငန်းလုပ်ရန် တင်ပြလျှောက်ထားနိုင်သည်။

၁၄။ စစ်ဆေးမှု လျှောက်ထားသည့်ကုမ္ပဏီအနေဖြင့် လျှောက်ထားမှုလုပ်ငန်းများကို ကုမ္ပဏီမှ မှတ်ပုံတင်ထား သောသူများကို လုပ်ကိုင်ခိုင်းရမည်။ (သို့မဟုတ်) ကိုယ်စားလှယ်လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီကို ကိုယ်စား လှယ်လွှဲ၍ လုပ်ကိုင်ခိုင်းရမည်။ စစ်ဆေးမှု လျှောက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦးချင်းအနေဖြင့် မိမိ၏ တစ်ဦးချင်း လုပ်ကိုင်ခွင့်နံပါတ်၊ နိုင်ငံသားမှတ်ပုံတင်ကို တင်ပြရမည်။

၁၅။ ကိုယ်စားလှယ်လွှဲခံထားရသည့် စစ်ဆေးမှုလျှောက်ခွင့်ရကုမ္ပဏီအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနသို့ ကိုယ်စားလှယ်လွှဲစာချုပ် တင်ပြရမည်။ ထို့အတူ ကိုယ်စားလှယ်လွှဲစာချုပ်တွင် ကိုယ်စားလှယ်လွှဲသည့် ကုန်ပစ္စည်းအသေးစိတ်၊ ကိုယ်စားလှယ်လွှဲသည့် အသေးစိတ်ကိစ္စများ၊ ကိုယ်စားလှယ်လွှဲသည့် အချိန်ကာလ စသည့် အချက်များပါရှိရမည်။ ထို့အတူ ကိုယ်စားလှယ်လွှဲသူ၊ ကိုယ်စားလှယ်လွှဲသည့် လုပ်ငန်းလက်ခံသူတို့မှလည်း မိမိကုမ္ပဏီတံဆိပ်နှိပ်ထားရမည်။ ကိုယ်စားလှယ်လွှဲသည့် လုပ်ငန်းလက်ခံသူ အနေဖြင့် ကိုယ်စားလှယ်လွှဲစာပါ လုပ်ကိုင်ခွင့်များကိုသာ လုပ်ကိုင်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲသူမှ ပေးပို့ထားသော စာရွက်စာတမ်းများ မှန်ကန်မှု ရှိ/မရှိကိုလည်း စိစစ်ရမည်။

၁၆။ ကိုယ်စားလှယ်လွှဲသည့် လုပ်ငန်းလက်ခံသူအနေဖြင့် ဝင်ထွက်မှု ပိုးမွှားကင်းရှင်းမှု စစ်ဆေးသည့် ကုန်ကျစရိတ် ကိုအမှန်အတိုင်း ကိုယ်စားလှယ်လွှဲသူကို အသိပေးရမည်။ ကိုယ်စားလှယ်လွှဲသည့် လုပ်ငန်းလက်ခံသူအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာန အမည်ကို အလွဲသုံးစားလုပ်ကာ ကိုယ်စားလှယ်လွှဲသူထံမှ ကုန်ကျစရိတ် လိမ်ညာတောင်းဆိုမှုမပြုရ။

၁၇။ စစ်ဆေးမှုလျှောက်ထားသည့် ကုမ္ပဏီအနေဖြင့် မိမိလျှောက်သောလုပ်ငန်းများအတွက် စာရင်းဇယား များနှင့်မှတ်တမ်းတင်ထားရမည်။ ပိုးမွှားကင်းရှင်းမှု စစ်ဆေးချက်များ လုပ်ကိုင်ပြီးသည့်နေ့မှစ၍ ပို့ကုန်အတွက် လျှောက်ထားသည့် စာရွက်စာတမ်းများကို နှစ်နှစ်သိမ်းဆည်းထားရမည်ဖြစ်ပြီး တင်သွင်းကုန် လျှောက်ထားသည့် စာရွက်စာတမ်းများကို သုံးနှစ် သိမ်းဆည်းထားရမည်။ အချက်အလက်ပြည့်စုံသည့် စစ်ဆေးမှု လျှောက်ထားသည့်ကုမ္ပဏီအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာန၏ ခွင့်ပြုချက်အရ နှစ်ရှည် သိမ်းထားရမည့် စာရွက်စာတမ်းများကိုလည်း ကွန်ပျူတာတွင် မှတ်တမ်းတင်ထားရမည်။

**အပိုင်း၄- စစ်ဆေးမှုလျှောက်ထားသည့်ကုမ္ပဏီကို အမျိုးအစားခွဲအုပ်ချုပ်ခြင်း**

၁၈။ (ဝင်ထွက်ခွင့်ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးချက်လျှောက်ထားရေးကုမ္ပဏီဂတိသစ္စာအဆင့်အတန်း ခွဲအုပ်ချုပ်မှု စည်းမျဉ်း- အရည်အချင်းစစ်ဆေးရုံးချုပ် ၂၀၁၃ ခုနှစ်၊ အမှတ်( ၉၃ )ကြော်ငြာစာ)၊ သတ်မှတ်ချက်များနှင့်အညီ ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနအနေဖြင့် စစ်ဆေးမှုလျှောက်ထားသည့် ကုမ္ပဏီ များကို ဂတိသစ္စာအဆင့်အတန်းခွဲ အုပ်ချုပ်မည်ဖြစ်သည်။ ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီကိုလည်း ဂတိသစ္စာ အဆင့်အတန်း ခွဲအုပ်ချုပ်မှု လုပ်မည်ဖြစ်သလို၊ အမျိုးအစားခွဲအုပ်ချုပ်သွားရမည်။

၁၉။ စစ်ဆေးမှု လျှောက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူတစ်ဦးချင်းအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတွင်းအမှားရှိမှု အချိုးပေါ် မူတည်၍ အမှတ်ပေးစနစ် ကျင့်သုံးမည်။ (ဝင်ထွက်ခွင့်ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးချက် လျှောက်ထားရေးကုမ္ပဏီ ကတိသစ္စာအဆင့်အတန်းခွဲမှတ်တမ်း)ကို ရေးသားပြုစုကာ မှတ်တမ်းတင်ထားရမည်။

၂၀။ ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီအတွက်လည်း ကတိသစ္စာအဆင့်အတန်း၊ အုပ်ချုပ်မှု အရည်အချင်း၊ လုပ်ငန်းလုပ်ကိုင်နိုင်စွမ်း စသည်တို့ပေါ် မူတည်၍ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်ဟူ၍ ခွဲအုပ်ချုပ်မည်။

၂၁။ ပထမအဆင့်အဖြစ် သတ်မှတ်ထားကုမ္ပဏီအနေဖြင့် အောက်ပါအချက်များနှင့်လည်း ညီညွတ်ရမည်-

(က) ဒုတိယအဆင့်၏ အချက်အလက်များနှင့်ပြည့်စုံ၍ ထိုအဆင့်ကိုတစ်နှစ်အထက်ရရှိပြီးဖြစ်သူ။

(ခ) ဝင်ထွက်ခွင့်ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးချက်လျှောက်ထားရေးကုမ္ပဏီအနေဖြင့် (A) အဆင့်ကတိသစ္စာ အဆင့်အတန်းရရှိထားကာ၊ ထိုအဆင့်ကို တစ်နှစ်အထက် ရရှိပြီးသူဖြစ်ရမည်။

(ဂ) လွန်ခဲ့သောနှစ်က စစ်ဆေးချက် လျှောက်ထားရာတွင် အမှားပါမှု တစ်ရာခိုင်နှုန်း အောက်တွင် ရှိရမည်၊

(ဃ) ကိုယ်စားလှယ်လွှဲလုပ်ငန်း လုပ်ကိုင်ပေးသူအနေဖြင့် လွန်ခဲ့သောနှစ်တွင် လုပ်ပေးခဲ့သော ကိုယ်စား လုပ်ကိုင်မှုအရေအတွက်(သို့မဟုတ်)တန်ဖိုးများမှာ ထိုဒေသတွင်းလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများ၏ ပျမ်းမျှ လုပ်ကိုင်ပြီးစီးမှုအရေအတွက်၊ ပျမ်းမျှတန်ဖိုးအထက်တွင် ရှိနေရမည်။

(င) တစ်နှစ်အတွင်း ပြည်သူ့ဘဏ်၊ ကုန်သွယ်ရေးဌာန၊ အကောက်ခွန်ဌာန၊ အခွန်ဌာန၊ စက်မှုကုန်သွယ်ရေးဌာန၊ နိုင်ငံခြားငွေဌာန စသည်တို့တွင်လည်း နာမည်ပျက်မှတ်တမ်းမရှိသူ (သို့မဟုတ်) ဥပဒေချိုးဖောက်မှုမရှိသူဖြစ်ရမည်။

၂၂။ ဒုတိယအဆင့်အဖြစ်သတ်မှတ်ထားသော ကုမ္ပဏီအနေဖြင့် အောက်ပါအချက်များနှင့်လည်း ညီညွတ်ရမည်-

(က) တတိယအဆင့်၏ အချက်အလက်များနှင့်ပြည့်စုံ၍ ထိုအဆင့်ကို တစ်နှစ်အထက်ရရှိပြီးဖြစ်သူ။

(ခ) ဝင်ထွက်ခွင့်ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးချက်လျှောက်ထားရေးကုမ္ပဏီအနေဖြင့် (B) အဆင့်ကတိ သစ္စာအဆင့်အတန်းရရှိထားကာ၊ အဆင့်ကို တစ်နှစ်အထက်ရရှိပြီးသူဖြစ်ရမည်။

(ဂ) တစ်နှစ်အတွင်း ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနမှ ဒဏ်တပ်မှုမရှိလျှင် (သို့မဟုတ်) ကိုယ်စားလှယ်လုပ်သည့် ကုမ္ပဏီအနေဖြင့် လုပ်ငန်းရပ်တန့်ထားခြင်းခံရမှုမရှိလျှင်။

(ဃ) လွန်ခဲ့သောနှစ်က စစ်ဆေးချက်လျှောက်ထားရာတွင် အမှားပါမှုသုံးရာခိုင်နှုန်း အောက်တွင်ရှိရမည်။

(င) ကိုယ်စားလှယ်လွှဲလုပ်ငန်း လုပ်ကိုင်ပေးသူအနေဖြင့် လွန်ခဲ့သောနှစ်တွင် လုပ်ပေးခဲ့သော ကိုယ်စား လုပ်ကိုင်မှုအရေအတွက် (သို့မဟုတ်) တန်ဖိုးများမှာ ထိုဒေသတွင်းလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများ၏ ပျမ်းမျှ လုပ်ကိုင်ပြီးစီးမှုအရေအတွက်၊ ပျမ်းမျှတန်ဖိုးအထက်တွင် ရှိနေရမည်။

(စ) ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီအနေဖြင့် အချက်အလက်အပြောင်းအလဲများကို အချိန်မီမှတ်တမ်းတင်၊ အသိပေးအကြောင်းကြားမှု လုပ်ရမည်။ ထို့အတူ သတ်မှတ်ထောက်ခံစာများ အသစ်ပြန်လုပ်ရမည်။

(ဆ) သတ်မှတ်ထားသည့်အတိုင်း (ကိုယ်စားလှယ်လုပ်ငန်းမှတ်တမ်း)များကို တင်ပြရမည်။

(ဇ) တစ်နှစ်အတွင်း ပြည်သူ့ဘဏ်၊ ကုန်သွယ်ရေးဌာန၊ အကောက်ခွန်ဌာန၊ အခွန်ဌာန၊ စက်မှု ကုန်သွယ်ရေးဌာန၊ နိုင်ငံခြားငွေဌာနစသည်တို့တွင်လည်း နာမည်ပျက်မှတ်တမ်းမရှိသူ (သို့မဟုတ်) ဥပဒေ ချိုးဖောက်မှုမရှိသူ ဖြစ်ရမည်။

၂၃။ ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့်ကုမ္ပဏီအနေဖြင့် အောက်ပါအချက် (၁) ချက်နှင့်ညီညွတ်ပါက၊ အောက်ပါ အဆင့်(၄)ဆင့်နှင့် အုပ်ချုပ်ရမည်-

(က) ဝင်ထွက်ခွင့်ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးချက်လျှောက်ထားရေး ကုမ္ပဏီကတိသစ္စာအဆင့်အတန်း (B) အောက်တွင်ရှိရမည်။

(ခ) တစ်နှစ်အတွင်းဥပဒေချိုးဖောက်ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာနမှ ဒဏ်တပ်ခံရလျှင်။

(ဂ) လွန်ခဲ့သောနှစ်က စစ်ဆေးချက်လျှောက်ထားရာတွင် အမှားပါမှု ငါးရာခိုင်နှုန်း အထက်တွင်ရှိလျှင်။

(ဃ) ကိုယ်စားလှယ်လွှဲသည့် လုပ်ငန်းလက်ခံသူအနေဖြင့် ပိုးမွှားကင်းရှင်းကြောင်းစစ်ဆေးရေးဌာန အမည်ကို အလွဲသုံးစားလုပ်ကာ ကိုယ်စားလှယ်လွှဲသူထံမှ ကုန်ကျစရိတ် လိမ်ညာတောင်းဆိုမှုပြုပါက။

(င) ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီအနေဖြင့် အချက်အလက်အပြောင်းအလဲများကို အချိန်မီမှတ်တမ်းတင်၊ အသိပေး အကြောင်းကြားမှုမလုပ်လျှင်၊ သတ်မှတ်ထောက်ခံစာများ အသစ်ပြန် မလုပ်လျှင်။

(စ) သတ်မှတ်ထားသည့်အတိုင်း (ကိုယ်စားလှယ်လုပ်ငန်းမှတ်တမ်း)များကို မတင်ပြလျှင်။

(ဆ) စစ်ဆေးရန်လျှောက်သော ကုန်ပစ္စည်းများမှာ ဥပဒေနှင့် ငြိစွမ်းနေကာ၊ ထို့အတွက် ဒဏ်တပ်မှုများ (သို့မဟုတ်) ပိုးမွှားကင်းရှင်းကြောင်း စစ်ဆေးရေးဌာနမှ ပူးပေါင်းဆောင်ရွက်စစ်ဆေးမှုပြုရန် ပြောကြားမှုကို လက်ခံခြင်း မပြုပါက။

၂၄။ ကိုယ်စားလှယ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီအနေဖြင့် အထက်ပါအပိုင်း (၂၄) ပါအချက်များမဖြစ်ခဲ့သော်၊ ထို့အတူ အောက်ပါအချက်များနှင့် ညီညွတ်ခဲ့သော်၊ အောက်ပါအဆင့်သုံးဆင့်နှင့် အုပ်ချုပ်ရမည်။ ပထမဆုံးအကြိမ်မှတ်ပုံတင်ခြင်း၊ ပထမဆုံးအကြိမ်မှတ်ပုံတင်ပြီး အုပ်ချုပ်မှုအမျိုးအစားများ အပြောင်းအလဲရှိလျှင်

(က) ပထမအဆင့်ကုမ္ပဏီသည် ယခင်အုပ်ချုပ်မှုတောင်းဆိုချက်များနှင့် မညီညွတ်တော့လျှင်၊ ဒုတိယ အုပ်ချုပ်မှု အဆင့်နှင့်လည်း မညီညွတ်တော့လျှင်။

(ခ) ဒုတိယအဆင့်ကုမ္ပဏီသည် ယခင်အုပ်ချုပ်မှုတောင်းဆိုချက်များနှင့် မညီညွတ်တော့လျှင်။

**ဆက်လက်ဖော်ပြပါမည်။**

# အလွန်အောင်မြင်သောပဲထွက်နှုန်းသည် အိန္ဒိယ၏မိုဇမ်ဘစ်နှင့် ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရာတွင် လမ်းချော်စေမလား

ပဲထွက်နှုန်းကောင်းမွန်ခြင်းသည် ပုံမှန်အားဖြင့် သတင်းကောင်းဖြစ်သော်လည်း ယခင်နှစ်က အိန္ဒိယ၏မှတ်တမ်းတင် ပဲရိတ်သိမ်းမှုသည်ပြဿနာမြောက်များစွာကို ဦးတည်ခဲ့သည်။ အိန္ဒိယသည် မနှစ်ကမိုဇမ်ဘစ်နိုင်ငံမှပဲစင်းငုံ (arhar) တင်သွင်းခြင်းဆိုင်ရာ ကတိကိုမတည်နိုင်ခဲ့သဖြင့် မိုဇမ်ဘစ်နိုင်ငံမှ အစိုးရတာဝန်ရှိသူများက ဖြေရှင်းချက်ရယူရန် နယူးဒေလီသို့လာရောက်ခဲ့ကြောင်း သိရသည်။



မိုဇမ်ဘစ်နိုင်ငံမှစိုက်ပျိုးသော ပဲစင်းငုံကို ဝယ်ယူရန် လက်မှတ်ရေးထိုးခဲ့သည့်MOU သဘောတူညီချက်စာချုပ်သည် ယခင်နှစ် ဇူလိုင်က အာဖရိကနိုင်ငံအရှေ့ပိုင်းသို့ ဝန်ကြီးချုပ်မိုဒီ၏ အလည်အပတ်ထွက်ခဲ့သော အဓိကရည်ရွယ်ချက်အဖြစ် မြင်သာစေပါသည်။

၂၀၁၆-၂၀၁၇ ခုနှစ်၌ အိန္ဒိယတွင် မှတ်တမ်းတင်ခဲ့သည့်တန် ၂၃ မီလီယံသီးနှံရိတ်သိမ်းမှုနောက်ဆက်တွဲအဖြစ် ပဲဈေးများအလွန် ကျဆင်းမှုနှင့် သွင်းကုန်များ ၆ ဒသမ ၆ မီလီယံအထိ တိုးမြှင့်မှုကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိုဇမ်ဘစ်ထံမှ တန် ၁၂၅၀၀၀ ရှိ ပဲစင်းငုံ တင်သွင်းမှုကို လက်ခံနိုင်ရန် ကတိမတည်နိုင်ဖြစ်ခဲ့သည်။ ယင်းသည် စီးပွားရေး၊ နိုင်ငံရေးဗျူဟာဖြစ်တည်မှု တိုးမြှင့်ရန် ကြိုးပမ်းနေသော အိန္ဒိယ၏ဂုဏ်သိက္ခာကို လွန်စွာထိခိုက်စေခဲ့သည်။

နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးနှင့်သက်ဆိုင်သော ညွှန်ကြားရေးမှူးချုပ်တစ်ဦး၏ အောက်တိုဘာ ၅ ရက်တွင် ထုတ်ပြန်ချက်အရ သွင်းကုန်ကန့်သတ်မှုသည် နှစ်ဦးနှစ်ဖက်/နယ်ပယ်ဒေသနှင့်သက်ဆိုင်သော သဘောတူစာချုပ် (MOU) အောက်တွင် အိန္ဒိယ အစိုးရ၏ သွင်းကုန်ကတိကဝတ်များကို အကျိုးသက်ရောက် မှုမရှိကြောင်း သိရသည်။

သို့ရာတွင် မိုဇမ်ဘစ်နိုင်ငံမှသတင်းများအရ အိန္ဒိယသည် ပဲစင်းငုံတင်သွင်းမှုကိုတာ (quotas) သတ်မှတ်လိုက်၍ သွင်းကုန်များ လွတ်လပ်စွာတင်သွင်းနိုင်ခြင်းမှ ကန့်သတ်တင်သွင်းခြင်းသို့ ပြောင်းလဲခဲ့ပြီး ပဲစင်းငုံတန် ၂၀၀၀၀၀ သာလျှင် ဘဏ္ဍာနှစ်တစ်နှစ်အတွက် တင်သွင်းရမည်ဟု ဥပဒေကန့်သတ်ချက်နှင့်အတူ စာရင်း သွင်းလိုက်သည်ဟု ပြောသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အိန္ဒိယမှ ၎င်းကတိပေးထားသည့်တန် ၁၂၅၀၀၀ အစား တန် ၃၀၀၀၀ သာ တင်သွင်းခွင့်ပေးခဲ့သည်ဟု Club of Mozambique သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားပါသည်။ အိန္ဒိယ၏စားသုံးသူရေးရာဝန်ကြီးဌာန ဝက်ဘ်ဆိုက်ပေါ်တွင် တည်ရှိသော MOU အရ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် အိန္ဒိယသည် ပဲစင်းငုံတန် ၁၂၅၀၀၀ ကို ဝယ်ယူရန် ကတိပြုခဲ့ပြီးဖြစ်သည်။

အိန္ဒိယအစိုးရတာဝန်ရှိသူနှစ်ဦးက မိုဇမ်ဘစ်မှ အစိုးရတာဝန်ရှိသူများသည် MOU စည်းကမ်းချက်ပါ ပဲမျိုးစုံတင်ပို့မှုကိစ္စကို ဆွေးနွေးရန် ရောက်ရှိနေသည်ဟု အတည်ပြုပြောကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပြောရေးဆိုခွင့်ရှိသူ Raveesh Kumar (Instituuto de Cereais Mozambique မှ Mozambican) က အဆိုပါတာဝန်ရှိသူများသည် စားသုံးသူရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် တွေ့ဆုံခဲ့သည်ဟု ပြောသည်။

၎င်းအစည်းအဝေးတွင် အခက်အခဲများအား မည်သို့ဖြေရှင်းခဲ့သည်ကို အတည်မပြုသေးသော်လည်း ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အိန္ဒိယသည် မိုဇမ်ဘစ်၏ အောက်တိုဘာလတွင် ရာသီစတင်မည့် ပဲမျိုးစုံထုတ်လုပ်မှုကို စောင့်ကြည့်နေသည်ဟု

**|ကေခိုင်ကျော်(နှစ်နိုင်ငံ)|**

ပြောခဲ့သည်။ "အိန္ဒိယဟာမိုဇမ်ဘစ်မှ ငါးနှစ်တာ ပဲမျိုးစုံဝယ်ယူရန် ကတိအတိုင်းသွားမယ်။ ဒီနှစ်အတွက် တန် ၁၂၅၀၀၀ ထက်နည်းပြီးတော့ ကျွန်တော်တို့ဝယ်ယူမှာဖြစ်ကောင်း ဖြစ်နိုင်လိမ့်မယ်။ နောက်နှစ်မှာတော့ပိုဝယ်ပြီးတော့ အလျော်အစား လုပ်ပေးမှာပါ "လို့ပြောသည်။

အိန္ဒိယအဆင့်မြင့်ကော်မရှင်နှင့် မိုဇမ်ဘစ်ကော်မရှင်မှ မှတ်ချက်မပေးခဲ့ဘဲ သုံးသပ်သူများက အိန္ဒိယဘက်မှ၎င်း၏သဘော တူညီချက်ကို ထိန်းသိမ်းရန်ဝန်လေးခြင်းသည် ၎င်း၏အာဖရိကနိုင်ငံပေါ်တွင် တည်ဆောက်မည့်တန်ဖိုးရှိသော ချစ်ကြည်ရေးကို ထိခိုက်စေမည်ဟုပြောကြောင်း သိရသည်။

အိန္ဒိယ၏မိုဇမ်ဘစ်နှင့် သဘောတူညီချက်ကို ဂုဏ်သိက္ခာအရ ထိန်းသိမ်းနိုင်စွမ်းမရှိခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်ကြောင်း Jawaharlal Nehru University ရှိ စီးပွားရေးပါမောက္ခ Biswajit Dhar က ပြောသည်။ "မနှစ်က အလားအလာကောင်းတဲ့ ဈေးကွက်တစ်ခုအနေနဲ့ အိန္ဒိယကရောင်းချခြင်းခံရတယ်။ ဒါပေမဲ့ အခုတော့ ကျွန်တော်တို့ပဲမျိုးစုံထုတ်လုပ်မှု ကောင်းတာကြောင့် အခွင့်အလမ်းက ဖယ်ရှားခံလိုက်ရတယ်။ ဒါက အာဖရိကန်မိတ်ဖက်တွေဆီကို အိန္ဒိယအနေနဲ့ အနုတ်လက္ခဏာဆောင်တဲ့ အချက်ပြမှုပို့လိုက်တာပဲ " လို့ သူကပြောသည်။

"ပဲမျိုးစုံထုတ်လုပ်မှုကလည်း တစ်ခါတလေ တက်လိုက် တစ်ခါတလေကျလိုက်နဲ့ မမှန်ဘူး၊ ကျွန်တော်တို့က နှစ်တိုင်းကျိန်းသေ ပမာဏတစ်ခုကို ဝယ်ကိုဝယ်ရအောင်ချည်နှောင်မယ့် MOU ကို လက်မှတ်မထိုးခဲ့သင့်ဘူး။ အကယ်၍ စတင်ကမ်းလှမ်းပြီးမှ ရုတ်တရက်ကြီး ထွက်ပစ်လိုက်ရင် ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်အဖြစ် မြင်နိုင်မှာ မဟုတ်ဘူး"ဟု ထပ်လောင်းပြောခဲ့သည်။

အိန္ဒိယသည် အာဖရိကနိုင်ငံများလွတ်လပ်ရေးလှုပ်ရှားမှုအတွက် ထောက်ခံပေးခဲ့သဖြင့် ၁၉၆၀ ခုနှစ်နှင့် ၁၉၇၀ ခုနှစ်တို့တွင် အာဖရိကတိုက်သို့ အဓိကဩဇာ သက်ရောက်မှုရှိခဲ့သော်လည်း ဂျပန်နှင့် တရုတ်နိုင်ငံများမှ အာဖရိကတိုက်တွင်းသို့ အကူအညီ အထောက်အပံ့များပေးခြင်းနှင့် နိုင်ငံအတွင်း အခြေခံအဆောက်အဦ ပရောဂျက်များတွင် ထိုးဖောက်ဝင်ရောက်လာနေခြင်းကြောင့် အိန္ဒိယ၏ဩဇာ တဖြည်းဖြည်း ကျလာပြီဖြစ်သည်။

နယူးဒေလီသည် အာဖရိကနှင့် ဆက်နွယ်မှုကို ပြန်လည်တည်ဆောက်ရန် India–Africa Summit အားကြိုးစားဆောင်ရွက်လျက်ရှိပြီး ၂၀၀၈ ခုနှစ်တွင် နယူးဒေလီ၌ ပြုလုပ်ခဲ့သော ပထမဆုံး Summit ထက် ပိုမိုလုံ့လစိုက်လျက်ရှိသည်။ ပြီးခဲ့သောသုံးနှစ်အတွင်း အိန္ဒိယသမ္မတ၊ ဒုတိယ သမ္မတနှင့် ဝန်ကြီးချုပ်တို့က ၂၀၂၀ ခုနှစ်တွင် ပြုလုပ်ရန်စီစဉ်ထားသော India-African Summit အတွက် အာဖရိကနှင့် ဆက်နွယ်မှုကိုထိန်းသိမ်းရန် တွက်ချက်ထားသော ခြေလှမ်းတစ်ရပ်အနေနှင့် အာဖရိကသို့ ၁၆ ကြိမ် အလည်အပတ်သွားရောက်ခဲ့ပြီးလည်းဖြစ်သည်။

အာဖရိကသည် အိန္ဒိယအတွက် အရေးကြီးသည်ကို မြင်တွေ့နိုင်ပြီး အိန္ဒိယ၏ ကူးသန်းရောင်းဝယ်ရေးအတွက် အလွန်အရေးပါသည်။

အာဖရိက၏ GDP တိုးတက်လာခြင်းနှင့်အတူ အိန္ဒိယ၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် ၎င်းသည်ဈေးကွက်တစ်ခု ဖြစ်သည်ဟု ယခင် နိုင်ငံခြားရေး အတွင်းရေးမှူး Lalit Mansingh က ပြောသည်။ အထူးသဖြင့် ကုလသမဂ္ဂတွင် နိုင်ငံတကာရေးရာများအတွက် ပို၍ပြောရေးဆိုခွင့်ရှိစေရန် အိန္ဒိယက အားထုတ်နေခြင်းနှင့်အတူ UN လုံခြုံရေးကောင်စီတွင် အိန္ဒိယအတွက် အထောက်အပံ့ရစေရန် အာဖရိကသည် အရေးပါကြောင်း သိရသည်။

❑

## ထိုင်း Exim ဘဏ်သည် ၂၀၁၈ ခုနှစ်တွင် ဘတ် ၁၀၀ ဘီလီယံထုတ်ချေးမည်

ထိုင်းနိုင်ငံပိုင်ဘဏ်ဖြစ်သော Exim ဘဏ်(Export-Import Bank of Thailand) သည် ၂၀၁၈ ခုနှစ်တွင် ချေးငွေစုစုပေါင်းဘတ် ၁၀၀ ဘီလီယံကို ထုတ်ချေးပေးရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။

Exim ဘဏ်၏ လေ့လာမှုအရ ဘဏ်၏ချေးငွေလုပ်ငန်းသည် ၂၀၁၈ ခုနှစ်တွင် ယခင်နှစ်ထက် ၁၂ ရာခိုင်နှုန်းတိုးတက်လာမည် ဖြစ်ကြောင်း၊ ထုတ်ချေးငွေပမာဏနှင့် ချေးငွေရယူသည့် SMEs လုပ်ငန်းအရေအတွက်လည်း တိုးတက်လာရန်မျှော်မှန်းထားကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း စုစုပေါင်းချေးငွေပမာဏဘတ် ၈၅ ဘီလီယံထုတ်ပေးရန်ရည်မှန်းခဲ့ရာ နိုဝင်ဘာလအထိ ထုတ်ချေးပြီးငွေမှာ စုစုပါင်း ဘတ် ၉၀ ဘီလီယံရှိ၍ မျှော်မှန်းချက်ထက်ကျော်လွန်ခဲ့ကြောင်း၊ Exim ဘဏ်အနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် စသည့် CLMV နိုင်ငံများသို့ ထုတ်ကုန်တင်ပို့နေသည့်လုပ်ငန်းများနှင့် ကိုယ့်အားကိုယ်ကိုး၍ အိမ်နီးချင်းနိုင်ငံများ၌ လုပ်ငန်းချဲ့ထွင်နေသည့် လုပ်ငန်းများကို အလေးထား ထုတ်ချေးမည်ဖြစ်ကြောင်း Exim ဘဏ်၏ဥက္ကဋ္ဌ Mr. PisitSerewiwattana က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံတွင် SMEs လုပ်ငန်းအရေအတွက် ၂ ဒသမ ၈ သန်း ရှိပြီး ပို့ကုန်လုပ်ငန်း ဆောင်ရွက်သည့်လုပ်ငန်းအချိုးအစားမှာ တစ် ရာခိုင်နှုန်းမျှသာရှိကြောင်း သိရှိရပါသည်။

Exim ဘဏ်သည် SMEs လုပ်ငန်းစုစုပေါင်း ၂၀၀၀ သို့ငွေချေး ထားသဖြင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်နေသည့် ပြည်တွင်း SMEs စုစုပေါင်း၏တစ်ရာခိုင်နှုန်းရှိကြောင်း၊ Exim ဘဏ်၏ SMEs လုပ်ငန်း များသို့ ထုတ်ချေးငွေသည် စုစုပေါင်းဘတ် ၃၅ ဘီလီယံ သို့မဟုတ် စုစုပေါင်းဘဏ်ထုတ်ချေးငွေ၏ ၄၀ ရာခိုင်နှုန်းဖြစ်၍ တစ်နှစ်ထက်တစ်နှစ် ၁၆ ရာခိုင်နှုန်း တိုးတက်လာသကဲ့သို့ ဘဏ်၏ချေးငွေကို ထုတ်ယူသည့် SMEs လုပ်ငန်းအရေအတွက်လည်း ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေး တိုးတက်မှုနှင့်အတူ ထိုင်းနိုင်ငံ၏ပို့ကုန်ကဏ္ဍသည်လည်း ၅-၈ ရာခိုင်နှုန်း တိုးတက်မှုရရှိမည်ဟု Exim ဘဏ်က ခန့်မှန်းထားပါသည်။

Exim ဘဏ်သည် SMEs လုပ်ငန်းများသို့ ပညာပေးလုပ်ငန်းနှင့် ငွေကြေးထောက်ပံ့မည့် အစီအစဉ်များအား SME ဘဏ် (Small and Medium Enterprise Development Bank of Thailand)နှင့် ပူးပေါင်း ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ Exim ဘဏ်နှင့် SME ဘဏ်တို့ ပူးပေါင်း ဆောင်ရွက်မည့် အစီအစဉ်အရ ချေးငွေရယူလိုသည့် SMEs လုပ်ငန်းအနေဖြင့် လျှောက်လွှာကိုတစ်ကြိမ်တင်ရုံဖြင့် ချေးငွေကို နှစ်ဘဏ်စလုံးမှ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ ချေးငွေယူမည့် SMEs လုပ်ငန်း ၂၀၀၀ ၏ လုပ်ငန်းရှင်များအနေဖြင့်လည်း လေ့ကျင့်သင်တန်း အစီအစဉ်များတွင် ပါဝင်ရန်မျှော်မှန်းထားကြောင်း၊ SME ဘဏ်သည် SMEs လုပ်ငန်းရှင်တစ်ဦးလျှင် အများဆုံးဘတ် ၁၅ သန်းကို ထုတ်ချေးပေးလျက်ရှိပြီး ယင်း SMEs လုပ်ငန်းများသည် Exim ဘဏ်မှလည်း လုံခြုံစိတ်ချရသော ငွေကြေးထောက်ပံ့မှုကို ရရှိကြမည်ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

■

# အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌသစ်အဖြစ် Mr.Jarome Powell ကို အထက်လွှတ်တော်အတည်ပြု

ရင်းနှီးမြှုပ်နှံမှုဘဏ်လုပ်ငန်းရှင်ဟောင်း Mr.Jarome Powellအား အမေရိကန် ဗဟိုဘဏ်အကြီးအကဲသစ်အဖြစ် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်က ဇန်နဝါရီ ၂၃ ရက်က အတည်ပြုပေးလိုက်သည့်အတွက် သမ္မတဒေါ်နယ်ထရမ့် ရွေးချယ်ပေးလိုက်သူ တစ်ဦးသည် ကမ္ဘာတွင် အကြီးမားဆုံး စီးပွားရေးအပေါ် ဩဇာတက္ကမ ကြီးမားသော ရာထူးနေရာတွင် တာဝန်ယူရတော့မည်ဖြစ်သည်။

လက်ရှိဗဟိုဘဏ်အုပ်ချုပ်ရေးမှူးဖြစ်သူ Powell အား ၈၅ မဲ ၁၂ မဲဖြင့် အတည်ပြုပေးလိုက်ပြီဖြစ်ရာ လာမည့်လတွင် လက်ရှိဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင် ရာထူးမှထွက်ခွာမည့် အချိန်တွင် အစားထိုးနေရာယူရန် လမ်းပွင့်သွားပြီ ဖြစ်ပေသည်။

ယယ်လင်နေရာတွင် လူစားထိုးရန်ရွေးချယ်ရာ၌ ထရမ့်သည်ယခင်သမ္မတဟောင်း ဘားရက်အိုဘားမား လိုက်နာခဲ့သော အစဉ်အလာကိုဖောက်ဖျက်ပြီး လက်ရှိဗဟိုဘဏ်ဥက္ကဋ္ဌကို ဆက်လက်ခန့်ထားခြင်းမပြုဘဲ အသစ်ထပ်မံရွေးချယ်ခန့်ထားခဲ့ခြင်းဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ထရမ့်သည် နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးသမ္မတဖြစ်သည်။ Powell အား ခန့်ထားသည်ကို ကြည့်ခြင်းအားဖြင့် ထရမ့်သည် အိုဘားမားခန့်ထားခဲ့သူကို ဖယ်ရှားနိုင်ပြီး တစ်ချိန်တည်းမှာပင် ယယ်လင် အောင်မြင်မှုရရှိခဲ့သော နည်းလမ်းဖြစ်သည့် အတိုးနှုန်းကို ဖြည်းဖြည်းချင်းတိုးပေးသည့်စနစ်ကို ဆက်လက်ကျင့်သုံးမည်ဟု ခန့်မှန်းရကြောင်း ဆန်းစစ်ရေးမှူးတို့က ပြောသည်။

ယယ်လင်သည် ဒီမိုကရက်တစ်တစ်ယောက်ဖြစ်ရုံသာမက အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်၏ ပထမဆုံးအမျိုးသမီးဥက္ကဋ္ဌတစ်ဦးလည်းဖြစ်သည်။ ယယ်လင်သည် ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပြီးနောက် ပြဋ္ဌာန်းခဲ့သော ထိန်းချုပ်ရေးနည်းဥပဒေများကို ကာကွယ်သူဖြစ်သည့်အတွက် လက်ရှိအိမ်ဖြူတော်က ကျင့်သုံးနေသည့် ထိန်းချုပ်မှုလျှော့ချရေးအစီအစဉ်နှင့် ဖီလာဆန့်ကျင်လျက်ရှိသည်။

အသက် ၆၄ နှစ်ရှိပေါင်းဝဲသည် အမေရိကန် အုပ်ချုပ်ရေးမှူးအဖြစ် ၂၀၁၂ ခုနှစ်က ခန့်ထားခြင်းခံရသူဖြစ်သဖြင့် အထက်လွှတ်တော်၏ အတည်ပြုချက်ကို ရယူခဲ့ဖူးသူဖြစ်သည်။ ထိုအချိန်မှစ၍ သူသည် ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို မည်သည့်အချိန်ကမှ ဆန့်ကျင်မှုမရှိခဲ့ပေ။ Powell သည် နိုင်ငံရေး အယူအဆမျှတသူတစ်ဦးဖြစ်ပြီး ဗဟိုဘဏ်အတိုးနှုန်းကိုလည်း လျင်မြန်စွာတိုးပေးလိုသည့် အခြေအနေမရှိသော်လည်း ဝေါစရိကကာလရှည်ကြာစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ဘဏ္ဍာရေးထိန်းချုပ်မှုများလျှော့ချရေး ကြိုးပမ်းချက်များကိုလည်း လိုလိုလားလား လက်ခံသူတစ်ဦးလည်းဖြစ်သည်။

■

## ကုန်ထုတ်လုပ်မှုကို ဦးစားပေးရန် ချေးငွေဘဏ်များကို ဗီယက်နမ်ဗဟိုဘဏ်တိုက်တွန်း

ချေးငွေလုပ်ငန်းများနှင့် နိုင်ငံခြားဘဏ်ခွဲများသည် ငွေများကို ထုတ်ချေးသောအခါ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအား ဦးစားပေးဆောင်ရွက်ရန် ဗီယက်နမ်ဗဟိုဘဏ်က တိုက်တွန်းပြောကြားသည်။

ငွေထုတ်ချေးရန်သတ်မှတ်ထားသော ရည်မှန်းချက်ပြည့်မီရန် ချေးငွေလုပ်ငန်းများအား တင်းကျပ်စွာထိန်းချုပ်သွားရန် ဇန်နဝါရီ ၂၄ ရက်တွင် ဗဟိုဘဏ်ကအမိန့်ထုတ်ပြန်ထားသည်။ ၂၀၁၈ ခုနှစ်အတွက် ချေးငွေ ဖွံ့ဖြိုးရေး ရည်မှန်းချက်ကို ၁၇ ရာခိုင်နှုန်းတိုးတက်ရန်ရည်မှန်းထားရာ ၂၀၁၇ ခုနှစ်ကရရှိခဲ့သော ဖွံ့ဖြိုးတိုးတက်နှုန်းဖြစ်သည့် ၁၈ ဒသမ ၁၇ ရာခိုင်နှုန်းအောက် ကျဆင်းခဲ့သည်။

ချေးငွေသစ်များကို ကြွေးဆုံး အဖြစ်ရောက်ရှိမသွားအောင် ကာကွယ်နိုင်ရန်အတွက် ချေးငွေလုပ်ငန်းများတိုး ချဲ့ဆောင်ရွက်သောအခါ အရည်အသွေးပြည့်ဝသောချေးငွေဖြစ်လာအောင် ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် ချေးငွေများကိုထုတ်ချေးရာတွင် အိမ်ခြံမြေနှင့်အာမခံစာချုပ်များ ကဲ့သို့သော စွန့်စားမှုမြင့်မားသည့်ကဏ္ဍများတွင် ဆောင်ရွက်သည့်အခါ ကန့်သတ်ဆောင်ရွက်ရန်လိုကြောင်း ဗဟိုဘဏ်ကတိုက်တွန်းထားသည်။ ဗဟိုဘဏ်သည် အိမ်ခြံမြေစီမံကိန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၏ဘဏ္ဍာရေးအခြေအနေနှင့် အပေါင်ခံပစ္စည်းများ၏အခြေအနေကို အနီးကပ် ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

စားသုံးသူချေးငွေများ၏ အရည်အသွေးကိုစီမံခန့်ခွဲရာတွင် တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပြီး စားသုံးသူချေးငွေများကို အိမ်ခြံမြေနှင့် စာချုပ်စာတမ်းဈေးကွက်များတွင် ရင်းနှီးမြှုပ်နှံမှုကို တားဆီးကာကွယ်သွားရမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။ ချေးငွေများကိုထုတ်ချေးရာတွင် လယ်ယာစိုက်ပျိုးရေး၊ ကျေးလက်၊ ပို့ကုန်နှင့် ကုန်ပစ္စည်းပေးသွင်းမှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သည့် နည်းတူ စီးပွားရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် နည်းပညာများကို အသုံးပြုသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကိုလည်း ထုတ်ချေးရန်လိုကြောင်း ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

## စင်ကာပူနိုင်ငံက ၂၀၂၀ ပြည့်နှစ်အထိ ကျွမ်းကျင်အတတ်ပညာရှင် အလုပ်အကိုင်ငါးထောင်ကျော် နှစ်စဉ်ဖော်ထုတ်မည်

ကျွမ်းကျင်မှုအတတ်ပညာရှင်လုပ်ငန်းကဏ္ဍကို တိုးမြှင့်ပေးမည့်လမ်းညွှန်ချက်အသစ်အရ စင်ကာပူနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အထိ နှစ်စဉ် အတတ်ပညာရှင်၊ မန်နေဂျာ၊ အမှုဆောင်နှင့် နည်းပညာရှင် (PMET) များအတွက် အလုပ်အကိုင် ၅၅၀၀ ကျော်ကို ဖော်ထုတ်သွားမည်ဖြစ်သည်။

ယင်းကဏ္ဍအတွက် ချမှတ်ထားသောစက်မှုလုပ်ငန်းပြုပြင်ပြောင်းလဲရေးလမ်းညွှန်မှုတွင် အချက်အလက်ရှာဖွေရေးသိပ္ပံပညာ၊ လေ့လာဆန်းစစ်မှုနှင့် အဆင့်မြင့်ကွန်ပျူတာမှတ်ဉာဏ်ဖြစ်သည့် Artificial Intelligence တို့ကဲ့သို့သော အဆင့်မြင့်ကျွမ်းကျင်မှုများကို အလုပ်သမားများအား လေ့ကျင့်မှုပေးမည့် အစီအစဉ်လည်းပါဝင်သည်။ အစီအစဉ်၏ရည်မှန်းချက်မှာ အတတ်ပညာရှင်ဆိုင်ရာလုပ်ငန်းများကို နှစ်စဉ် ၄ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်ပြီး ၂၀၂၀ ပြည့်နှစ်တွင် တန်ဖိုးမြှင့်ထုတ်လုပ်မှု အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံအထိရောက်ရှိအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း ဥပဒေနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝါရင့်ဝန်ကြီး အင်ထရိနီရာဂျာကပြောသည်။

အင်ဒရာနီးသည် မီဒီယာနှင့် ဒစ်ဂျစ်တယ်ဈေးကွက်မှာ ဆက်သွယ်ရေးအုပ်စုဖြစ်သော ဒန်းဆုအေးဂျစ်နက်ဝပ်အေဂျင်စီ၏ အာရှပစိဖိတ်ရုံးချုပ် ဖွင့်လှစ်ပွဲဖြစ်သည့် ဇန်နဝါရီ ၂၄ ရက်က ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

အတတ်ပညာဆိုင်ရာလုပ်ငန်းများတွင် ဗိသုကာနှင့် အင်ဂျင်နီယာလုပ်ငန်းများ၊ အတိုင်ပင်ခံစာရင်းကိုင်၊ ဥပဒေရေးရာနှင့်ကြော်ငြာလုပ်ငန်းများ ပါဝင်သည်။ ယင်းစီးပွားရေးလုပ်ငန်းများတွင် ပါဝင် အလုပ်လုပ်ကိုင်နေသူ ဦးရေမှာ ၂၀၁၆ ခုနှစ်က ၂၃၀၀၀၀ ရှိပြီး စုစုပေါင်းတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၅ ဘီလီယံ သို့မဟုတ် ထိုနှစ်က စင်ကာပူ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး၏ ၆ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်။

စီးပွားရေးလုပ်ငန်းပြုပြင်ပြောင်းလဲရေးလမ်းညွှန်မှုတွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြည်ပဈေးကွက်ချဲ့ထွင်ရေး၊ ကုမ္ပဏီများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလွယ်ကူချောမွေ့စေရေးနှင့်အဓိကကျသော ဒစ်ဂျစ်တယ် လုပ်ငန်းဆောင်ရွက်သော ကုမ္ပဏီများနှင့် လုပ်သားများလုပ်ငန်းဆောင်ရွက်ရာတွင် အကူအညီပေးရေးစသည့် အစီအစဉ်များပါဝင်သည်။

အစိုးရသည် တီထွင်ဆန်းသစ်မှုလုပ်ငန်းများ ထူထောင်ရာတွင် စီးပွားရေးလုပ်ငန်းများနှင့် အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် 'ပံ့ပိုးကူညီမှုအပိုင်း' ကိုတာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း မစ္စအင်ဒရာနီးကပြောသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဂူးဂဲ၊ ဂရက်နှင့် အဒိုဘီ စသည့်ကုမ္ပဏီတို့ ပါဝင်ပြီး ဈေးကွက်တီထွင်ဆန်းသစ်မှုအတွက် ကုမ္ပဏီများက ဒေတာအချက်အလက်များကို အသုံးပြုရာတွင်အကူအညီ ပေးသွားမည်ဖြစ်သည်။

ဖောက်သည်များနှင့်ဆောင်ရွက်ရာတွင် အတတ်ပညာဆိုင်ရာလုပ်ငန်းများ၏ လုပ်ကိုင်ဆောင်ရွက်သည့်နည်းစနစ်ကို နည်းပညာအရပြုပြင်ပြောင်းလဲပေးသည့်အတွက် ယင်းကဏ္ဍကိုလည်း ပြောင်းလဲလာသော နည်းပညာမှ ရရှိလာမည့် အကျိုးစီးပွားကိုရရှိခံစားနိုင်အောင် ပြောင်းလဲရန်လိုကြောင်း မစ္စအင်ဒရာနီးက ပြောသည်။

■

## တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းကြီးများ၏ မတရားအနိုင်ကျင့်မှုကို ထိန်းချုပ်မည်

စီးပွားရေးလုပ်ငန်းကြီးများ၏ ဈေးကွက် မတရားလွှမ်းမိုးထားမှုကို အလေးပေး၍ထိန်းချုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ်တွင်တရားမျှတမှုရှိသော စီးပွားရေးလုပ်ငန်းအလေ့အကျင့်များမြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ ကော်ပိုရေးရှင်းများ ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့ ဖြစ်သော တရားမျှတမှုရှိသော ကုန်သွယ်ရေးကော်မရှင် (Fair Trade Commission) က ပြောသည်။

အထူးသဖြင့် FTC သည်ဈေးကွက်လွှမ်းမိုးနိုင်မှုကိုအခွင့်ကောင်းယူ၍ စီးပွားရေးလုပ်ငန်းများ၏မတရားအနိုင်ကျင့်မှုနှင့်တစ်ဆင့်ခံကန်ထရိုက်များနှင့်အသေးစားစီးပွားရေးလုပ်ငန်းများ အပေါ် မတန်တဆဖိအားပေးမှုများကို အနီးကပ် စောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။

စောစောပိုင်းကလည်း FTC သည် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပါက တရားဥပဒေနှင့် မညီညွတ်သောဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်သော အမှန်တကယ်ဆုံးရှုံးမှု၏သုံးဆအထိ ပြစ်ဒဏ်ချမှတ်မည့် အစီအစဉ်ကို ကြေညာခဲ့သည်။ ထိုကဲ့သို့ တရားဥပဒေနှင့်မညီညွတ်သောဆောင်ရွက်မှုများတွင် ရောင်းဝယ်ရေးစင်တာကြီးများနှင့် ယင်းတို့၏ စီးပွားဖက်များအကြား မကြာခဏ ဖြစ်ပွားတတ်သောတရား မျှတမှုမရှိသည့်




ငွေပေးချေမှုနှင့် ပေးသွင်းသော ကုန်စည်များကို လျှော့ချမှုများလည်း ပါဝင်သည်။

ယင်းကဲ့သို့သော ဆောင်ရွက်မှုများတွင် ကုမ္ပဏီကြီးများသည် တရားမျှတမှုမရှိသော စီးပွားရေးအလေ့အကျင့်များကို တိုးတက်အသုံးပြုနိုင်ရန်အတွက် ၎င်းတို့၏ဈေးကွက်အပေါ် လွှမ်းမိုးနိုင်သည့်အနေအထားကို အခွင့်ကောင်းယူကာ အသုံးပြုကြသည်။

လုပ်ဖော်ကိုင်ဖက်လုပ်ငန်းငယ်ကလေးများအား တရားမျှတမှုမရှိသော တောင်းဆိုမှုများဖြင့်သီးခြားပဋိညာဉ်စာချုပ်ချုပ်ဆိုမှုများကို မပြုလုပ်ရန် ကုမ္ပဏီကြီးများအား FTC က တားမြစ်ထားသည်။

အလားတူပင် ကန်ထရိုက်လုပ်ငန်းကြီးများသည် ငွေပေးချေမှုနောက်ကျခြင်း သို့မဟုတ် အသေးစားစီးပွားရေးလုပ်ငန်းများအား ဆောက်လုပ်ရေးလုပ်ငန်းများမှတစ်ဆင့်ခွဲဝေအပ်နှံရာတွင် ဈေးနှုန်းများအဆမတန်လျှော့ချခိုင်းစေလျက်ရှိကြောင်း စွပ်စွဲမှုများရှိသည်။ ယင်းသို့သော အပြုအမူများက တစ်ဆင့်ခံကန်ထရိုက်များ၏ စီးပွားရေးအခြေအနေကိုအခက်အခဲများဖြစ်ပေါ်စေပြီး တစ်နိုင်ငံလုံး၏ စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်ကြောင်း အချို့က ဝေဖန်ကြသည်။

ဉာဏ်တင်စုစည်းတင်ပြသည်။

# MYANMAR PADAUK TRADING CO., LTD.

မြန်မာနိုင်ငံတစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။

| KORYO CABLE | CONTINENTAL | CADI-SUN | EMG CABLE & WIRE | N.I.Ü ELEC | JEWAY |
|---|---|---|---|---|---|
| Made in Korea | Made in Korea | Made in Vietnam | Made in Korea | Made in China | Made in China |

IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံ တစ်ဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။



**Available Items**

- Building Wire
- Underground Cable
- Overhead Cable
- High Quality & Long Term Quality Control
- Resonable Price for Customer
- International Standard & Certified for Safety
- We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor

Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784

Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366

Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664

Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002

Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72

Email : epshowroom@myanmarpadauk.com    Website : www.myanmarpadauk.com

# AUTO MAN
## Quick Service Center

**Auto Man Quick Service Center ဆိုရင် customer တွေက စိတ်ချတယ်။**

- အင်ဂျင်ပါဝါအလိုက် Service ပြုလုပ်ပေးခြင်း
- ကားလေအေးပေးစက် ပြုပြင်ခြင်း
- ကားရေဆေးခြင်း၊ အရည်အသွေးမြင့်မားကောင်းမွန်သော ဥရောပထုတ်ပစ္စည်းများဖြင့် စက်ပေါ်လစ်တင်ခြင်း
- စက်ချောဆီ လဲလှယ်ခြင်း (အင်ဂျင်ဝိုင်၊ ပါဝါဆီ၊ ဘရိတ်ဆီ၊ Auto ဆီ၊ ဂီယာဝိုင်၊ ကရောင်းဝိုင်)
- ကားအောက်ပိုင်းကြံ့ခိုင်ရေး စစ်ဆေးပြုပြင်ပေးခြင်း
- ဘရိတ်ရှူးပြုပြင် လဲလှယ်ခြင်း
- 3D အလိုင်းမင့် ချိန်ခြင်း
- Spark Plug လဲလှယ်ခြင်း
- တာယာပြုပြင် လဲလှယ်ခြင်း
- ဘက္ထရီပြုပြင် လဲလှယ်ခြင်း





**AUTO MAN Car, Bus & Truck Center**

များအား ကရင်ပြည်နယ် မြဝတီမြို့နှင့် ရန်ကုန်မြို့ အမှတ် (၃)လမ်းမကြီး ပုလဲလမ်းဆုံအနီးတို့တွင် မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း ကြိုတင် အသိပေးအပ်ပါသည်

- No(75/77), Upper Pansoden Road, Mingalar Taungnyunt Township Yangon, Myanmar.
  Ph: +95 1 374953 , +95 9 258607940
- No(331/332/333), Thit Sar Road, 9 Quater, South Okkalapa Township, Yangon, Myanmar
  Ph: +95 9 26240 5457
- Junction (Nay Pyi Taw), Hotel Zone, Yarza Thingaha Main Road, Zabu Thiri Township, Nay Pyi Taw.
  Ph : +95 9 4459 45922, 09 767166169
- No(53/52-53/60) Laydaungkan Road, Near BOC Bus Stop, (G/B Block) Thingunkyun Township, Yangon.
  Ph : +09451565560,09790999892



Pansodan Center



Thitsar Street Center



Nay Pyi Taw Center

# JPCTRADE
Japanese Partner for your Car

- လေလံချိန်နီးကပ်သည်အထိ ဈေးတင် / ဈေးပြောင်း၍ရခြင်း။
- ပြောင်းလဲထားသော လေလံဈေးနှုန်းများကို ပြန်လည်စစ်ဆေးနိုင်ခြင်း။
- **Win-All, Win-One, Win-Two** အစရှိသဖြင့် စိတ်တိုင်းကျအုပ်စုဖွဲ့နိုင်ခြင်း။
- လေလံတင်ရန် စာရင်းသွင်းထားသောကားများအား ဘာသာပြန်ပေးခြင်း။
- ကား အတွင်းအပြင်ဓာတ်ပုံများ ဝေဝေဆာဆာ ဖော်ပြထားခြင်း။
- လေလံစဆွဲချိန်မှ သင်္ဘောတင်ပြီး **BL**လက်ဝယ်ရရှိချိန်အထိ အဆင့်ဆင့်ကို မိမိကွန်ပျူတာတွင် အစအဆုံး **Live** မြင်တွေ့နိုင်ခြင်း။
- အချိန်မရွေး **Invoice** နှင့် ငွေအဝင်အထွက်စာရင်းများ စစ်ဆေးရယူနိုင်ခြင်း။
- စာရွက်စာတမ်း။ **(BL / Invoice / Export Certificate) Copy** များကိုလည်း ကြိုတင်ကြည့်ရှုနိုင်ခြင်း။
- သင်္ဘောကုမ္ပဏီအတွက် လိုအပ်သောအချက်အလက်များ **(SI)** ဖြည့်ပေးခြင်း။

**FREE Register here :**
**www.jpctrade.com**



Japan-Myanmar
Sales Team Hotline
+81-80-2392-7433

# ICHIBAN
JAPANESE NO.1 MOTOR OIL

ဂျပန်ပြည်တွင်းသုံး အဆင့်မြင့် အင်ဂျင်ဝိုင် နှင့် အင်ဂျင်ဝိုင်အားဖြည့်ဆီ



POWERED BY JPCTRADE

- ခွန်အားကောင်းသည့်မြင့်မားသော SEALING EFFECT ကြောင့် TORQUE POWER မြင့်တက်လာပြီး အင်ဂျင်လည်ပတ်မှုအားပိုကောင်းစေခြင်း။
- အင်ဂျင်အတွင်းနေရာအနှံ့စိမ့်ဝင်ပျံ့နှံ့မှုအားကောင်းပြီး VISCOELASTICITY မြင့်မားမှုကြောင့် DRY START မဖြစ်အောင်ကာကွယ်ပေးနိုင်ပြီး အင်ဂျင်အစိတ်ပိုင်းများကိုလည်း သန့်ရှင်းစေခြင်း။ ဖက်ပရွတ်အစိတ်အပိုင်းများပျက်စီးယိုယွင်းမှုကိုကာကွယ်ပေးပြီး ဆတိုးအကျိုးသက်ရောက်မှုကြောင့်
- အင်ဂျင်သက်တမ်းကိုကြာရှည်စေခြင်း။

**Yangon Branch**
Room No.102, 1st Floor, 212 Shwegondine Tower,
Bahan Township, Yangon.
TEL : +95 9 977253396, +95 9 456606556, +95 9 253244460

**Mandalay Branch**
No.3-12/91, corner of 63rd x 40th St,
Mahar Aung Myay Township, Mandalay.
TEL : +95 9 254922299, +95 9 421096025

# Hisense
life reimagined



. Ranked No.1 for **Customer Satisfaction** in Australia
. Won **National Quality Award** twice in China
. Honoured of **Value Innovation Award**

Distributed by
**SEIN WUT HMON CO., LTD.** No.233, Corner of 10th Street and Anawrathta Rd, Lanmadaw TSP, Yangon. 01 - 227 930 , 212 134 swh.com.mm HisenseMyanmar

# COMMERCE INTERNATIONAL

## တီထွင်ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်ကိုရီးယားနိုင်ငံက ပိုမိုရင်းနှီးမြှုပ်နှံမည်

တီထွင်ဖန်တီးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စတုတ္ထစက်မှုတော်လှန်ရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကြီးကြပ်ထိန်းကွပ်မှုကို သိသိသာသာလျှော့ချရန် နည်းလမ်းရှာဖွေလျက်ရှိပြီး အကြီးစားရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ထူထောင်ရန် တောင်ကိုရီးယားနိုင်ငံက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ပြောကြားချက်ကို ကိုးကား၍ ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

စတုတ္ထစက်မှုတော်လှန်ရေးတွင် ဒစ်ဂျစ်တယ်၊ ဇီဝဗေဒနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဉာဏ်ရည်တု (Artificial Intelligence) စသည့် နယ်ပယ်အသီးသီးတို့ အကျုံးဝင်သော နည်းပညာများပါဝင်သည်။ ယင်းနည်းပညာရပ်များကို ပေါင်းစည်းပေးခြင်းဖြင့် စီးပွားရေးနှင့် လူမှုရေးစနစ်သစ်ကိုဖန်တီးပေးနိုင်သည်။

စတုတ္ထစက်မှုတော်လှန်ရေးကာလတွင် ရှေ့သို့ချီတက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းသစ်များနှင့် နည်းပညာသစ်များကို တားဆီးပိတ်ပင်နေသော ကြီးကြပ်ထိန်းကွပ်မှုများကိုလျှော့ချရန် ထိရောက်သော အစီအမံများကို ချမှတ်သွားမည်ဖြစ်ကြောင်း အစိုးရကပြောသည်။

အမျိုးသားလွှတ်တော်ကော်မတီသို့ တင်ပြသော အစီရင်ခံစာတွင် အစိုးရသည် စတုတ္ထစက်မှုတော်လှန်ရေးကို ဆောင်ရွက်နိုင်ရန် ပြုလုပ်သည့် သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ယခင်နှစ်က ဝမ်ဘီလီယံ ၃၀၀ သာ သုံးစွဲခဲ့ရာမှ ယခုနှစ်တွင် ဝမ် ၁ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ)ကို အသုံးပြုမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောသည်။

စောစောပိုင်းကလည်း အစိုးရသည် ထူထောင်စလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေကို ယခုနှစ်တွင် ဝမ် ၂ ဒသမ ၆ ထရီလီယံအထိ အသုံးပြုမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ကြေညာထားသည်။ ၂၀၂၀ ပြည့်နှစ်အထိသုံးစွဲရန် အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဝမ် ၁၀ ထရီလီယံအနက် ပထမသုတ်အဖြစ် အသုံးပြုခြင်းဖြစ်သည်။လာမည့်သုံးနှစ်အတွင်း တီထွင်ဖန်တီးမှုလုပ်ငန်းသစ်များနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများ ဖော်ဆောင်ရေး၊ ကောင်းမွန်သော စီးပွားရေးအခြေအနေကို ဖန်တီးရန်နှင့် ဖွံ့ဖြိုးရေးအင်ဂျင်သစ်ကို တည်ဆောက်နိုင်ရေးအတွက် ဝမ်ထရီလီယံ ၃၀ အသုံးပြုမည်ဖြစ်ကြောင်း အစိုးရကပြောသည်။ ၂၀၂၀ ပြည့်နှစ်အထိ အသုံးပြုရန် အဆိုပြုထားသော ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဝမ် ၁၀ ထရီလီယံအနက် အစိုးရက ဝမ် ၃ ဒသမ ၇ ထရီလီယံ စိုက်ထုတ်ပြီး ကျန်ဝမ် ၆ ဒသမ ၃ ထရီလီယံကို ပုဂ္ဂလိကကဏ္ဍမှ ထောက်ပံ့သွားမည်ဖြစ်သည်။

စွမ်းဆောင်ရည်ရှိသူများ လုပ်ငန်းကဏ္ဍအတွင်းသို့ ဝင်ရောက်လာစေရန်အတွက် တည်ထောင်စလုပ်ငန်းများ၏ အမြတ်ခွန်များကို အစိုးရက လျှော့ချပေးသွားမည်ဖြစ်သည်။

ဉာဏ်တင် စုစည်းသည်



## လုပ်ခမြင့်တက်မှုကြောင့် ထိခိုက်ခံရသည့် SMEs များအတွက် ထိုင်းနိုင်ငံတွင် အခွန်သက်သာခွင့် အဆိုပြု

မကြာသေးမီက အဆိုပြုထားခဲ့သော အနိမ့်ဆုံးနေ့စားလုပ်ခ မြင့်တက်မှုကြောင့် ထိခိုက်မှုကိုခံစားရသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) အတွက် အခွန်များကို ထပ်မံလျှော့ချပေးဦးမည်ဟု ထိုင်းနိုင်ငံဘဏ္ဍာရေးဝန်ကြီး အပီဆက်တန်တီမိုရာဝေါင်က ကတိပြုခဲ့ကြောင်း နေးရှင်းသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် အနိမ့်ဆုံး နေ့စားလုပ်ခကို ယခင်နေ့စား လုပ်သားလုပ်ခထက် ငါးရာခိုင်နှုန်းတိုးမြှင့်၍ ပေးခဲ့သည်။ ထိုသို့တိုးပေးသည့်အတွက် ထိခိုက်ခံရသော SMEs ကို ကူညီရန်ဆောင်ရွက်ထားသည့် အခွန်အကောက်အစီအစဉ်ကို ဝန်ကြီးအဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် အပီဆက်ကပြောသည်။

နယ်မြေဒေသ အခြေအနေအပေါ်မူတည်၍ အနိမ့်ဆုံး နေ့စားလုပ်ခကို ၅ ဘတ်မှ ၂၂ ဘတ်အကြား တိုးပေးရန် အစိုးရ၏အစီအစဉ်နှင့် ထိုသို့တိုးမြှင့်ပေးသည့်အတွက် ကုန်ကျစရိတ်မြင့်တက်မှုကြောင့် အသေးစားစီးပွားရေးလုပ်ငန်းများအား ထိခိုက်နိုင်မှုအခြေအနေတို့အတွက် ဝေဖန်မှုများထွက် ပေါ်လာပြီးနောက် အပီဆက်က ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

နှစ်စဉ်ဝင်ငွေ ဘတ်သန်း ၁၀၀ ထက်မကျော်သော အက်စ်အမ်အီးများသည် အခွန်သက်သာခွင့်ကို ခံစားရမည်ဖြစ်ကြောင်း အပီဆက်ကပြောသည်။ ကုမ္ပဏီများသည် နေ့စားလုပ်ခ တိုးပေးရသည့်အတွက် တိုးလာသောကုန်ကျစရိတ်ကို ၎င်းတိုးပေးရသည့်ပမာဏ၏ ၁ ဒသမ ၁၅ ဆနှုန်းဖြင့် အခွန်ထမ်းဆောင်ရမည့်စာရင်းမှ နုတ်ပယ်ခွင့်ပေးထားကြောင်း သူကပြောသည်။

ယင်းသို့ အကူအညီပေးသည့်အတွက် နေ့စားလုပ်ခတိုးလာမှုကြောင့် ဖြစ်ပေါ်လာသည့်ကုန်ကျစရိတ်၏ ထက်ဝက်ကို အစိုးရက ထောက်ပံ့ကြေးပေးသည့်သဘောဖြစ်သည်။ နေ့စားလုပ်ခကို ၂၂ ဘတ်တိုးပေးသော SMEs တစ်ခုသည် အစိုးရထံမှ တစ်ယောက်ကို တစ်ရက် ၁၁ ဘတ်နှုန်းရမည့်သဘောရှိကြောင်း ပြည်နယ်တစ်ခုတွင် လုပ်ငန်းလုပ်ကိုင်နေသော SMEs တစ်ခုကို နမူနာထား၍ ဝန်ကြီးကပြောသည်။ နေ့စားလုပ်ခ တိုးမြှင့်ရန် အဆိုပြုချက်နှင့် အခွန်ကောက်ခံမှုအစီအစဉ်ကို လာမည့်ရက်သတ္တပတ်တွင် အစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်သည်။

စက်မှုလုပ်ငန်းဝန်ကြီး အွတ်တမာဆာဗာနာယာနာကလည်း နေ့စားလုပ်ခ တိုးမြှင့်ပေးသည့်အတွက် ထိခိုက်ခံရသော SMEs များအတွက် သက်သာခွင့်အစီအမံများကို ဇန်နဝါရီ ၂၉ ရက်တွင် ကုန်သည်ကြီးများအသင်းနှင့် ပုဂ္ဂလိကကဏ္ဍမှ အခြားကိုယ်စားလှယ်များနှင့် ဆွေးနွေးမည်ဖြစ်သည်။

စက်မှုလုပ်ငန်းမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်း ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုကဏ္ဍမှ SMEs ၂ ဒသမ ၅ သန်းအတွက် စိုးရိမ်မိကြောင်းနှင့် အထူးသဖြင့် အနိမ့်ဆုံးနေ့စားလုပ်ခ ခံစားခွင့်ရသော အလုပ်သမားများအပေါ် မှီခိုနေရသည့်ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ပူပန်မိကြောင်း သူကပြောသည်။

## RCEP ဆွေးနွေးမှုများကို ယခုနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန် အာဆီယံအဖွဲ့က ကတိပြု

အာဆီယံဒေသသည် အာဆီယံနိုင်ငံခေါင်းဆောင်များ၏ တာဝန်ပေးချက်အရ ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership -RCEP) ကို ယခု နှစ်အတွင်း အပြီးသတ်ဆောင်ရွက်ရန် သန္နိဋ္ဌာန် ချမှတ်ထားကြောင်း အထွေထွေအတွင်းရေးမှူးချုပ် ဒါတိုလင်းဂျော့ဟွိုင်၏ ပြောကြားချက်ကို ကိုးကား၍ ဘနားမားသတင်းတွင် ဖော်ပြသည်။

RCEP သည် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန် စသည့် ကုန်သွယ်ဖက်ခြောက်နိုင်ငံ တို့ ပါဝင်သည်။

“ဒီနှစ်ထဲမှာ RCEP စေ့စပ်ညှိနှိုင်းမှုတွေကိုအပြီးသတ်ဦးစားပေးဆောင်ရွက်ဖို့ အာဆီယံအဖွဲ့က ဆုံးဖြတ်ထားပြီး ဖြစ်ပါတယ်”ဟု ဇန်နဝါရီ ၂၃ ရက်တွင် နယူးဒေလီ၌ ကျင်းပသော အာဆီယံအိန္ဒိယ စီးပွားရေးကွန့်ဖရင့်တွင် ယင်းကပြောသည်။

RCEP ဆွေးနွေးပွဲများကို ၂၀၁၂ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး စာချုပ်ကိုအပြီးသတ်ချုပ်ဆိုနိုင်မည်ဆိုပါက လူဦးရေ ၃ ဒသမ ၅ ဘီလီယံရှိသော လွတ်လပ်စွာ ကုန်သွယ်မှုနယ်မြေတစ်ခုကို ဖန်တီးနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အာဆီယံဒေသ၏ ဆဋ္ဌမမြောက် အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး RCEP သဘောတူညီချက်ကြောင့် အာဆီယံဒေသ၏ ကုန်သွယ်မှုလုပ်ငန်းသည် ထူးထူးခြားခြား မြင့်တက်လာနိုင်သည်။ RCEP အကောင်အထည်ဖော်ရေးအတွက် ဆက်လက်ဆောင်ရွက်နေသော ညှိနှိုင်းဆွေးနွေးမှုများသည် အာဆီယံဒေသ၏ ပြင်ပဆက်ဆံရေးအတွက် အဓိကအချက်အချာအဖြစ်တည်ရှိနေကြောင်း ယင်းကပြောသည်။

ကမ္ဘာ့လူဦးရေ၏ ထက်ဝက်၊ ကမ္ဘာ့ကုန်သွယ်မှု၏ ၃၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု၏ ပဉ္စမအဆင့်တွင် ရောက်ရှိနေသည့်အတွက် RCEP သည် အလုပ်အကိုင် ဖန်တီးရန်၊ စီးပွားရေးတိုးတက်မှုနှင့် အလုံးစုံပါဝင်သော ဖွံ့ဖြိုးမှုကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် တီထွင်ဆန်းသစ်မှုကို မြှင့်တင်ရန် ကြီးမားသော အလားအလာများကို ဖန်တီးပေးသည်။